www.burmeseclassic.com

# ဗုဒ္ဓဘာသာ၏ ပါရဂူ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# ပါရဂူ

ရောဝတီတိုင်း ဟင်္သာတမြို့နယ် သန္တသနော့ကျေးရွာတွင် အဖ ဦးဘစော၊ အမိ ဒေါ်မေတုတ်တို့မှ ၁၂၈၃ ခု၊ တန်ဆောင်မုန်း လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့တွင် မွေးဖွားသည်။အမည်ရင်း ဦးလှကြိုင် ဖြစ်သည်။

သန္တသနော့ကျေးရွာ မူလတန်းကျောင်း၌ စတုတ္ထတန်းအထိ ပညာသင်ယူခဲ့သည်။၁၁ နှစ် အရွယ်တွင် ရှင်သာမဏေ ဝတ်သည်။၁၅ နှစ်တွင် ပထမငယ်၊၁၆ နှစ်တွင် ပထမလတ်၊ ၁၇ နှစ် တွင် ပထမကြီး၊၁၉၄၁ ခုနှစ် အသက် ၁၉ နှစ်တွင် အစိုးရ စာချတန်း(ဂုဏ်ထူးတန်း) အောင်သည်။အသက် ၂၀ တွင် ရဟန်းခံသည်။၁၉၄၇ မှ ၁၉၅၂ ထိ အိန္ဒိယနိုင်ငံ ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်တွင် ပညာသင်သည်။၁၉၅၄တွင် လူဝတ်လဲ၏။

မြန်မာနိုင်ငံ အိန္ဒိယသံရုံး ပြန်ကြားရေးဌာန၌ ဘာသာပြန်အရာရှိ၊ မြန်မာနိုင်ငံ တက္ကသိုလ်နှင့်ကောလိပ်များ၏ အရှေ့တိုင်း ပညာသင်ကြားရေးအဖွဲ့ အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာပြု ဗဟိုအဖွဲ့ အကြံပေးအဖွဲ့ဝင်၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့ အမှုဆောင်၊သီယိုဆိုဖီအသင်း နာယက၊ မြန်-စာ-ပြန် ဒုဥက္ကဋ္ဌ၊မြန်မာပြည် တရိုးအသင်း ဥက္ကဋ္ဌ၊မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်း ဥက္ကဋ္ဌနှင့် စာရေးဆရာ အဖွဲ့အစည်းများတွင်လည်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။

၁၉၃၉ မှစ၍ စာရေးသည်။ပင်ကိုရေးနှင့် ဘာသာပြန်ဆိုခဲ့သည့် ကျမ်းစာ ဝတ္ထုပေါင်း ၇၀ ခန့် ရှိသည်။ယင်းတို့အနက် ဗုဒ္ဓစကား၊ ဓမ္မစကား၊ဗုဒ္ဓဒိုင်ယာရီ၊နိဗ္ဗာန်၊ ညီတော်မင်းနန်၊ သားတော် ရာဟုလာ၊ သိဒ္ဓတ္ထ၊ စိတ္တရလေခါ၊အမ္ဗပါလီ၊ဂေါရီ၊ပိယဒဿီ၊ ပရကထာ၊ ဘဝခရီးသည်တို့မှာ ထင်ရှားသည်။၁၉၆၃တွင် ညီတော်မင်းနန် ဖြင့် အနုပညာစာပေဆု (ဘာသာ ပြန်-ပထမ)၊၁၉၈၆တွင် ဂေါရီဖြင့် အမျိုးသားစာပေဆု(ဘာသာပြန်-ရသ)၊ ၁၉၆၇တွင် မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်း၏ 'စာပေ ရွှေတံဆိပ်ဆု' များ ရရှိခဲ့ပါသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ပွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ပတာနကျသော တာဝန်ဖြစ်သည်"

## ၁၉၉၆ ဒီဇင်ဘာနှင့် ၁၉၉၇ ဇန်နဝါရီတွင် ထုတ်ဝေမည့် စာအုပ်များ

၃၀။ ဒေါက်တာသိန်းလွင်၏ ဗုဒ္ဓနည်းကျ စိတ်ထား လေ့ကျင့် ပျိုးထောင်မှု

၃၁။ အုပ်စိုးခိုင်၏ စီးပွားရေး မှော်အောင်သွားသူ စွန့်ဦးတီထွင် မြန်မာလူငယ်များ

၃၂။ မောင်ပေါ်ထွန်း၏ အမြန်ဆုံး သူဌေးဖြစ်နည်း [၂]

၃၃။ မာန်မြင့်(ကန့်ဘလူ)၏ မြန်မာပြည်မှာ လုပ်သည့်[မှုသစ်]နှင့်ဝတ္ထုတိုများ

၃၄။ ချစ်ဝင်းညွန့်၏ အောင်မြင်ရေးအတွေးအမြင်၊ကြွယ်ဝချမ်းသာမှု ကျင့်စဉ်
(Here's Helps! by M.R. Kopmeyer)

၃၅။ ဇင်သန့်၏ အမြတ်ရအောင် ဈေးရောင်းနည်း

www.burmeseclassic.com

www.burmeseclassic.com

ရာပြည့်စာအုပ် ၃၀

BURMESE CLASSIC .com

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၆၇၁ (တဗူး-၁၂၁၇)

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက်အမှတ်　[ ၃၆ /၈၆ (၉) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ်　[ ၃၉ /၈၆ (၁၀)]

❑

### ပုံနှိပ်ခြင်း

ပထမ အကြိမ် – (၁၉၆၄၊ ဧပြီ) လောကစာပေ
ဒုတိယအကြိမ် – (၁၉၆၄၊ စက်တင်ဘာ) လောကစာပေ
တတိယအကြိမ် – (၁၉၆၅) လောကစာပေ
စတုတ္ထ အကြိမ် – (၁၉၆၉) လောကစာပေ
ပဉ္စမ အကြိမ် – (၁၉၇၄) လောကစာပေ
ဆဋ္ဌမအကြိမ် – (၁၉၇၇) လောကစာပေ
သတ္တမ အကြိမ် – (၁၉၈၀) စာပေလောက စာအုပ်တိုက်
အဋ္ဌမအကြိမ် – (၁၉၈၈) ရာပြည့် စာအုပ်တိုက်

အုပ်ရေ [၁၀၀၀]

❑

### မျက်နှာဖုံးရိုက်

ဦးမြသိန်း [၀၁၄၂၇]၊ သိန်းမြင့်ဝင်းအော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

❑

### ပုံနှိပ်သူ

ဒေါ်တင်တင်ဌေး [၀၅၂၄၀]၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ် ၁၊ မိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

❑

### ထုတ်ဝေသူ

ဦးရဲမြင့် [၀၁၀၄၉]၊ တက်လမ်းစာပေ
အမှတ် ၉၆၇၊ ပဒေသာရပ်၊ ဆော်ဘွားကြီးကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

❑

### မျက်နှာဖုံးပန်းချီ

နိုးဝင်းငြိမ်း

❑

### တန်ဖိုး

၁၉၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဒိုင်ယာရီ

ပါရဂူ

[ဟိန္ဒီဘာသာဖြင့် ရေးသားထားသည့် ဒရုတာရိလာလဆာတျ ဘဋ္ဋာ၏
ဗုဒ္ဓဟာရိအယ သို့မဟုတ် ဗုဒ္ဓ၏ ဒိုင်ယာရီစာအုပ်ကို
မြန်မာဘာသာ ပြန်ဆိုပါသည် ]

[ ၁၊ နိုဝင်ဘာ၊ ၁၉၉၆ ]

www.burmeseclassic.com

www.burmeseclassic.com

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

| | |
|---|---|
| ၂။ ဒဂုန်ဦးထွန်းမြင့် | ဂေါတမ ဗုဒ္ဓ |
| ၃။ ပါရဂူ | ပဏ္ဍိတ ကထာ |
| ၄။ ပါရဂူ | ထေရကထာ |
| ၅။ ပါရဂူ | အမ္ဗ ပါလီ |
| ၆။ သက်လုံ | အောင်မြင်မှု လျှောကားထစ်များနှင့် စိတ်ကမ္ဘာ |
| ၇။ သိန်းဖေမြင့် | ဝတ္ထုတိုပေါင်းချုပ်သစ် |
| ၈။ ဇော်ဂျီ(မြန်မာပြန်) | ကမ္ဘာကျော် နိုဗဲစာပေဆုရ စာရေးဆရာများနှင့် သူတို့၏ ဝတ္ထုတိုများ [သုံးတွဲ] |
| ၉။ မောင်ထင်(မြန်မာပြန်) | ပူရှိကင်၏ မုန့်တိုင်းထဲက နမူးစာနှင့် အခြားဝတ္ထုတိုများ |
| ၁၀။ ခင်မောင်သန်း | ဆယ်ကျော်သက် စိတ်ပညာ |
| ၁၁။ ရွှေဥဒေါင်း | လမ်းနှစ်သွယ် |
| ၁၂။ ကျော်အောင် | အဖေနှင့်အမေ |
| ၁၃။ ဇင်သန့် | အမြတ်ရအောင် ဈေးရောင်းနည်း |
| ၁၄။ ဦးမြင့်ဆွေ | ဓာတ်တော် ငါးရာငါးဆယ် |
| ၁၅။ မောင်ပေါ်ထွန်း | လုပ်ငန်းအောင်မြင်ရေး လျှို့ဝှက်ချက်များ (Success Secrets by Mark H. Mc Cormack) |
| ၁၆။ မောင်ပေါ်ထွန်း | ကန္တာရ စမ်းရေအိုင် (ANNIE by Thomas Meehan) |
| ၁၇။ မောင်ပေါ်ထွန်း | လိုချင်တာကို ရအောင်လုပ်နည်း(How to Get Whatever You Want by M. R. Kopmeyer) |
| ၁၈။ ချစ်ဝင်းညွန့် | အောင်မြင်ရေး အတွေးအမြင်ကြွယ်ဝ ချမ်းသာမှု ကျင့်စဉ် (Here's Help! by M.R.Kopmeyer) |
| ၁၉။ အုပ်စိုးနိုင် | စီးပွားရေး မှော်အောင်သွားသူ စွန့်ဦးတီထွင် မြန်မာလူငယ်များ |
| ၂၀။ မြင့်ဝင်း(ဒဿန) | ဘဝကို ပြောင်းလဲစေသော အဆုံးအမများ |
| ၂၁။ ဒေါက်တာသိန်းလွင် | ဗုဒ္ဓနည်းကျ စိတ်ထားလေ့ကျင့် ပျိုးထောင်မှု |
| ၂၂။ ဒေါက်တာသိန်းလွင် | ဗုဒ္ဓ ဓမ္မ အနှစ်ပြ |
| ၂၃။ ဒေါက်တာမတင်ဝင်း | ကြည်ညိုဦးခိုက် ပူဇော်ထိုက်သူများ |
| ၂၄။ ဒေါက်တာမတင်ဝင်း | မှတ်သားဖွယ်သော စကားများ(၂) |
| ၂၅။ ဒေါက်တာမတင်ဝင်း | ကြီးပွားသူ၊ထူးချွန်သူနှင့် အလုပ် |

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| – | မြန်မာပြန်သူ၏ အမှာ | ၉ |
| – | ရဃုဝီရရှုရန် ဒီဝါကရ၏ နိဒါန်း | ၁၁ |
| – | မူရင်းစာရေးသူ၏ ရည်ညွှန်းချက် | ၁၄ |
| ၁။ | စည်းစိမ်နှင့် အာဏာကိုသာ ဦးညွှတ်ကြသည် | ၁၆ |
| ၂။ | ကမ္ဘာလောကသည် နားလည်မှု မရှိ | ၁၉ |
| ၃။ | ကမ်းမမြင်၊ လမ်းမမြင်၊ စခန်းမမြင် | ၂၂ |
| ၄။ | လူသည် တိရစ္ဆာန် ဖြစ်သည် | ၂၆ |
| ၅။ | သစ္စာတရား ရှာမှီးသူကို အထင်သေးကြသည် | ၂၉ |
| ၆။ | ရှုပ်ထွေးနေသော ကမ္ဘာလောက | ၃၃ |
| ၇။ | သဘာဝတရားသည် ပွင့်နေသောစာအုပ် ဖြစ်သည် | ၃၉ |
| ၈။ | ကျေးကျွန်တို့၏ ထွက်ရပ်လမ်း | ၄၄ |
| ၉။ | ကောက်ပင် နှင့် မြက်ပင် | ၅၁ |
| ၁၀။ | ဆေးဆရာ နှင့် လူနာ | ၅၄ |
| ၁၁။ | မိန်းမဘာဝ၏ ဂုဏ်သိက္ခာ | ၅၇ |


www.burmeseclassic.com

www.burmeseclassic.com


၁၂။ သစ္စာတရား၏ ယစ်ပလ္လင်မှာ ၆၈
၁၃။ ကျန်းမာသူ စာတ်စာ် မလို ၈၂
၁၄။ မိန်းမ နှင့် ယောကျ်ား ၉၇
၁၅။ တရားကဲခတ်နည်း ၁၀၆
၁၆။ ရန်လိုသော ရဟန်းနှင့် လိမ္မာသော တကာ ၁၁၄
၁၇။ သေနေသော လင်မယား ၁၁၉
၁၈။ ဘယ်သူ ကြီးသနည်း ၁၂၁
၁၉။ ဘယ်သူ မြတ်သနည်း ၁၂၅
၂၀။ အစေခံကို ပူဇော်ပါ ၁၂၈
၂၁။ ကြောင်သူတော်တွေ ခေတ်စားနေသည် ၁၃၁
၂၂။ သူခိုး ဓားရိုး ကမ်း ၁၃၅
၂၃။ သွေး နှင့် ရေ ၁၃၇
၂၄။ သူနာပြုသော ဗုဒ္ဓ ၁၃၉
၂၅။ သားထက် သမီး အရေးကြီးသည် ၁၄၁
၂၆။ မဇ္ဈိမ ပဋိပဒါ ၁၄၃
၂၇။ ဒေဝဒတ်၏ နမူနာ ၁၄၅
၂၈။ သဗ္ဗေ သင်္ခါရာ အနိစ္စာ ၁၅၂


www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြန်သူ၏ အမှာ

ဤစာအုပ်သည် မည်သည့်စာအုပ်မျိုး ဖြစ်ကြောင်းကို ဤစာအုပ်၏ နိဒါန်း၌ ရေးသားဖော်ပြထားသည်။ဤစာအုပ်သည် ဗုဒ္ဓဝင် စာအုပ်နှင့် မတူသော ဗုဒ္ဓဝင်စာအုပ် ဖြစ်သည်။ဤစာအုပ်၏ ထူးခြားချက်မှာ ဗုဒ္ဓ ကိုယ်တော်တိုင်က မိမိအကြောင်းကို ဒိုင်ယာရီ မှတ်တမ်းသဖွယ် တင်ပြသွားသည့် ပုံစံမျိုး ဖြင့် ရေးသားထားခြင်း ဖြစ်လေသည်။ရေးဟန်ရေးနည်း မည်သို့ပင် ဖြစ်စေကာမူ ဗုဒ္ဓအကြောင်းကို ရေးသားထားသည့် စာအုပ်များအနက် ဤစာအုပ်သည် ကျွန်တော့်အတွက် စိတ်ဝင်စားစရာ အကောင်းဆုံး စာအုပ်တစ်အုပ် ဖြစ်ပေသည်။

စိတ်ဝင်စားဖွယ် စာအုပ် တစ်အုပ်ကို ဖတ်မိသော အခါ၌ စာဖတ်ပရိသတ်များအား တစ်ဆင့် ဖောက်သည်ချလိုသည့် စိတ်ဆန္ဒ ကျွန်တော့်တွင် ပေါ်ပေါက်လာတတ် ပေသည်။ဤစာအုပ်ကို မြန်မာပြန်ရာ၌ ယင်းစိတ်ဆန္ဒ၊ ယင်းစေတနာသည် အခြေခံ အကြောင်းရင်း ဖြစ်ပေသည်။

ဤစာအုပ်၌ အစဉ်အလာအားဖြင့် ယူဆလာခဲ့သည့် အယူအဆများကို ရဲရဲဝံ့ဝံ့ တော်လှန်ထားပေသည်။ထို့ကြောင့်ပင် စိတ်ဝင်စားဖွယ် စာအုပ်တစ်အုပ် ဖြစ်နေခြင်း ဖြစ်သည်။ဥပမာအားဖြင့် ထုတ်ပြရလျှင် မာရ်နတ်ဆို



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ နားကင်းကြီးနှင့် တကယ့် မိုးပေါ်က နတ်ကြီးဟု ယူဆနေသည့် အစဉ်အလာကို တော်လှန်ပစ်လိုက်သည်။ဤစာအုပ်၏ အလိုအားဖြင့် မာရ်နတ်ဆိုသည်မှာ ကောင်းသောအလုပ်ကို လုပ်ရာ၌ ဖျက်လိုဖျက်ဆီး လုပ်သည့် မိမိ အတွင်းစိတ်ကို တင်စား ခေါ်ထားခြင်း ဖြစ်လေသည်။ထိုနည်းအတူပင် လူ့လောကအား သစ္စာလေးပါးတရား ဟောပြရန်အတွက် နှောက်တွန့်နေသည့်ဗုဒ္ဓအား တိုက်တွန်းတောင်းပန်သည့် သဟမ္ပတိဗြဟ္မာ ဆိုသည်မှာလည်း တကယ့် ဗြဟ္မာပြည်က ဗြဟ္မာကြီး မဟုတ်ပေ။ကောင်းသောအလုပ်ကို လုပ်ရန် လှုံ့ဆော်အားပေးသည့် မိမိ၏ အတွင်းစိတ်ကို တင်စားခေါ်ထားခြင်း ဖြစ်လေသည်။အချုပ် ပြောရလျှင် မာရ်နတ်ဆိုသည်မှာ အဖျက်စိတ်ဖြစ်၍ သဟမ္ပတိ ဗြဟ္မာဆိုသည်မှာ အပြုစိတ် ဖြစ်လေသည်။

ဤစာအုပ်သည် မူလ ဟိန္ဒီဘာသာဖြင့် ရေးသားထားသည့် စာအုပ်ဖြစ်သည်။ ရေးသူမှာ ထင်ရှားကျော်ကြားသည့် စာရေးဆရာတစ်ဦး ဟုတ်ပုံမရ။စာအုပ်ကလည်း ဂန္ထဝင်စာအုပ် တစ်အုပ် ဖြစ်ပုံ မပေါ်။သို့ရာတွင် စာအုပ်၌ ပါရှိသည့် ဗုဒ္ဓနှင့် ပတ်သက်သော ရဲရင့်သော အတွေး၊သဘာဝကျသော အယူအဆ၊ဆန်းသစ်သော အမြင်၊တောက်ပြောင်သော စကားလုံး၊ တော်လှန်ရေးကျသော အဓိပ္ပာယ်များမှာ ကျွန်တော့်အား အံ့ဩစေခဲ့သည်။ နှစ်သက်စေခဲ့သည်။ဘဝင် ခိုက်စေခဲ့သည်။

ဤစာအုပ်ကို ဖတ်ပြီးသောအခါ ကျွန်တော်နှင့် အကြိုက်ချင်း တူညီကြသည့် စာဖတ်သူများ ကျွန်တော် ခံစားရသည့် ခံစားမှုမျိုး၊ကျွန်တော် သိသည့် အသိမျိုး ပေါ်ပေါက်လာလျှင် ကျွန်တော် ဤစာအုပ်ကို မြန်မာပြန်ရကျိုး နပ်သည်ဟု ယူဆရပေတော့မည်။

ပါရဂူ

၂၁-၁-၆၄

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ရှင်တော်ဗုဒ္ဓ ပရိနိဗ္ဗာန် စံသည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်း နှစ်ထောင့်ငါးရာ ထက်ပင် ကျော်လွန်သွားခဲ့လေပြီ။သို့ရာတွင် ရှင်တော်ဗုဒ္ဓသည် ယနေ့လည်း ကမ္ဘာလောကတွင် ရှိနေသည်။အသက်ရှင်နေသည်။လူ့လောက ရှိနေသရွေ့ သူလည်း အသက်ရှင်နေလိမ့်မည်။မိမိ အသက်ရှင်နေခြင်းအားဖြင့် ကမ္ဘာ လောကအားလည်း အသက်ရှင်နေစေလိမ့်မည်။

ဤစာအုပ်ငယ်ကလေးမှာ ရှင်တော်ဗုဒ္ဓ၏ ဗုဒ္ဓဝင် အတ္ထုပ္ပတ္တိ အပြည့် အစုံလည်း မဟုတ်ပေ။ဗုဒ္ဓ တရားတော်နှင့် ပတ်သက်သည့် ထူးခြားသော ရေးသားချက်လည်း မဟုတ်ပေ။မြင့်မြတ်ကြီးကျယ်သော ဘာဝခရီးသည် တစ်ဦး၏ ခရီးအတွေ့အကြုံ အချို့အဝက်ကို စုဆောင်းထားခြင်းမျှသာ ဖြစ် သည်။ဘုရင့်သားတော် တစ်ဦးသည် ဗုဒ္ဓအဖြစ် တည်းဟူသော အထွတ် အထိပ်သို့ ရောက်ရှိသွားလေသည်။သူသည် မိမိ၏ အတွေ့အကြုံကို ဒိုင်ယာရီ မှတ်တမ်း ရေးသားထားလေသည်။ယင်းပုံစံ ယင်းအသွင်မျိုးဖြင့် ဤစာအုပ်ကို ရေးသားထားခြင်း ဖြစ်သည်။

ယနေ့ ကမ္ဘာလောက၌ အပူဇော် အကန်တော့ ခံနေရသူများသည် လည်း မိမိတို့၏ ဘဝ၌ သာမန်လူများကဲ့သို့ ဒုက္ခအမျိုးမျိုးကို ခံခဲ့ကြရလေ သည်။ဆန့်ကျင်ခြင်း၊ကဲ့ရဲ့ခြင်း၊ဆေးဖော်ကြောဖက် မလုပ်ခြင်း စသော



www.burmeseclassic.com

www.burmeseclassic.com



လောကစံတရားတို့၏ အကြားမှ ခွဲနုပဲ ကြီးစွာဖြင့် ဖြတ်ကျော်လာခဲ့ ကြရလေသည်။ အသိ အကျွမ်းများ၊ နောက်လိုက်များ၊တပည့် တပန်းများ၊ အပေါင်းအဖော်များ၏ တစ်ကိုယ်ကျိုး ကြည့်မှုနှင့် လည်းကောင်း၊မသိ နားမလည်မှုနှင့် လည်းကောင်း တိုက်ပွဲဝင်ကြ ရလေသည်။ထိုနောက်မှ သူတို့သည် အောင်မြင်မှု ရရှိကြခြင်း ဖြစ်လေသည်။ယင်း အောင်မြင်မှုမျိုးအတွက် အဆုံးမရှိသော ခွဲ၊အပိုင်းအခြား မရှိသော စွမ်းရည်သတ္တိပြည့်ဝသော အကြံဉာဏ်၊ တွန့်ဆုတ်ခြင်း မရှိသော စွန့်လွှတ်မှု၊နက်နဲသော အတွေ့အကြုံ၊မမောပန်းသော လုံ့လ၊ အဆက်မပြတ်သော နိုးကြားထကြွမှု၊ကျယ်ပြန့်သော အမြင်၊မယိမ်းယိုင်သော ယုံကြည်မှု၊မြင့်မြတ်သော ပရဟိတစိတ်၊တည့်မတ်သော ဘက်မလိုက်မှု၊ ဖြူစင်သော ကိုယ်ချင်းစာနာမှုများ လိုအပ်ပေသည်။ရှင်တော်ဗုဒ္ဓသည် ယင်းကဲ့သို့သော အောင်မြင်မှုမျိုးကို ရရှိသည့် ပုဂ္ဂိုလ်မျိုးထဲက ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်များထဲ၌ ရှင်တော်ဗုဒ္ဓ၏ နေရာသည် အထူးသဖြင့် မြင့်မားလှပေသည်။

ဤစာအုပ်တွင် ရေးသားပါရှိသည့် အကြောင်းအရာများမှာ ဗုဒ္ဓစာပေမှ ထုတ်နုတ်ထားသည့် အကြောင်းအရာများ ဖြစ်လေသည်။ ဆိုလိုရင်းမှာ အကြောင်းအရာများသည် စိတ်ကူးယဉ် မဟုတ်ပေ။ထိုအကြောင်းအရာများကို အခြေခံ၍ ဗုဒ္ဓ၏ စိတ်ထားတော်ကို ခြယ်မှုန်း ရေးပြထားခြင်းဖြစ်လေသည်။

ဗုဒ္ဓ၏ စိတ်ထားတော်နှင့် ပတ်သက်၍ ယခုလောက် ကောင်းမွန်သော ခြယ်မှုန်း ရေးပြခြင်းမျိုးကို သာမန် ပုဂ္ဂိုလ်မျိုးသည် ပြုလုပ်နိုင်လိမ့်မည် မဟုတ်ပေ။အကယ်၍ ပြုလုပ်သည်ဆိုလျှင်လည်း ဤစာအုပ်၌ကဲ့သို့ သဘာဝကျမှု၊လှပကောင်းမွန်မှု ရှိနိုင်လိမ့်မည် မဟုတ်ပေ။အကြင်ပုဂ္ဂိုလ်၏ ပခုံးပေါ်၌ ဆန်းသစ်လျက် တော်လှန်ရေးကျသည့် လုပ်ငန်းတာဝန်သည် ပိုးလျက်ရှိ၏ ။အကြင် ပုဂ္ဂိုလ်သည် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ပျက်စီးခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ခြင်း၊ကဲ့ရဲ့ရှုတ်ချခြင်း၊ဥပေက္ခာ ပြုခြင်းများကို ရင်ဆိုင်ရ၏။အကြင် ပုဂ္ဂိုလ်သည် စာအုပ်ကိုသာလျှင် မဟုတ်ဘဲ လူ့နှလုံးသားကိုလည်း နှိုက်နှိုက် ချွတ်ချွတ် လေးလေးနက်နက် လေ့လာထား၏။အကြင်ပုဂ္ဂိုလ်သည် မိမိ၏ ဘဝ၌ လေးဖက်လေးတန်တွင် အခက်အခဲများ၊အနှောင့်အယှက်များ၊ အဖျက် အဆီးများ၊အဆင်မပြေမှုများ ဝိုင်းရံနေသော်လည်း တစ်ဆံခြည်မျှ စိတ်ပျက် အားလျှော့ခြင်း မရှိ။ထိုပုဂ္ဂိုလ်မျိုးသည်သာလျှင် ဗုဒ္ဓ၏ စိတ်နေစိတ်ထားကို အမှန်အတိုင်း သိရှိနားလည်နိုင်၍ ပြောင်မြောက်စွာ ခြယ်မှုန်း ရေးပြနိုင်စွမ်း ရှိပေလိမ့်မည်။ဤစာအုပ်ကို ရေးသူမှာ ထိုပုဂ္ဂိုလ်မျိုးထဲက ဖြစ်လေသည်။

ရဿ ဝိရှရန် ဒိဝါကရ

www.burmeseclassic.com

www.burmeseclassic.com

# ရည်ညွှန်းချက်

အို ရှင်တော်ဗုဒ္ဓ

နှစ်ပေါင်း နှစ်ထောင့်ငါးရာ ရှည်လျား ဝေးကွာနေသော်လည်း တပည့်တော် အရှင်ဘုရား၏ ဒိုင်ယာရီ စာလွှာများကို ဖတ်နိုင်ခြင်း၏ အဓိက အကြောင်းမှာ အရှင်ဘုရား၏ အကြောင်းအရာသည် အရှင်ဘုရား၏ အကြောင်းအရာ မဟုတ်ဘဲ ကမ္ဘာပေါ်ရှိ မဟာလူသားတို့၏ မည်သည့်အခါမှလည်း မဟောင်း၊မည်သည့် အခါမှလည်း မဝေးသော အသက်ရှင်နေသည့် အကြောင်းအရာ ဖြစ်သောကြောင့် ဖြစ်လေသည်။

အရှင်ဘုရားသည် ကမ္ဘာလောက၏ ကောင်းကျိုးအတွက် ရှိသမျှကို စွန့်လွှတ်လျက် လူသားတို့အား မှန်ကန် ကောင်းမွန်သော လမ်းစဉ်ကို ညွှန်ပြသူ မဟာလူသား ဖြစ်လေသည်။သို့ရာတွင် လူသားတို့သည် ဒေါသကြောင့်လည်း အရှင်ဘုရားအား မုန်းတီးကြသည်။အဝိဇ္ဇာကြောင့်လည်း အရှင်ဘုရားအား မေ့လျော့ကြသည်။မောဟကြောင့်လည်း အရှင်ဘုရားအား ဘဝင်သို့ ပို့ကြသည်။မဟာလူသား အဖြစ်ဖြင့် အရှင်ဘုရားအား တိကျမှန်ကန်စွာ နားလည် သဘောပေါက်သူမှာ ရှာမှ ရှားလှပေသည်။အရှင်ဘုရားအား လူအများ တိကျမှန်ကန်စွာ နားလည် သဘောပေါက်စေရန် ရည်သန်လျက်



www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရား၏ ဒိုင်ယာရီ စာလွှာများကို တပည့်တော် ကမ္ဘာလောကတွင် ဖြန့်ကြဲရခြင်း ဖြစ်ပါသည်။

အချိန်ကာလ၏ ဒဏ်ကြောင့် မှန်သောအကြောင်းမှာ တစ်ခါတစ်ရံ၌ ပုံပျက် သွားတတ်လေသည်။သို့ရာတွင် သစ္စာတရားကမူ အချိန်ကာလ၏ အစွမ်းသတ္တိမှ အပ ဖြစ်လေသည်။အချိန်ကာလသည် သစ္စာတရားအား ပူဇော်သူ ဖြစ်သည်။အချိန်ကာလသည် သစ္စာတရားအား အသစ် အသစ် ဖြစ်သောနည်းဖြင့် ပူဇော်သော်လည်း ပုံပျက်သွားအောင် ပြုလုပ်ခြင်းငှာမူ မစွမ်းနိုင်ပေ။

ဤစာလွှာများ၌ မှန်သော အကြောင်းများမှာ အတန်ငယ် ပုံပျက် နေချင် နေမည်ဖြစ်သော်လည်း သစ္စာတရားကမူ ပုံပျက်ခြင်း မရှိပေ။ ယင်း အချက်ကို ကမ္ဘာလောက သိသိ မသိသိ အရှင်ဘုရားကမူ သိပေသည်။ သို့ဖြစ်၍ ဤစာလွှာများကို အရှင်ဘုရားအား ရည်ညွှန်းလိုက်ရခြင်း ဖြစ်ပေသည်။

အရှင်ဘုရား၏ တပည့်
ဒရဗာရီလာလ ဆတျာဘတ္တ

www.burmeseclassic.com

www.burmeseclassic.com

# စည်းစိမ်နှင့် အာဏာကိုသာ ဦးညွှတ်ကြသည်

ငါ့ကို ဆင်းရဲဒုက္ခ ရောက်နေသူ တစ်ဦးဟု ဘယ်သူ ပြောမည်နည်း။ ငါ့မှာ နန်းအဆောင်ဆောင် ရှိသည်။စည်းစိမ်ဥစ္စာ ရှိသည်။လှပသော ကြင်ယာ ဇနီး ရှိသည်။သား ရှိသည်။လူအားလုံးက ငါ့အမိန့်ကို နာခံကြသည်။ သို့ဖြစ်လင့်ကစား ငါသည် ကျေနပ်အားရခြင်း မရှိ။ငါ၏ ဘဝသည် ဤမျှ သာလောဟု ငါ စဉ်းစားကြည့်သည်။ငါသည် ကြီးကျယ်မြင့်မြတ်သူ တကယ် ဖြစ်ပါသလော။အစေအပါး ရာပေါင်းများစွာတို့သည် ငါ့အား ရှိခိုးဦးညွှတ် ကြသည်။သူတို့သည် ငါ့အား ရှိခိုးဦးညွှတ် ကြခြင်းလော။သို့တည်းမဟုတ် ငါ၏ စည်းစိမ်ချမ်းသာအား ရှိခိုးဦးညွှတ် ကြခြင်းလော။အကယ်၍ ငါသည် ဘုရင့် မျိုးနွယ်ထဲမှာ မွေးဖွားခဲ့သူ မဟုတ်ပါလျှင်၊အကယ်၍ ငါ၏အထံ၌ ဤမျှသော စည်းစိမ်ချမ်းသာများ မရှိခဲ့ပါလျှင်၊သူတို့အထဲက ဘယ်သူ ငါ့ကို ရှိခိုးဦးညွှတ် မည်နည်း။သူတို့၏ စိတ်နှလုံးထဲ၌ ငါ့အား ကြည်ညိုလေးစားမှု ရှိသည် မဟုတ်။သူတို့သည် စည်းစိမ်ချမ်းသာ၏ ကျေးကျွန်များ ဖြစ်ကြ သည်။ငါသည် ယင်း ကျေးကျွန်တွေထဲမှာ ကြီးကျယ် မြင့်မြတ်နေသူ ဖြစ် သည်။ အပေါ်ယံ အပရိက ကြီးကျယ် မြင့်မြတ်ခြင်းသာ ဖြစ်သည်။

ယနေ့ ဥယျာဉ်သို့ ထွက်သွားသည်။ရဟန်းတစ်ပါးကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီမှာ ဘာမျှ မရှိ။ဆွမ်းခံပြီး ရသမျှဖြင့် ဝမ်းမိုက်ကို ဖြည့်တင်းသူသာ ဖြစ်သည်။သို့ရာတွင် သူသည် ငါ၏ စည်းစိမ်ချမ်းသာကို အမှုမထား။ သူသည် ငါ၏ ကျေးကျွန် သူခစားများထက်ပင် ဆင်းရဲသည်။သို့ရာတွင် ငါ့အား ဦးမညွှတ်။ငါက ကြည့်လိုက်သည့် အခါတွင် သူသည် ငါ့ထက် ကြီးကျယ်မြင့်မြတ်သူတစ်ဦးပမာ ငါ့အား ပြုံးကြည့်လျက် ထွက်သွားသည်။

ယနေ့ အားလုံးက ငါ့အား ဦးညွှတ်ကြသည်။နက်ဖြန် ငါ၏ပျို့ရွယ်မှု ပျောက်ကွယ်သွားလျှင်၊ငါ၏ စည်းစိမ်ချမ်းသာ ပျက်ပြုန်းသွားလျှင်၊ဘုရင် ကောရာဇ် တစ်ဦးဦးက ငါ့ထီးနန်းကို လုယူ သိမ်းပိုက်လိုက်လျှင် ငါ့အား ဘယ်သူလာ၍ ဦးညွှတ်ဦးမည်နည်း။စိတ်ထဲက မပါသော်လည်း သူတို့သည် ငါ့အား ဦးညွှတ် နေကြရလေသည်။သို့ရာတွင် ထိုရဟန်းကမူ ငါ၏ စည်းစိမ် ကို လုယူ သိမ်းပိုက်နိုင်သည့် ထိုဘုရင် ကောရာဇ် တစ်ဦးဦးကိုလည်း အမှု ထားလိမ့်မည် မဟုတ်။သူသည် မည်သူ့ ရှေ့မှောက်မှာမျှ မိမိစိတ်ထဲက မပါ ဘဲနှင့် ဦးညွှတ်သူ မဟုတ်။မိမိ၏ ဆရာရှေ့၌လည်းကောင်း၊သို့မဟုတ် မိမိ ထက် ဝါကြီးသည့် ရဟန်းတစ်ပါးပါး ရှေ့၌ လည်းကောင်း သူသည် ဦးညွှတ် သည်ကား မှန်၏။သို့ရာတွင် ယင်းသို့ ဦးညွှတ်ခြင်းသည် ကြည်ညို လေးစား သည့် စိတ်ဖြင့် ဦးညွှတ်ခြင်း ဖြစ်သည်။ကြည်ညို လေးစားခြင်း၌ မိမိ၏ဆန္ဒ ပြဋ္ဌာန်းသည်။လွတ်လပ်မှု ရှိသည်။စည်းစိမ်ချမ်းသာနှင့် စွမ်းအား၏ ရှေ့မှောက်တွင် ဦးညွှတ်ရခြင်း၌ ယင်းကဲ့သို့သော လွတ်လပ်မှုမျိုး၊ ယင်းကဲ့သို့ သော ဂုဏ်သိက္ခာမျိုး ဘယ်မှာ ရှိမည်နည်း။

ယင်းသို့အားဖြင့် ဤနန်းပြာသာဒ်ပေါ်၌လည်း ငါသည် အလွန် တရာ သေးသိမ်သူတစ်ဦး ဖြစ်နေသည်။မိမိ၏ သေးသိမ်မှုကို မေ့ပျောက် စေရန်အတွက် ကျွန်၊ ကျွန်မများ၏ အသွင်ဖြင့် လှုပ်ရှားသွားလာ နေကြသော မြေကြီးရုပ်များကို ငါသည် စိစဉ်ဖန်တီး ထားသည်။ယင်းသို့အားဖြင့် ကိုယ့် ကိုယ်ကို လှည့်စားနေလေသည်။ကိုယ့်ကိုယ်ကို လှည့်စားသူသည် ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



လောကကို လှည့်စားသူ ဖြစ်သည်။လှည့်စားမှုဖြင့် ပြီးသော ဘဝသည်လည်း ဘဝပင် ဖြစ်ပါသလော။

ငါ၏ ဤခံစားချက်ကို ဘယ်သူ သဘောပေါက်မည်နည်း။ အကယ်၍ ငါသည် ဤနေရာက ထွက်ပြေးသွားလျှင် ကမ္ဘာလောကသည် ငါ့အား လောက က လွတ်မြောက်သွားသူဟု သော်လည်းကောင်း၊သို့မဟုတ် အရူးဟု သော်လည်းကောင်း ထင်မှတ်ပေလိမ့်မည်။သို့ရာတွင် ငါ့ခံစားချက်၏ လျှို့ဝှက်ချက်ကိုမူ မည်သူမျှ နားလည် သဘောပေါက်လိမ့်မည် မဟုတ်။ ယနေ့ ငါသည် သိဒ္ဓတ္ထ(ပြည့်စုံသူ)အမည် တွင်နေသော်လည်း မည်မျှလောက် မပြည့်မစုံသူ တစ်ဦး ဖြစ်နေသနည်း။

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာလောကသည် နားလည်မှု မရှိ

ကမ္ဘာလောက ဘယ်လောက် ဆင်းရဲဒုက္ခရောက်နေသည်ဆိုသည့် အကြောင်းကို သိသည်နှင့်အမျှ စိတ်နှလုံး ဂနာမငြိမ် ဖြစ်နေသည်။ဇရာ၊မရဏ၊ဗျာဓိ (ရောဂါ) စသည့် ဓမ္မတာ သဘာဝ ဆင်းရဲဒုက္ခများကို ရင်ဆိုင်နေကြရသည့် ကြားထဲ သတ္တဝါတိုင်းအား ၊လူတိုင်းအား အဖက်ဖက်မှ နေ၍ ညှဉ်းပန်းနှိပ်စက်နေသည့် ဆင်းရဲဒုက္ခမှာ ခံရပ်နိုင်ဖွယ် မရှိပေ။အင်အားကို အကြောင်းပြု၍ လည်းကောင်း၊အာဏာကို အကြောင်းပြု၍ လည်းကောင်း၊အမျိုးဇာတ်ကို အကြောင်းပြု၍ လည်းကောင်း မတရား ဖိနှိပ်ညှဉ်းပန်းမှုများမှာ နေရာအနှံ့ ပျံ့၍ နေကြသည်။ယင်းသို့လျှင် လေးဖက်လေးရပ်မှာ တောမီး တဟုန်းဟုန်း တောက်နေသည့် ကြားထဲက ငါက သစ်ပင်တစ်ပင်ပေါ်မှာ ထိုင်၍ ကိုယ့်ကိုယ်ကို လုံခြုံစိတ်ချရပြီဟု အောက်မေ့လျက် ပွဲကြီးပွဲကောင်းကို ကြည့်နေရမည်လော။

မာရ်(နတ်)ယုတ်က 'သိဒ္ဓတ္ထ၊ သင် ဘုရင် လုပ်လော့၊ဧကရာဇ် လုပ်လော့၊ မိမိ၏ စည်းစိမ်ချမ်းသာ၊ မိမိ၏ အာဏာဖြင့် ကမ္ဘာလောကအား ချမ်းသာသုခ ပြည့်ဝအောင် ပြုလုပ်လော့'ဟု ပြောလာသည်။ဘယ်လောက် မိုက်မဲလှသနည်း။ကမ္ဘာလောကမှာ ရှိသည့် တခြား ဆင်းရဲဒုက္ခများကို ထား



www.burmeseclassic.com

www.burmeseclassic.com



ပါဦး။ စည်းစိမ်နှင့် အာဏာကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့် ဒုက္ခများကို ဖယ်ရှားပစ်ပါဦး။လူ့လောကမှာ ပျံ့နှံ့နေသည့် အနာရောဂါများနှင့် လူတို့၏ သဘာဝ ရောဂါဝေဒနာများကို စည်းစိမ်ဖြင့် လည်းကောင်း၊ အာဏာဖြင့် လည်းကောင်း ဖယ်ရှားပစ်၍ ရနိုင်ပါသလော။

မာရ်(နတ်)ယုတ်က ပြောပြန်သေးသည်။

'သိဒ္ဓတ္ထ၊ သင်သည် အခု လူ့ဘဝမှာ အောင်မြင်မှု မရလျှင် ရဟန်းဘဝ ရောက်သွားလို့ကော မည်သည့် အောင်မြင်မှု ရရှိမည်နည်း၊ရဟန်းဘဝမှာ သင် မည်သို့ အသုံးဝင်မည်နည်း၊ကိုယ့်ဝမ်းဗိုက်ကိုတောင် ကိုယ်ဖြည့်တင်းနိုင်လိမ့်မည် မဟုတ်၊ လူ့ဘောင်က တိမ်းရှောင် ထွက်ပြေးသွားလျှင် သင့်ကို သူရဲဘောကြောင်သူ ဟု ခေါ်ကြလိမ့်မည်'

ငါသည် မာရ်(နတ်)ယုတ်၏ တိုက်လုံး ခိုက်လုံးတို့ကို ခံနိုင်ရည်ရှိသည်။ငါက ပြန်ပြောလိုက်သည်။

'ကမ္ဘာလောက က ငါ့ကို သူရဲဘောကြောင်သူ ထင်ထင်၊ဘာထင်ထင် ငါ ဂရုမစိုက်၊ငါသည် ငါ့စိတ်နှလုံး၏ ဘုရင်ဧကရာဇ် လုပ်မည်၊ ကမ္ဘာလောက၏ ဝမ်းဗိုက်ကို ငါ ဖြည့်တင်းဖို့ မလို၊ဝမ်းဗိုက်ကိုမူ သူ့ဘာသာသူ ဖြည့်တင်းသည်။တိရစ္ဆာန်များပင် သူတို့ ဝမ်းဗိုက်ကို သူတို့ ဖြည့်တင်းကြသည်၊ငါကား ကမ္ဘာလောကကို လူဖြစ်အောင် လုပ်လိုသည့်ဆန္ဒ ရှိသည်၊ လူအပေါင်းတို့၏ အထံသို့ လူသားစိတ်ကို ဆောင်ကြဉ်းလာလိုသည့် ဆန္ဒရှိသည်၊ သစ္စာတရားကို ရှာဖွေလျက် ကမ္ဘာလောကအား ပေးချင်သည့်စိတ်ရှိသည်၊ သို့ဖြစ်၍ စည်းစိမ်ချမ်းသာကို လည်းကောင်း၊ဥစ္စာကို လည်းကောင်း၊ အာဏာကို လည်းကောင်း ငါ အလိုမရှိ။

'ကမ္ဘာလောက က ငါ့ကို သဘောမပေါက်ချင် နေပေစေ၊ကိစ္စမရှိ၊ ကမ္ဘာလောကသည် သူ့ကို အမှုထားရလောက်အောင် နားလည်မှုရှိသူ ဖြစ်ခဲ့သလော၊ယနေ့အထိ သူသည် ဘယ်သူ့ကို ဘယ်တုန်းကများ နားလည်ခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



ပါသနည်း၊သဘောပေါက်ခဲ့ဖူး ပါသနည်း၊အသက်နှင့်ကိုယ် ထင်ရှားရှိစဉ်တွင်မှ ဘယ်သူ့ကိုမျှ သဘောမပေါက်၊ကွယ်လွန်သွားပြီ ဆိုလျှင်မှ မေ့လျှင်လည်း မေ့ပစ်လိုက်ကြသည်၊သို့မဟုတ်လျှင်လည်း နတ်ဒေဝတာ လုပ်၍ဘဝင်သို့ ပို့ပစ်လိုက်ကြသည်။ကမ္ဘာလောကသည် လူကို ဘယ်တော့မျှ လူမထင်၊တိရစ္ဆာန်ဟု သော်လည်းကောင်း၊သို့မဟုတ် နတ်ဒေဝတာဟု သော်လည်းကောင်း ထင်သည်။ဤကား အကျင့်ပါနေသည့်အရာ ဖြစ်သည်။ငါဘာကြောင့် တွေးတောပူပန် နေရမှာနည်း၊ငါ ကိုယ့်အလုပ်ကို လုပ်မည်၊ကမ္ဘာလောက က သူ့အလုပ်ကို လုပ်လိမ့်မည်'

ငါ၏စကားကို ကြားရလျှင် မာရ်(နတ်)ယုတ်သည် ထွက်ပြေးသွားလေ့ ရှိသည်။ယနေ့လည်း ထွက်ပြေးပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကမ်းမမြင် လမ်းမမြင် စခန်းမမြင်

မာရ်(နတ်)ယုတ်နှင့် ယနေ့ စစ်တိုက်ရသလောက် ဘယ်တုန်းကမှ မတိုက်ခဲ့ဘူးပေ။နောင်ကိုလည်း ဘယ်တော့မှ တိုက်ရလိမ့်မည် မဟုတ်။ရာဟုလာ၊ ရာဟုလာ၏မိခင်၊မယ်တော်၊ခမည်းတော်တို့၏ သံယောဇဉ်ကို ဖြတ်မှ ဖြတ်နိုင်မည်လောဟု စိုးရိမ်မကင်း ဖြစ်မိရင်းနှင့် နန်းဆောင်က တိတ်တိတ်ကလေး ထွက်ခွာလာသည်။နန်းဆောင်က ထွက်ခွာလာသည့် ခဏ၌ ပြာသာဒ်တစ်ခုပေါ်မှ ထောက်၍ မမိသည့် ပင်လယ်သမုဒ္ဒရာထဲသို့ ဝုန်းခနဲ ခုန်ချလိုက်ရသည်ဟု အောက်မေ့မိသည်။

အင်း သံယောဇဉ် နှောင်ကြိုးသည် မည်မျှ အင်အားကောင်းလေသနည်း။ညဦးနက်သန်းခေါင် နန်းဆောင်က ထွက်ခွာစဉ် ခဏ၌ ရာဟုလာနှင့် ရာဟုလာ၏မိခင်ကို တစ်ကြိမ်လောက် ကြည့်ချင်သည့် စိတ်ဆန္ဒ ဖြစ်ပေါ်လာမိသည်။တံခါးဝ၌ ရပ်လျက် သူတို့နှစ်ဦးကို ကြည့်လိုက်သည်။ သားငယ်ကို တစ်ချက်လောက် နမ်းရှုပ်လိုက်ဦးမည်ဟု အကြံ ဖြစ်မိသည်။သို့ရာတွင် သူ့မိခင် နိုးသွားမှာစိုး၍ အကြံ အထ မမြောက်ခဲ့။

မာရ်(နတ်)ယုတ်က အခွင့်ကောင်းကို ယူလိုက်သည်။သူက ပြောလေသည်။

'သိဒ္ဓတ္ထ၊ သင် အရူးအလုပ်ကို လုပ်နေသလော၊ကိုယ့်အပေါ် သံယော

www.burmeseclassic.com



ဇဉ် ကြီးမားရာသည့် ချစ်သူသက်ထား အပေါ်မှာတောင် သင် ဂရုဏာ မထား ဘူးလော၊သူသည် သင်နှင့် တစ်ကိုယ်တည်း တစ်စိတ်တည်းလို ဖြစ်နေသည့် ပုဂ္ဂိုလ် ဖြစ်သည်၊မိမိ၏ အစိတ်အပိုင်း တစ်ခုသဖွယ် ဖြစ်နေသူကို စွန့်ပစ်ပြီး ထွက်သွားခြင်းမှာ မသင့်လျော်ပါ'

ငါက ပြန်ပြောသည်။

'ငါ ကမ္ဘာလောကအတွက် တစ်ကိုယ်လုံးကို စွန့်ထားပြီး ဖြစ်သည့် အတွက် မိမိ၏ အစိတ်အပိုင်း တစ်ခုကို ဘာကြောင့် မစွန့်နိုင်ရမှာနည်း'

**မာရ်(နတ်)ယုတ်။** ။ဒီလိုဆိုလျှင် မယားကိုပါ တစ်ပါတည်း ခေါ်ဆောင်သွားပါလား။

**ငါ။** ။သူ့ဟာနှင့်သူ ကြည့်ပြီး အသုံးချရသည်။တရားအကျင့်ကို ကျင့်ဖို့ရန်အတွက် ငါ၏ ယောကျ်ား အင်္ဂါအစိတ်အပိုင်းသာလျှင် အသုံး ကျသည်။ဘုရားဖြစ်သည့် အခါကျတော့မှ သားနှင့်မယားကိုပါ ငါ ခေါ်ချင် ခေါ်မည်။ဒါမှမဟုတ်လို့ အကယ်၍ မယားဆိုတာ အိမ်မှာသာ သာပြီး အသုံး ဝင်သည် ဆိုလျှင်လည်း အိမ်မှာပဲ နေစေမည်။

**မာရ်(နတ်)ယုတ်။** ။မယားဖြစ်သူကတော့ အကျင့်တရားကို အားမထုတ်နိုင်ဘူးလော။သိဒ္ဓတ္ထ၊ဘာမဆို ယောကျ်ား၏ လက်ထဲမှာသာ ရှိသည်ဟု သင် ယူဆသလော။မိန်းမသည် အားမဲ့သူ လုံးလုံး ဖြစ်သလော။ အကယ်၍ ထိုအတိုင်းသာဆိုလျှင် သင် ကမ္ဘာလောက၏ အကျိုးကို သယ်ပိုး စွမ်းဆောင်နိုင်မည် မဟုတ်ပေ။

**ငါ။** ။မာရ်(နတ်)ယုတ်၊ ငါ သင့်ကို သိသည်။ငါ့ကို အကျင့်တရား အားမထုတ်အောင် တားမြစ် ပိတ်ပင်လိုသည့်ဆန္ဒ သင့်မှာ ရှိနေသည်။ငါ သင့်စကားများကို ကောင်းစွာ နားလည်သည်။သင် မိန်းမဘက်က ဘယ်လို ပဲ ရှေ့နေလိုက်လိုက် လောက ကောင်းကျိုးရှိမည့် လမ်းကြောင်းကို ငါသိ သည်။ ရာဟုလာ၏မိခင်ကို ငါ စွန့်ရခြင်းမှာ လောက ကောင်းကျိုးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။မိန်းမလည်း အကျင့်တရားကို ကျင့်ကြံအားထုတ် နိုင်သည်။ ရာဟုလာ မိခင်လည်း အကျင့်တရားကို ကျင့်ကြံအားထုတ်လိမ့်မည်။ လူကို ဖန်ဆင်းသည့် အလုပ်လည်း မိန်းမများ ကျင့်ကြံအားထုတ်သည့် အကျင့် တရားပင် ဖြစ်သည်။ရာဟုလာ မိခင်အား ထိုအလုပ်ကိုသာ ငါ ပြုလုပ်စေလို သည်။ရှေ့သို့တိုးသွားရန်အတွက် ခြေတစ်ချောင်းကို ရှေ့သို့ လှမ်းပြီး အခြား ခြေတစ်ချောင်းကိုမူ ရှိရင်းစွဲ နေရာမှာ ချထားရသည်။ ခြေနှစ်ချောင်းလုံးကို စုံလှမ်း၍ မရပေ။ထိုနည်းအတိုင်း ငါလည်း ရှေ့သို့ လှမ်းသည်။ ခြေတစ် ချောင်း ရှေ့မှာ အခြေမကျမီ အခြား ခြေတစ်ချောင်းက နောက်မှာပင် ရှိနေ လိမ့်မည်။

မာရ်(နတ်)ယုတ်။ ။သို့သော်လည်း သိဒ္ဓတ္ထ၊ကျွန်ုပ် ပြောပြ မည်။အိမ်မှာ ရရှိနိုင်သည့် လူ့အကျိုး ဆောင်ရွက်ရန် နည်းလမ်းများကိုသင် တောထဲမှာ ရရှိနိုင်လိမ့်မည် မဟုတ်။

ငါ။ ။မာရ်(နတ်)ယုတ်၊အိမ်မှာ လူ လေးငါးယောက်အား ပေး ကမ်းနိုင်သည် ဆိုပါလျှင် အိမ်က စွန့်ခွာပြီး တောဝနာကို သွားသည့်အခါမှာ ကမ္ဘာလောကကို ပေးကမ်းနိုင်မည် မဟုတ်လော။

မာရ်(နတ်)ယုတ်သည် အရှုံးပေးလျက် တစ်ဖန် ထွက်ပြေးသွားပြန် လေသည်။သို့ရာတွင် ထွက်ပြေးသွားသော်လည်း သူ ဘယ်လောက် ဒုက္ခ ဆက်ပေးနေသည် ဆိုသည်ကိုမူ ဘယ်တော့မှ မေ့ပျောက်သွားလိမ့်မည် မဟုတ်ပေ။

ကောင်းသည့်အလုပ်ပင် ဖြစ်စေကာမူ အနှောင့်အယှက် များစွာ တွေ့ကြုံရတတ်သည်။ရန်သူထက် မိတ်ဆွေက အနှောင့်အယှက် ဖြစ်နေ တတ်သည်။

ကန္ထက(ကဏ္ဍက၊သိဒ္ဓတ္ထမင်းသား၏ မြင်းနာမည်)မြင်းစီးလျက် တစ်ညဥ့်လုံး မောင်းနှင်လာခဲ့ရာ အနောမာ မြစ်ကမ်းပါးသို့ ရောက်ရှိလာ



www.burmeseclassic.com

www.burmeseclassic.com



သောအခါတွင် တစ်ညဉ့်တည်းနှင့် တိုင်းပြည်သုံးပြည်၏ နယ်စပ်များကို ဖြတ်ကျော်မိလာ ခဲ့လေပြီ။ကန္တကမှာ အသက် ထွက်သွားရှာလေပြီ။

ဆန္နက(ဆန္န)သည် ဝမ်းနည်းပက်လက် ဖြစ်လျက် မျက်ရည်များ စီးကျလာသည်။ငါ ရဟန်းပြုတော့မည် ဆိုသည့်အကြောင်း သူ့ကို ပြောပြ လိုက်သည့်အခါ သူသည် ဟစ် ဟစ်၍ ငိုကြွေးရှာလေတော့သည်။ ကျွန်ုပ် လည်း ရဟန်းပြုမည်ဟု သူက ပြောလေသည်။

လမ်းလည်း မမြင်၊စခန်းလည်း မမြင်၊အရပ်မျက်နှာလည်း ကြည့် မမြင်သည့်တောနက်ထဲ ငါ ဝင်ရောက်လာသည် ဆိုသည်ကို သူ့ခမျာ ဘယ်မှာ သိရှာမည်နည်း။ငါ့ခေါင်းက ဆံပင်ရိတ်ဖြတ်ခွင့်ကိုပင် သူ မပေး ချင်ပေ။ဆံပင်ရိတ်သည့်ဓား မရှိဟု သူက ပြောလေသည်။ထိုအခါ ငါသည် ဓားရှည်ဖြင့် မိမိ၏ ဆံပင်ကို ဖြတ်လိုက်လေသည်။

မြေကြီးပေါ်တွင် ပုံကျနေသော ငါ၏ ဆံပင်များကို တွေ့ရသည့်အခါ သူ့ခမျာ သည်းထန်စွာ ငိုကြွေးရှာလေသည်။မိခင်တစ်ယောက်ယောက် မိမိ ရင်သွေး၏ အလောင်းကို ကြည့်လျက် ငိုးကြွေးသကဲ့သို့ ဖြစ်သည်။သူ၏ သံယောဇဉ်ကြီးပုံကို ကြည့်၍ ကရုဏာ ဖြစ်လာမိသည်။မာရ်(နတ်)ယုတ်က အခွင့်ကောင်းယူလျက် သောက အတန်ငယ် ဖြစ်လာအောင်လည်း ဖန်တီး လိုက်သည်။သို့ရာတွင် ငါသည် ဖြစ်သည့်နည်းဖြင့် မိမိ၏ မျက်ရည်များကို တားဆီးလိုက်သည်။မာရ်(နတ်)ယုတ် ထွက်ပြေးသွားသည်။ဆန္နကကိုလည်း ငါ ပြန်လွှတ်လိုက်သည်။

မနေ့ကအထိ ငါသည် ဘုရင့်သားတော် ဖြစ်ခဲ့သည်။ယနေ့ သွားမိ သွားရာ လျှောက်သွားနေသည့် ဘုန်းတောင်းယာစကာ ဖြစ်နေပြီ။မိမိကိုယ်ကို မြေကြီးနှင့် ရောနှောလိုက်ပြီ။ဘယ်တော့ အညွန့်အညှောက် ထွက်လာမည် ဆိုသည်ကို ကြည့်ရပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

# လူသည် တိရစ္ဆာန် ဖြစ်သည်

လူသည် အမှန်စင်စစ်အားဖြင့် တိရစ္ဆာန်မျှသာ ရှိသေးသည်။တိရစ္ဆာန် ဆန်သည့် အင်အား၏ ရှေ့မှောက်တွင်သာ သူတို့ ဦးညွှတ်ကြသည်။ စွန့်လွှတ်ခြင်း၊ တရားကျင့်ခြင်း၊အကျိုးပြုခြင်း များသည် သူတို့၏ ရှေ့မှောက်တွင် မည်ကဲ့သို့သော တန်ဖိုးမျှ မရှိ။အကယ်၍ ငါသည် ဓားကို ဝင့်လျှင်၊ မိန်းမများအား မုဆိုးမ ဖြစ်စေလျှင်၊ကလေးသူငယ်များဆီက မိဘများကို လုယူလျှင်၊ အဘိုးအိုများဆီက ကလေးသူငယ်များကို လုယူလျှင် သူတို့သည် ငါ့ရှေ့မှောက်တွင် ဦးညွှတ်ကြပေလိမ့်မည်။ရွှေ ငွေ ကျောက်သံပတ္တမြားကို လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သကြ ပေလိမ့်မည်။ငါ့ကို သူတို့၏ ခိုကိုးရာ ဟူ၍လည်းကောင်း၊ သူတို့၏ ထမင်းသခင် ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြပေလိမ့်မည်။

ယနေ့ ငါသည် မင်းစည်းစိမ် ဟူသမျှကို စွန့်လွှတ်ခဲ့ပြီးလျှင် သူတို့၏ အကျိုးကို ဆောင်ရွက်သူ အဖြစ်ဖြင့် သူတို့၏ရှေ့မှောက် ရောက်လာသော အခါ သူတို့သည် ငါ့အား စားသောက်စရာ ဘာများ ပေးကြသနည်း။ငါတို့၏ အိမ်၌ တိရစ္ဆာန်များပင် မစားသည့်မြင်လိုက်ရသည်နှင့် ပျို့တက်လာသည့် အစားအစာမျိုးကို ပေးကြသည်။

မှာပြည့်စာအုပ်တိုက်

www.burmeseclassic.com



မာရ်(နတ်)ယုတ်က ပြောလေသည်။

'သိဒ္ဓတ္ထ၊သင့်ကို လည်းကောင်း၊သင်၏ စွန့်လွှတ်မှုကို လည်းကောင်း ကမ္ဘာလောက က ဂရုမစိုက်ဟု ကျွန်ုပ် သင့်ကို ပြောဖူးသည် မဟုတ်လော။ ကမ္ဘာလောက၏အမြင်၌ သင်သည် လှည့်လည် တောင်းခံနေကြသည့် ဖုန်းတောင်းယာစကာ အရာအထောင်တွေထဲက တစ်ဦးတစ်ယောက်မျှသာ ဖြစ်နေသည်။အကယ်၍သာ သင် ဘုရင်ဧကရာဇ် အဖြစ်ဖြင့် ရောက်လာလျှင် သင့်ကို သူတို့ ဘယ်လောက် ဩဇာခံကြိုဆို လိုက်ကြမည်နည်း။သင့်စကားကို သူတို့ ဘယ်လောက် လေးလေးစားစား လက်ခံနာယူ လိုက်ကြမည်နည်း။ သင်သည် မိမိ၏ နန်းဆောင်၌ သုံးနှစ်တိုင်တိုင် နှစ်ချို့ပြီး မွှေးရနံ့များဖြင့် ကြိုင်ထုံထားသည့် ဆန်များကို စားရသည်။အကယ်၍သာ ဘုရင်အဖြစ်ဖြင့် ရောက်လာလျှင် ဤနေရာ ဤဒေသ၌လည်း သင်သည် ထိုဆန်မျိုးကိုပင် သုံးဆောင်ရ ပေလိမ့်မည်။ယခုမူ ရသေ့ရဟန်း အဖြစ်ဖြင့် သင် ရောက်လာခဲ့သည်။ငါသည် ဘုရင်ဧကရာဇ်တွေထက်ပင် မြင့်မြတ်သေးသည်ဟု သင်က တော့ ကိုယ့်ကိုယ်ကို အောက်မေ့ချင် အောက်မေ့ပေမည်။သို့သော်လည်း ကမ္ဘာလောက က သင့်ကို ဘယ်လို အောက်မေ့မည် ဆိုသည်ကို သင် သိပါ၏လော။ဖုန်းတောင်းယာစကာတစ်ဦး အဖြစ်လောက်သာ သင့်ကို အောက်မေ့ပေလိမ့်မည်။အခု သင် နောက်ကြောင်းကို ပြန်ဆုတ်လိုလျှင် ပြန်ဆုတ်နိုင်သေးသည်'

စိတ်နှလုံးထဲတွင် ကိန်းအောင်းနေသည့် မာရ်(နတ်)ယုတ်သည် အခွင့်ပေါ်လျှင် ပေါ်သလို ဆန့်ကျင်တိုက်ခိုက်နေသည်။သို့ရာတွင် သူ ငါ့ကိုအနိုင်မရ။မာရ်(နတ်)ယုတ်က ငါ့အား ယင်းသို့ တစ်ချက်-အလဲထိုးလိုက်သောအခါ ငါက ပြန်ပြောပြသည်။

'ဟဲ့ …အယုတ်တမာ၊စွန့်လွှတ်ခြင်း၏ အဓိပ္ပာယ် လျှို့ဝှက်ချက်ကို သင် ဘယ်မှာ သိမည်နည်း။ကမ္ဘာလောကအနေနှင့် တိရစ္ဆာန်ဆန်သည့်



www.burmeseclassic.com

www.burmeseclassic.com



ခွန်အား၊ စည်းစိမ်ချမ်းသာ၊အာဏာတန်ခိုးတို့၏ ရှေ့မှောက်၌ ဦးညွှတ်ပြီး စွန့်လွှတ်ခြင်း၊အကျိုးပြုခြင်းတို့အား အလေးမထားခြင်းမှာ သူ့ရောဂါ ဝေဒနာပင် ဖြစ်သည်။ထိုရောဂါ ဝေဒနာကို ငါ ဖယ်ရှားပစ်လိုသည်။ ဆေးသမားသည် လူနာ၏ရောဂါကို ကြည့်ပြီး ထိတ်ထိတ်ပျာပျာ ဖြစ်နေလျှင် လူနာကို ဘယ်လိုလုပ် ကု၍ ဖြစ်တော့မည်နည်း။ငန်းဖမ်းနေသည့် အခါမျိုး၌ ဆိုလျှင် လူနာသည် ဆေးသမားကို ဆဲရေးတိုင်းထွာခြင်းကို သော်လည်းကောင်း၊ သို့မဟုတ် တုတ်ဖြင့် ရိုက်မောင်း ပုတ်မောင်း သော်လည်းကောင်း လုပ်တတ်သည်။ သို့သော်လည်း ဆေးသမားကမူ ထိုအခြင်းအရာများကို ဂရုစိုက်မနေဘဲ လူနာ၏ရောဂါကိုသာ ကုသည်။ငါ ကမ္ဘာလောက၏ ရောဂါကို ကုဖို့လောက်သာ တွေးတောစဉ်းစားသည်။မိုက်မိုက်မဲမဲ ပြုလုပ်သူ၏ စော်ကားမှု လျစ်လျူရှုမှုများကို ငါ ဂရုမထား’

ငါ၏စကားကို ကြားရသည်ဖြစ်၍ မာရ်(နတ်)ယုတ်သည် ဆုတ်ခွာသွားပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## သစ္စာတရား ရှာမှီးသူကို အထင်သေးကြသည်

နောက်ကို ပြန်မည်ဆိုလျှင်လည်း ဘယ်နေရာ ဘယ်ဒေသကို ပြန်မည်နည်း။ ရှေ့သို့ တိုးသွားဖို့ရာကလည်း မလွယ်ကူပေ။

အမိုက်ကိုက်သည် တစ်ခဲနက် မှောင်မိုက်နေသည်။နေ့နှင့်ည တစ်သားတည်း ဖြစ်နေသည်။

ယခုအထိ သစ္စာတရားကို မရရှိသေးပေ။ထင်ရှားကျော်ကြားသည့် ဆရာ့ ဆရာကြီးများထံ ဆည်းကပ်လျှင် သစ္စာတရားကို ရပေလိမ့်မည်ဟု စိတ်ကူးမိခဲ့သည်။သို့ရာတွင် သူတို့ထံမှ ဘာကိုမျှ မရ။ရသည့် အရာကလည်း အနှစ်သာရ ကင်းမဲ့သည်။အလာရ ကာလာမနှင့် ဥဒ္ဒက(ဥဒက) ရာမပုတ္တတို့သည် ထင်ရှားကျော်ကြားသည့် ဆရာ့ ဆရာကြီးများ ဖြစ်ကြသည်။ သို့ရာတွင် သူတို့ထံတွင် ယောဂအကျင့် အနေဖြင့် ကိုယ်လက်လှုပ်ရှားနည်းကို သင်ကြားပြသ ပေးခြင်းမှ တစ်ပါး တခြား ဘာမျှ မရှိပေ။ယင်း ကိုယ်လက်လှုပ်ရှားနည်းဖြင့် ကမ္ဘာလောကသည် မည်သို့ ကျေးဇူးရှိမည်နည်း။သူတို့က ငါ့ကို ဆရာတစ်ဆူလုပ်ရန် ပြောကြသည်။သစ္စာတရားကို မရရှိဘဲနှင့် ဆရာတစ်ဆူ လုပ်၍ မည်သို့ ကျေးဇူးရှိမည်နည်း။ယင်းသို့ ပြုလုပ်ခြင်းထက် ဘုရင်အဖြစ်နှင့် နေရခြင်းက ကောင်းဦးမည်။

ငါ၏ဘဝသည် အချည်းနှီး အလဟဿများ ဖြစ်သွားမည်လားဟု



www.burmeseclassic.com

www.burmeseclassic.com



လည်း မကြာခဏ တွေးတော စိုးရိမ်ခြင်း ဖြစ်မိသည်။ငါသည် အကျင့်တရားပေါင်း အမြောက်အမြားကို ကျင့်ကြံအားထုတ် ပြီးလေပြီ။ကြမ်းတမ်းပေ ဆိုသည့် အစာအာဟာရများကိုလည်း မှီဝဲပြီးခဲ့လေပြီ။လပေါင်းများစွာလည်း အစာမစားဘဲ နေခဲ့ဖူးလေပြီ။လူ့သေကောင်ကဲ့သို့ မလှုပ်မယှက်လည်း နေခဲ့ဖူးလေပြီ။သို့ရာတွင် သစ္စာတရားကို မရရှိခဲ့ပေ။သို့ဖြစ်လင့်ကစား အံ့ဩဖွယ်ကောင်းသည့် အချက်မှာ ထိုစဉ်က ကမ္ဘာလောက က ငါ့ကို မြင့်မြတ်ကြီးကျယ်သူဟု အောက်မေ့သည်။ပဥ္စဝဂ္ဂီ ငါးဦးသည် ငါ့ကို တကယ့် ဉာဏ်ပညာရှင်ဟု ယူဆပြီး နှစ်ကာလ ကြာမြင့်စွာ ငါ့ကို ပြုစုလုပ်ကျွေး နေခဲ့ကြသည်။

ကမ္ဘာလောကအား ငါ ဘာမျှ မပေးနိုင်သည့် အချိန်၌ ကမ္ဘာလောကသည် ငါ့အား ပူဇော်သည်။ကန်တော့သည်။ကမ္ဘာလောက၌ ရောဂါတစ်ခု ရှိသည်။ထိုရောဂါမှာ အသုံးမဝင်သည့် လူများအား ပူဇော်ခြင်း ဖြစ်သည်။ အကြင်သူသည် ကမ္ဘာလောကအား တိရစ္ဆာန် ဆန်သည့် ခွန်အားဗလဖြင့် ဖိနှိပ်ချုပ်ချယ်၏။အကြင်သူသည် ကမ္ဘာလောက၏ အပေါ်တွင် ဝန်ထုပ်ပိစေ၏။ထိုသူသည် ကမ္ဘာလောက၏ ဘုရင်ဧကရာဇ် ဖြစ်သည်။သူတော်စင် ဖြစ်သည်။ယောဂီ ဖြစ်သည်။

ထို ပဥ္စဝဂ္ဂီ ရဟန်းများကို ကြည့်စမ်းလော့။ငါ ဘာမျှ အသုံးမဝင် ဖြစ်ပြီး အဆင်းရဲ ခံနေရသည့် အချိန်က သူတို့အားလုံး ကျေးကျွန်သဖွယ် ငါ့ကို ပြုစုလုပ်ကျွေး ခဲ့ကြသည်။ငါက သူတို့ကို ဘာမျှ ပေးကမ်းခြင်း မပြုသော်လည်း သူတို့ တင်းတိမ်ရောင့်ရဲ ကြသည်။ယနေ့ ကိုယ့်ကိုယ်ကို ညှဉ်းဆဲမှုဟူသော အချည်းနှီး အလဟဿဖြစ်သည့်အကျင့်ကို စွန့်ပစ်လိုက်ပြီး သူတို့ကို တစ်ခုခု ပေးမည်၊ရှင်းလင်းဟောပြမည်ဟု ကြံရွယ်လိုက်သောအခါ သူတို့အားလုံး ထွက်ပြေးသွားကြသည်။

ယခု ငါသည် သစ္စာတရားကို မရသေးသော်လည်း သစ္စာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သည့် တရားပေါင်း များစွာကို နားလည်သဘောပေါက်ပြီး ယင်းသစ္စာမဟုတ်သည့် တရားတို့မှ ဖယ်ကြဉ်ခဲ့လေပြီ။ယခု ငါသည် သစ္စာတရားကို တွေ့မြင် သိရှိဖို့ရန် အချိန်ကြာတော့မည် မဟုတ်။သို့ရာတွင် ငါ၏ ယင်း တိုးတက်မှုကို သူတို့က ကျဆုံးမှုဟု ထင်ကြသည်။သို့ဖြစ်၍သာ သူတို့ ငါ့ထံမှ ထွက်ပြေးကြခြင်း ဖြစ်သည်။အမှန်စင်စစ် ကျဆုံးသူမှာ သူတို့သာလျှင် ဖြစ်သည်။ ကမ္ဘာလောကသည် ယနေ့ ယင်း ကျဆုံးမှု လမ်းမပေါ် လျှောက်နေသည်။ သစ္စာတရား အမှန်တရားကို ကြောက်လန့်ပြီး ထွက်ပြေး တိမ်းရှောင်နေသည်။ သစ္စာမဟုတ်သည့် တရား၊မမှန်သည့် တရားကို ဆည်း ကပ်နေသည်။ ကမ္ဘာလောကသည် နုံသည်။အ သည်။ကြောက်တတ်သည်။ ဤတိရစ္ဆာန်နှင့်တူသည့် လူတွေအား ကရုဏာ ထားရမည်လော၊သို့မဟုတ် မထားရဘူးလောဟု ဝေခွဲ မရအောင် ဖြစ်နေသည်။

မာရ်(နတ်)ယုတ်က ပြောလေသည်။

'သိဒ္ဓတ္ထ၊ကမ္ဘာလောက က သင့်ကို နားမလည်။ကမ္ဘာလောကသည် ကရုဏာနှင့် မထိုက်တန်။အပြစ်ဒဏ်နှင့်သာ ထိုက်တန်သည်။အိမ်ကို ပြန်သွားလော့။ဘုရင့်သံလျက်ကို ကိုင်ဆောင်လော့။ကမ္ဘာလောကအပေါ် ခွစီးလော့။ကမ္ဘာလောက က သင့်ကို နားလည် သဘောပေါက် လာလိမ့်မည်'

ငါက ပြန်ပြောသည်။

'မာရ်(နတ်)ယုတ်၊သင် ငါ့ကို ဘာ လာ ဆရာ လုပ်နေသနည်း။ ကမ္ဘာလောက က ငါ့ကို နားလည်သည် ဖြစ်စေ၊နားမလည်သည်ဖြစ်စေ ငါ ဂရုမစိုက်။ကမ္ဘာလောက က ငါ့ကို နားလည်အောင် ငါ သစ္စာမဟုတ်သည့် တရားကို မှီခိုဆည်းကပ် ရမည်လော။ယင်းသို့ ပြုလုပ်ခြင်းဖြင့် မည်သို့ အကျိုးရှိမည်နည်း။ကိုယ့်ကိုယ်ကိုသော်မှ နားမလည်သည့် လူကို ကမ္ဘာလောက က နားလည်ဦးတော့ မည်သို့ ကျေးဇူး များမည်နည်း။ရှေ့နားမှာ ကျောက်တုံးတစ်ခု ရှိနေသည်။ငါလည်း ထိုကျောက်တုံးကို နားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



သင်လည်း ထိုကျောက်တုံးကို နားလည်သည်။ဤနေရာ ရောက်လာသူ မှန်သမျှ ထိုကျောက်တုံးကို နားလည်ကြသည်။သို့ရာတွင် ယင်းသို့ နားလည် သည့်အတွက် ကျောက်တုံးမှာ မည်သို့ကျေးဇူး ရှိမည်နည်း။ကျောက်တုံး သည် မိမိကိုယ်ကိုမှ နားမလည်ပေ။တစ်ကမ္ဘာလုံးက မိမိကို နားလည်ပြီး မိမိကိုယ်ကိုမူ မိမိ နားမလည်သည့် ကျောက်တုံးမျိုး ငါ မဖြစ်လိုပေ။ငါ့ ကိုယ်ကို နားလည်အောင် လုပ်မည်။ကမ္ဘာလောက က နားလည်တာ မလည် တာ ငါ အမှု မထား'

ငါ၏ စကားကို ကြားရသည့်အခါ မာရ်(နတ်)ယုတ်သည် ထွက်ခွာ သွားပြန်လေသည်။သို့ရာတွင် သူ ထိုးနှက်သွားသည့် နေရာမှာမူ အခုထက် တိုင် နာကျင်နေတုန်း ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

## ရှုံးသွပ်နေသော ကမ္ဘာလောက

ယခု အတောအတွင်း ညဥ့်ပေါင်းများစွာ ထူးထူးခြားခြား စဥ်းစား ဆင်ခြင်မှု ပြုလာခဲ့လေသည်။အကြင် သစ္စာတရားကို ရရှိဖို့ရန်အတွက် အိမ်တံခါးကို စွန့်ခွာလာခဲ့ပြီး အကျင့်တရားကို ကျင့်ကြံအားထုတ် ခဲ့၏။ထိုသစ္စာတရားကို ရရှိသောအခါ၌ ငါသည် အံ့သြသွားမိသည်။ယင်းသစ္စာတရားကို တွေ့မြင် သိရှိ ရသဖြင့် ငါ၏ဘဝသည် အောင်မြင် ထမြောက် သွားခဲ့လေပြီ။

သို့ရာတွင် ဤမျှဖြင့် ဘဝ၏ အောင်မြင်မှု ဖြစ်နိုင်ပါသလော။ ငါသည် သစ္စာတရားကို ရရှိခြင်းကြောင့် တစ်သက်လုံး ပီတိဖြစ်နေပြီး အဝိဇ္ဇာထဲတွင် နစ်မြုပ်နေသည့် ကမ္ဘာလောကအား မေ့နေမည် ဆိုပါလျှင် ငါ၏ဘဝသည် အောင်မြင်မှု ရရှိပါမည်လော။လူ့လောကအတွင်း၌ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ကမ္ဘာလုံး၏ မျက်စိအမြင် မရောက်နိုင်လောက်အောင် မြင့်မားသည့် နေရာ၌ တက်နေ၍ ရပါမည်လော။လေးဖက် လေးရပ်တွင် ငရဲအတိ ဖြစ်နေပြီးလျှင် နားကွဲလုမတတ် အော်ဟစ် ငိုကြွေးနေကြပြီး အပုပ်နံ့ တထောင်းထောင်း ထွက်နေသည် ဖြစ်သောကြောင့် နှာခေါင်း မဖော်ရဲအောင် ဖြစ်နေသည့် ကမ္ဘာလောက၏ အလယ်၌ ကိုယ်တစ်ဦးတည်းက ပန်းရနံ့ကို ရှူကာ ရှူကာနှင့် တေးသီချင်းကို ကျူးကာ ကျူးကာနှင့် ပျော်မြူးနေ၍ ဖြစ်နိုင်မည်လော။ကမ္ဘာလောကကို မထုတ်ဆယ် မကယ်တင်ဘဲနှင့် ပုဂ္ဂိုလ်တစ်ဦး

www.burmeseclassic.com

တစ်ယောက်၏ ထုတ်ဆယ်ကယ်တင်မှု ဘယ်အထိ ဖြစ်နိုင်ပါမည်နည်း။ ကမ္ဘာလောကမှာ အကယ်၍ မကောင်းမှုများ ရှိနေလျှင် ထိုမကောင်းမှုများ၏ အကျိုးကို ငါလည်း အနည်းနှင့်အများ ခံစားရလိမ့်မည်သာ ဖြစ်သည်။ ကမ္ဘာလောကအား မြှင့်မတင်ဘဲနှင့် ငါ ဘယ်အထိ မြင့်နိုင်မည်နည်း။

သို့ရာတွင် ကမ္ဘာလောကကို ဘယ်လိုလုပ်ပြီး မြှင့်တင်မည်နည်း။ ကမ္ဘာလောကသည် မြင့်လိုသည့်စိတ် ရှိပါသလော။ကမ္ဘာလောကသည် လမ်းမှန်ပေါ်က လျှောက်သွားလိုသည့်ဆန္ဒ ရှိပါသလော။ငါ သိမြင်ရရှိသည့် သစ္စာတရား၏ အရှိန်အစော်ကို ကမ္ဘာလောကသည် ခံနိုင်ရည် ရှိပါမည်လော။

ကမ္ဘာလောကသည် 'အလွန်'ဝါဒကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်သည်။လွန်ကဲမှုကိုသာလျှင် ကြီးကျယ်သည်ဟု သူ ထင်မြင်ယူဆသည်။ လွန်ကဲမှု၏ ရှေ့မှောက်၌သာလျှင် သူ ဦးညွတ်သည်။သူသည် ဥစ္စာစနေနှင့် စည်းစိမ်လွန်ကဲမှုရှိသူ သူဌေးသူကြွယ်တို့ကို ကိုးကွယ် ဆည်းကပ်လိမ့်မည်။ အာဏာလွန်ကဲမှုရှိသူ မင်းစိုးရာဇာတို့အား ကိုးကွယ် ဆည်းကပ်လိမ့်မည်။ ကိုယ်ကာယကို ဒဏ်ထားခြင်း သို့မဟုတ် ညှဉ်းပန်းခြင်းအကျင့် လွန်ကဲမှုရှိသူ ရသေ့သူတော်စင်တို့အား ကိုးကွယ်ဆည်းကပ် လိမ့်မည်။ကမ္ဘာလောကသည် လျှို့ဝှက်မှုကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်သည်။ထူးဆန်းအံ့ဩဖွယ်ကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်သည်။ကြောက်ရွံ့ဖွယ်ကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်သည်။မေတ္တာကို ကိုးကွယ်ဆည်းကပ်သူ မဟုတ်ပေ။ရိုးသားမှုကို ကိုးကွယ် ဆည်းကပ်သူ မဟုတ်ပေ။

ကမ္ဘာလောက၏ 'အလွန်'ဝါဒ ဟူသမျှမှာ ဒုက္ခပေးသည့် အရာများသာလျှင် ဖြစ်ကြသည်။အရသာ တစ်ခုတည်း လွန်လွန်ကဲကဲ ဖြစ်နေလျှင် အစာအာဟာရသည် ခံတွင်းတွေ့သည့် အစာအာဟာရတစ်ခု မဖြစ်နိုင်ပေ။ ဆားချည်း ထည့်ခြင်းအားဖြင့် လည်းကောင်း၊ရေုတ်သီးချည်း ထည့်ခြင်းအားဖြင့် လည်းကောင်း၊ထန်းလျက်ချည်း ထည့်ခြင်းအားဖြင့် လည်းကောင်း


www.burmeseclassic.com

www.burmeseclassic.com



အစာအာဟာရသည် အရသာရှိသည့် အစာအာဟာရတစ်ခု ဖြစ်မလာနိုင်ပေ။ အရသာရှိသည့် အစာအာဟာရတစ်ခု ဖြစ်ရန်အတွက် သူ့အတိုင်းအရှည်နှင့်သူ လိုအပ်သည်။

လူ့ဘဝအတွက်လည်း ဤနည်းအတိုင်း ဖြစ်သည်။လူ့ဘဝ၌ စွန့်လွှတ်မှု လိုအပ်ပေသည်။သို့ရာတွင် ကိုယ့်ကိုယ်ကို ဒဏ်ထားခြင်း သို့မဟုတ် ညှဉ်းဆဲခြင်းမျိုးမှု မလိုပေ။လူ့ဘဝ၌ သုံးဆောင်ခံစားမှု လိုအပ်သည်။ သို့ရာတွင် လူ့ငြွေ့တို့၏ ကျေးကျွန်ဖြစ်စရာ မလိုပေ။လမ်းစဉ်မှာ အလယ်အလတ် လမ်းစဉ် ဖြစ်သည်။သို့ရာတွင် ကမ္ဘာလောကသည် ယင်းအချက်ကို နားလည်နိုင်မည်လော။ယင်းသို့ဖြစ်လျှင် ငါသည် ကမ္ဘာလောကအား သစ္စာတရားကို ဘယ်လိုလုပ် ညွှန်ပြမည်နည်း။

နောက် အခက်အခဲတစ်ခုမှာ ကမ္ဘာလောက၏ အမြင်သည် ပြောင်းပြန် လုံးလုံး ဖြစ်နေခြင်း ဖြစ်သည်။ကမ္ဘာလောကသည် လိုအပ်သည့် အရာကို မလိုအပ်ဟု အထင်ရှိသည်။ပဓာနကို သာမည လုပ်ပြီး သာမညကိုမှု ပဓာန လုပ်သည်။ယင်းသို့လျှင် သူ၏ မျက်စိအမြင်သည် ပျက်စီးနေသည်ဖြစ်ရာ သူ့ကို ဘယ်လို လုပ်ပြ၍ ရမည်နည်း။

လူသည် သုခကို လိုချင်သည်။ဒုက္ခကို ကြောက်လန့်သည်။သို့ရာတွင် သုခနှင့် ဒုက္ခကိုလည်း နားလည်အောင် မကြိုးစားပေ။သုခနှင့် ဒုက္ခ၏ အကြောင်းကိုလည်း သဘောပေါက်အောင် အားမထုတ်ပေ။အကြင် စိတ်လှုပ်ရှား ဖောက်ပြန်မှုများကြောင့် လူသည် ဆင်းရဲဒုက္ခ ရောက်ရ၏။အကြင် စိတ်လှုပ်ရှားမှုများသည် ကမ္ဘာလောကအား ဆင်းရဲဒုက္ခ ရောက်စေ၏။ထို စိတ်လှုပ်ရှားမှုများကို ပယ်ဖျောက်ပစ်ဖို့ စိတ်မကူးပေ။ငါတို့၏ ပတ်ဝန်းကျင်တွင် ရှိသည့် လက်ညှိုးထိုး မလွတ်သော ဒုက္ခ၏ အကြောင်းများကိုမှု ဖယ်ရှားဖျောက်ပစ်ဖို့ စိတ်မကူးပေ။စိတ်ကူးသည်ကား နတ်ပြည်ဆိုသည်မှာ ဘယ်လိုအရာ ဖြစ်သနည်း။နတ်ပြည်မှာ နတ်သမီးများကို ရနိုင်ပါလော။



www.burmeseclassic.com

www.burmeseclassic.com



ငရဲပြည် ဘယ်မှာ ရှိသနည်း။တန်ခိုးရှင် ဘုရားသခင် ဘယ်မှာ ရှိသနည်း။ တန်ခိုးရှင် ဘုရားသခင် ဆိုသည်မှာ ဘယ်လို အရာနည်း။ပရလောက ဘယ်မှာရှိသနည်း။ပရလောကဆိုသည်မှာ ဘယ်လို အရာနည်း စသည့် အကြောင်းအရာများ ဖြစ်သည်။ယင်းသို့ အကျိုး မရှိသည့် အကြောင်းအရာများ၌သာလျှင် ဦးနှောက် အလုပ်များနေကြသည်။ယင်း အကြောင်းအရာများကိုသာလျှင် အခြေပြု၍ အသင်းအပင်း အုပ်စုဖွဲ့ကြသည်။တစ်ဦးနှင့်တစ်ဦး ပဋိပက္ခ ပြုကြသည်။ ကဲ့ရဲ့ရှုတ်ချ ကြသည်။ယင်းကိုပင် ဘာသာတရားဟု ခေါ်သေးသည်။ ဤမျှလောက် ရှုးသွပ်သည့် ကမ္ဘာလောကအား ငါ မည်သည့်အရာ ညွှန်ကြားပြောပြ မည်နည်း။မည်သို့ ညွှန်ကြားပြောပြ မည်နည်း။

ကမ္ဘာလောကသည် ကြောင်သူတော်ကို အထင်ကြီးသည်။ တစ်စုံတစ်ယောက်သောသူက ပရလောက စသည့် စကားလုံးများကို အသုံးပြုလျက် သူ့ကို ကျေနပ်နှစ်သိမ့်စေမည့် စိတ်ကူးယဉ်များကို ပြောပြလျှင် လည်းကောင်း၊ဘာမဆို သိသူ အဖြစ်ဖြင့် အယုံသွင်းလျက် သူ့ကို လှည့်စားလျှင် လည်းကောင်း ကမ္ဘာလောကသည် ထိုသူ့အပေါ်၌ အကျေနပ်ကြီး ကျေနပ်လေသည်။သို့ရာတွင် တစ်စုံတစ်ယောက်က အမှန်တရားကို ပြောပြလျှင် လည်းကောင်း၊မသိသည့်အရာကို မသိဟု ပြောပြလျှင် လည်းကောင်း၊ သုခ၏ လွယ်ကူသော လမ်းစဉ်ကို ပြောပြလျှင် လည်းကောင်း ထိုပုဂ္ဂိုလ်မျိုးကိုမူ ဤ အရူး ကမ္ဘာလောက က အရူးဟုပင် သမုတ်ပေလိမ့်မည်။ ကမ္ဘာလောကသည် မိမိအား စိတ်ကူးယဉ်ဖို့ အခွင့်အလမ်း များများရမည့် အမှောင်ထဲသို့ တစ်စုံတစ်ဦးက တွန်းပို့စေရန် လိုလားသည်။ ကမ္ဘာလောကသည် အလင်းရောင်ကို အလို မရှိပေ။အကြောင်းမူကား အလင်းရောင်ထဲတွင် စိတ်ကူးယဉ်အတွက် နေရာ မရှိသောကြောင့် ဖြစ်လေသည်။ ကမ္ဘာလောကသည် အမှောင်ထဲတွင် နေ၍ အပိုင်းအခြား မရှိသည့် စိတ်ကူးယဉ်မှုများကို ပြုလုပ်နေလိုသည့်ဆန္ဒရှိသည်။ယင်းကဲ့သို့သော ကမ္ဘာလောကအား အလင်းရောင် ငါ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လုပ် ပေးမည်နည်း။ခင်ပုတ်ငှက်အား အလင်းရောင်ပေး၍ အစိမ့်ဘယ် ရှိပါမည်လော။အင်း ငါ ဘာမျှ မလုပ်လိုတော့။ကမ္ဘာလောကလည်း သူ့ဘာသာသူ မှေ့မှေ့လျှော့လျှော့ နေချင် နေပေစေ။ငါလည်း ငါ့ဘာသာ မှေ့မှေ့လျှော့လျှော့ပင် နေလိုက်တော့မည်။

မာရ်(နတ်)ယုတ်က ပြောလာပြန်သည်။

'အဲဒီလို နေတာပဲ ကောင်းသည်၊သင် သူတစ်ပါးအကျိုးကို သယ်ပိုးဆောင်ရွက်မည် မကြံပါနှင့်၊သင်က အမှန်တရားကို ပေးချင်သည်။ ကမ္ဘာလောက က အလှကို လိုချင်သည်။သင်က ဖြောင့်မှန်သည့်လမ်းကို ပြောပြလိုသည်။ကမ္ဘာလောက က ဖြောင့်မှန်သည့် လမ်းကိုမူ ကျွန်ုပ်လည်း သိသည်။သင် ပြဖို့ ဘာလိုသနည်းဟု ပြောသည်။သင်သည် ကမ္ဘာလောကအတွက်အသုံးမဝင်ပေ။ကမ္ဘာလောကမှာ ကြောင်သူတော်တွေ အောင်ပွဲခံနေပြီးကမ္ဘာလောက က သင့်ကို ရယ်တာ၊ဥပေက္ခာပြုတာကို သင် တွေ့ရလျှင် သင်စိတ်မချမ်းမသာ ဖြစ်လိမ့်မည်။မအောင်မြင်မှု ကျိန်းသေသည့် နေရာကိုဘာကြောင့် သွားချင်ရသနည်း။သင် တရားပေါက်ပြီ မဟုတ်လော။တော်ရောပေါ့၊ ပျော်ပျော်ရွှင်ရွှင် နေပါတော့လား၊ကမ္ဘာလောကသည် ငရဲတံခါးဝဆီကိုသွားနေသည်။သွားပါစေ၊သူကတော့ သွားမှာပဲ၊သင်က ဘာကြောင့် သူ့အတွက် ပူပန်ကြောင့်ကြနေရသနည်း၊နွားနို့ကို ရွှံ့လုပ်ဖို့ရန်အတွက်ဘာကြောင့် မိမိ၏ နို့ကို ရွှံ့ထဲ ထည့်နေရသနည်း'

သို့ရာတွင် ယင်းမာရ်(နတ်)ယုတ်ကို ဖယ်ရှားပစ်ရန်အတွက် ငါ၏အရှုတ္တသန္တာန်တွင်း၌ ဗြဟ္မာက နိုးနိုးကြားကြား ရှိနေသည်။သူက မာရ်(နတ်) ယုတ်အား ပြောလိုက်သည်။

'ဟဲ့ သူမိုက်၊ကမ္ဘာပေါ်မှာ လူမိုက်တွေ အောင်ပွဲခံနေသည့် အတွက်ကြောင့် အမိုက်တကာ့ အမိုက်ဘုရင်ဖြစ်သည့် သင့်ကိုလည်း အနိုင်ပေးရမည်လော၊ကမ္ဘာလောက တစ်ခုလုံးက နားမလည်ချင် နေပေစေ၊ဒါစွ မရှိ၊

www.burmeseclassic.com



ယုတ်စွာအဆုံး တစ်ယောက်တော့ နားလည်လိမ့်မည်၊အကယ်၍ ဗုဒ္ဓက တစ်ယောက်သော သူကိုပဲ ဖြစ်ဖြစ် ထုတ်ဆယ် ကယ်တင်လိုက်လျှင် အကျိုးယုတ်သွားမည်လော၊တစ်ယောက်ကနေ နှစ်ယောက်တော့ ဖြစ်လာဖို့ရှိသည်။ နောက်ပြီး သစ္စာတရားကို သိထားသည့် ပုဂ္ဂိုလ်တစ်ဦးက အောင်မြင်မှု၊ မအောင်မြင်မှုကို ဂရုစိုက်မည်လော၊မအောင်မြင်မှုက သူ့ကို စိတ်ပျက် အားလျော့သွားအောင် တတ်နိုင်လိမ့်မည် မဟုတ်၊အလုပ် လုပ်ခြင်းသည် လူတို့၏ ဓမ္မတာ သဘာဝ ဖြစ်သည်၊လူတို့သည် အလုပ် မလုပ်ဘဲ ချမ်းချမ်းသာသာ နေ၍ မရပေ။မလှုပ်မရှား နေခြင်းသည် နှစ်သက် လိုလားဖွယ် မဟုတ်၊ အလုပ်လုပ်ခြင်းသည် ထိုကဲ့သို့ မည်သည့် အခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် ဓမ္မတာသဘော ဖြစ်နေသည့်အတွက် ဗုဒ္ဓအနေဖြင့် လူအများကို နိုးကြားစေသည့် အလုပ်ကို ဘာကြောင့် မလုပ်ရမှာနည်း'

ဗြဟ္မာ၏ ယင်းတိုက်တွန်း နှိုးဆော်ချက်ကိုသာလျှင် သင့်လျော်ကောင်းမြတ်သည်ဟု ငါ သဘောရသည်။ငါသည် ဘာကိုမျှ မျှော်လင့်ချက် မထားသည့် လူ့အကျိုး ဆောင်ရွက်သူ ပြုလုပ်သင့်သည်။ ကမ္ဘာလောကသည် ရူးသွပ်နေသည့် ရောဂါသည်နှင့် တူသည်။သူသည် မိမိ၏ ဆေးဆရာကို မသိ။မိမိ၏ ဆေးဆရာကို ဆဲရေးတိုင်းထွာသည်။ရိုက်နှက် သတ်ပုတ်သည်။သို့ရာတွင် စိတ်ကောင်း စေတနာကောင်းရှိသည့် သူတစ်ပါးအကျိုးဆောင်ရွက်သူ ဆေးဆရာများကမူ ယင်း မဖွယ်ရာသည့် အပြုအမူများကို ဂရုမစိုက်ဘဲ ရောဂါသည်၏ ရောဂါဝေဒနာကိုသာလျှင် ပျောက်ကင်းအောင် ကုစားသည်။ငါလည်း ကမ္ဘာလောကကို ဆေးဝါးကုစားမည်။

ငါ၏ ယင်း မြဲမြံသော ဆုံးဖြတ်ချက်ကို သတိရသည်ဖြစ်၍ မာရ်(နတ်) ယုတ်သည် တစ်ဖန် အရှုံးပေးလျက် ထွက်ခွာသွားပြန် လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## သဘာဝတရားသည် ပွင့်နေသောစာအုပ်ဖြစ်သည်

ဤဒေသ၏ အတွေးအခေါ် စွမ်းရည်သည် ပျက်စီးယိုယွင်း သွားလေပြီ။ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် တစ်စုံတစ်ခု တွေးတော စဉ်းစားပြီးလျှင် ကမ္ဘာ လောက၏ မျက်မှောက်၌ တစ်စုံတစ်ခု တင်ပြနိုင်သည် ဟူ၍ လူတို့သည် မတွေးတတ်ကြပေ။အကယ်၍ ပုဂ္ဂိုလ်တစ်ဦးဦးက မိမိ၏ အတွေ့အကြုံဖြင့် စူးစမ်းလေ့လာ၍ ကမ္ဘာလောက၏ ရှေ့မှောက်၌ သစ္စာတရား တစ်ခုခုကို တင်ပြလျှင် ကမ္ဘာလောကသည်'သင်ဤသစ္စာတရားကို ဘယ်က ရခဲ့သနည်း၊ သင် ဤသစ္စာတရားကို ဘယ် သျှတ္တရကျမ်းဂန်၊ဘယ် ဆရာသမားဆီက ရခဲ့သနည်း' ဟူသော မေးခွန်းများကို ထုတ်တတ်လေသည်။သျှတ္တရကျမ်းဂန် တို့၏ အခြေခံနှင့် ဆရာသမားတို့၏ အခြေခံမှာလည်း အတွေ့အကြုံသာ လျှင် ဖြစ်၏ ဟူသော အချက်ကို လူတို့သည် မတွေးမိကြပေ။အကယ်၍ သျှတ္တရကျမ်း ဆရာများသည် ဤကမ္ဘာလောကအား အတွေ့အကြုံဖြင့် လေ့လာခဲ့သည် ဖြစ်ပါလျှင် ယနေ့ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကလည်း ဘာကြောင့် မလေ့လာနိုင်ဘဲ ရှိမည်နည်း။

အာဇိဝက ဥပကလည်း ဤကမ္ဘာလောကထဲက လူတစ်ယောက်ပင် ဖြစ်ရှာသည်။ငါ့အကြောင်းကို ကြားပြီး ငါ့ထံမှ စကားအသစ်အဆန်း ဖေချူ. ကို ကြားသိရသည့်အခါ သူ အံ့သြသွားသည်။နှစ်ရှည်လများ တ[illegible]အကျင့်

www.burmeseclassic.com



ကို ကျင့်လျက် နေ့ညဉ့်မပြတ် ဘာဝနာ ပွားများပြီးနောက် ဤသစ္စာတရားကို ရှာဖွေဆည်းပူး ရရှိထားခြင်းဖြစ်သည် ဆိုသည်ကို သူ့ခမျာ မစဉ်းစားမိရှာပေ။ သူသည် ငါ၏ စကား အသစ်အဆန်းများကို ကြားရသောအခါ 'သင့်ဆရာ မည်သူနည်း' ဟူသော မေးခွန်းကိုပဲ မေးရှာလေသည်။

ငါက ပြန်ပြောသည်။

'ငါ၏ဆရာ ဟူ၍ ထူးထူးခြားခြား ဘယ်သူမျှ မရှိ။ဤကမ္ဘာလောက တစ်ခုလုံးသည် ငါ့ဆရာ ဖြစ်သည်၊သဘာဝတရားသာလျှင် ဖွင့်ထားသော ကျမ်းဂန်စာအုပ်ကြီး ဖြစ်သည်။ထိုကျမ်းဂန်စာအုပ်ကြီးကို ငါ ကိုယ့်အတွေ့ အကြုံဖြင့် လေ့လာဖတ်ရှုခဲ့သည်၊ထို့ကြောင့် ငါကိုယ်တိုင် ငါ့ဆရာ ဖြစ်သည်၊ ငါသည် ရဟန္တာ ဖြစ်သည်၊ဆရာသခင် ဖြစ်သည်၊သမ္မာသမ္ဗုဒ္ဓ ဖြစ်သည်၊ ကမ္ဘာလောကမှာ ဓမ္မစကြာကို လည်စေရန်အတွက် ဗာရာဏသီကို အခု ငါ သွားမည်'

ဥပက က ရယ်ပြီး ပြောသည်။

'သင် ပြောသလိုသာ ဖြစ်လျှင်တော့ သင်သည် တကယ့် တကယ်ပင် ဇိန ဖြစ်ဖို့ရှိသည်'

ငါက ပြန်ပြောသည်။

'ငါ့လို ပုဂ္ဂိုလ်မျိုးကိုသာလျှင် တကယ့် ဇိနဟု ခေါ်ခြင်း ဖြစ်သည်။ ဇိန အဖြစ်သည် အပေါ်ယံမှာ ပေါ်နေခြင်း မဟုတ်၊အပြင်ပန်း တောက်ပြောင် ဝင့်ဝါမှုလည်း မဟုတ်၊ဇိန အဖြစ်သည် စိတ်နှလုံး သန့်ရှင်းစင်ကြယ်မှု ပေါ် မှာသာ တည်နေသည်၊အကြင်သူသည် သစ္စာတရားကို သိမြင်ရရှိ၍၊ ဖောက် ပြန်မှုများ အပေါ်၌ အနိုင်ရရှိ၍၊ထိုသူသာလျှင် ဇိန ဖြစ်သည်'

'ဟုတ်ပါသည်၊သင် ဇိန ဖြစ်ပါလိမ့်မည်'

ယင်းသို့ ပြောပြီးလျှင် ဥပကသည် နှာခေါင်းရှုံ့ကာ ပါးစပ်ရွဲ့ကာဖြင့် ထွက်ခွာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပကသည် ပညာဉာဏ် အတော်အတန် ရှိပုံရသည့် ရသေ့ရဟန်းတစ်ဦး ဖြစ်သည်။သို့ရာတွင် သူလည်း ငါ့ကို နားမလည်။ဤကမ္ဘာလောကသည် ငါ့ကို ဘယ်လိုလုပ် နားလည်မည်နည်းဟု ငါ စဉ်းစားကြည့်သည်။

လူ့ဘဝ၌ လူတို့သည် ဘယ်သူ့ကိုမျှ နားမလည်ကြ။ငါ့ကိုလည်း နားလည်မည် မဟုတ်။သို့ရာတွင် တစ်နေ့တွင် လူတို့သည် ငါ၏ လမ်းကြောင်းတွင် လျှောက်သွားကြလိမ့်မည်ဟု ငါ ယုံကြည်သည်။အကြင် သစ္စာတရားကို ငါသည် ကမ္ဘာလောကအား ပေးမည် လုပ်နေ၏။ထိုသစ္စာတရားဖြင့် ကမ္ဘာလောကသည် ကောင်းကျိုးရှိမည်မှာ အမှန် ဖြစ်၏။သို့ဖြစ်၍ ကမ္ဘာလောကသည် ယနေ့ နားမလည်စေကာမူ နက်ဖြန်၌မူ နားလည်လာပေလိမ့်မည်။ပညာရှိများသည် နားလည်အောင် လုံ့လ မပြုကြ။လူသာမန်များထက် ပညာရှိ အခေါ်ခံနေကြသူများ၏ မျက်ကန်းယုံကြည်မှုက သာ၍ ကြောက်စရာ ကောင်းသည်။လူသာမန်များကမူ ပညာရှိများ လုပ်သကဲ့သို့ မိမိတို့၏ မျက်ကန်း ယုံကြည်မှုအပေါ်၌ အသိပညာအဖုံးကို ဖုံးအုပ် မထားကြပေ။ယင်းကဲ့သို့သော ဘဝင်မြင့်မှု၊မာနကြီးမှုများကြောင့် ပညာရှိတို့သည် သစ္စာတရားကို မမြင်ကြရပေ။သာမန် အသိတရား ရှိသူများသာလျှင် သစ္စာတရားကို မြင်ကြရသည်။ပညာရှိများထဲက အကယ်၍ တစ်ရာမှာ တစ်ယောက် သစ္စာတရားကို သိမြင်သည်ဆိုလျှင် သာမန် လူများအနက်က တစ်ရာမှာ ဆယ်ယောက် သို့မဟုတ် အယောက်နှစ်ဆယ် သစ္စာတရားကို သိမြင်ကြပေလိမ့်မည်။

ဥပကသည် ပညာရှိ ဖြစ်သည်။သူ၏ မျက်ကန်း ယုံကြည်ချက်သည် အပိုင်းအခြား မရှိပေ။သူသည် မိမိ၏ မျက်ကန်းယုံကြည်ချက်ကို မိမိကိုယ်တိုင် နားမလည်ပေ။မိမိ၏ မျက်ကန်းယုံကြည်ချက်ပေါ်တွင် သူသည် အသိပညာအဖုံးကို ဖုံးအုပ်ထားသည်။ကမ္ဘာလောကတွင် ဥပကပေါင်းများစွာ ပြည့်နေလိမ့်မည်။သူတို့သည် ငါ့ကို သဘောပေါက်ကြလိမ့်မည် မဟုတ်။

www.burmeseclassic.com



အကြင်သူတို့တွင် မျက်ကန်းယုံကြည်မှု မရှိ။မာန် မာန မရှိ။အကြင်သူတို့သည် သိချင် တတ်ချင်၏ ။ထိုသူတို့သည်သာလျှင် ပညာရှိ ဖြစ်ဖြစ် မဖြစ်ဖြစ် ငါ့ကို သဘောပေါက်ကြ ပေလိမ့်မည်။သူတို့အားသာလျှင် သစ္စာတရားကို ငါ ညွှန်ပြနိုင်ပေလိမ့်မည်။

အာလာရကာလာမ အသက်ထင်ရှား မရှိတော့သည်မှာ ဝမ်းနည်းဖွယ်ပင် ဖြစ်ပေသည်။ဥဒက ကွယ်လွန်သွားပြီ ဆိုသည့် သတင်းကိုလည်း ယခုပင် ရရှိသည်။ထိုပုဂ္ဂိုလ်များသည် ပုဂ္ဂိုလ်မွန်များ ဖြစ်ကြသည်။သူတို့သည် နားလည်မှုလည်း ရှိသည်။သိချင် တတ်ချင်သည့် ဆန္ဒလည်း ရှိသည်။ ဂိုဏ်းဂဏစွဲရှိသည့် ပုဂ္ဂိုလ်များလည်း မဟုတ်ပေ။

ငါ သူတို့ထံသို့ ပညာယူရအောင် သွားခဲ့သည်။သူတို့ထံက ပညာအစုံရရှိသောအခါ ငါက 'သင်တို့ထံမှာ ဘာ သင်ကြားစရာ ရှိသေးသနည်း၊ နောက်ထပ် သင်ပြပါဦး' ဟု ပြောသည်။ထိုအခါ သူတို့နှစ်ဦးက 'ငါတို့ဆီမှာ နောက်ထပ် ဘာမျှ မရှိတော့၊ရှိသမျှ သင် သင်ကြားတတ်မြောက်ပြီးပြီ ဖြစ်၍ ဆရာတစ်ဆူသာ ပြုလုပ်ပါတော့' ဟု ပွင့်ပွင့်လင်းလင်းပင် ပြန်ပြောကြသည်။

သို့ရာတွင် ငါက ဆရာတစ်ဆူ ပြုလုပ်ရန် ငြင်းပယ်ပြီးလျှင် နောက်ဆုံးပိတ် သစ္စာတရားကို ရအောင် ရှာဖွေလိုသေးသည်ဟု သူတို့ကို ပြောပြသည်။ထိုအခါကျတော့ သူတို့က ငါ့ကို လိုရာ သွားခွင့် ပေးကြသည်။ကမ္ဘာလောကရှိ ယင်းကဲ့သို့သော တကယ် ရိုးသားဖြောင့်မတ်သည့် စိတ်သဘောထားရှိသူ ပညာရှိများကို တွေ့ရှိဖို့ရန် ခဲယဉ်းလှသည်။အကယ်၍ သူတို့နှစ်ဦးသာ အသက်နှင့်ကိုယ် ထင်ရှားရှိနေပြီး ငါ၏ သစ္စာတရားကို နားထောင်ရလျှင် သူတို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလျက် ငါ၏ လမ်းစဉ်ကို လက်ခံကြမည်မှာ အမှန်မုချ ဖြစ်သည်။

သို့ရာတွင် ယနေ့အဖို့တွင် လာလာချင်း ဆောက်နှင့်ထွင်းသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရသည်။ယင်းသို့ ဖြစ်ခြင်းကို နိမိတ်မကောင်းဟု ထင်မြင်ယူဆ ရမည်လော။မဟုတ်ပေ။ယခုအခါတွင် ငါသည် နိမိတ် ကောင်း မကောင်း ဟူသည်မှအပ ဖြစ်နေပြီ။နိမိတ် ကောင်း မကောင်း ဆိုသည်မှာလည်း ကမ္ဘာလောက၏ အမှားတစ်ခုသာ ဖြစ်သည်။နိမိတ် ကောင်း မကောင်း ဟူသည်မှာ နှလုံးအားပျော့သူများအား ခြောက်လှန့်လေ့ရှိသည့် စိတ်ကူးထဲက တစ္ဆေသာလျှင် ဖြစ်သည်။ယင်းနိမိတ် ကောင်း မကောင်းဆိုသည့် အစွဲတို့မှာ ငါ့အား ဘာလုပ်နိုင်ကြမည်နည်း။အကယ်၍ ငါသည် အကြိမ်တစ်ရာ အောင်မြင်မှု မရလျှင် အကြိမ် တစ်ရာ့တစ်ကြိမ် ကြိုးစားဖို့ရန် အသင့်ပင်ရှိသည်။အကယ်၍ အတိတ်ဆိုး နိမိတ်ဆိုးဆိုသည်မှာ တစ်စုံတစ်ခုသော အရာဝတ္ထု ဖြစ်ခဲ့လျှင်လည်း အကြိမ်များစွာ လုံ့လဥဿဟပြုလျက် ငါသည် ယင်းအတိတ်ဆိုး နိမိတ်ဆိုးတို့ကို အင်အားနည်းသွားအောင် ပြုလုပ်မည်။ငါ့အနေဖြင့် နိမိတ်ကောင်း မကောင်းကိုလည်း ဂရုမစိုက်သင့်ပေ။ချီးမွမ်းခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်းကိုလည်း အမှုမထားသင့်ပေ။

ဥပကသည် ယနေ့ ငါ့အား ရှုတ်ချသွားသည်။ယင်းရှုတ်ချမှုမျိုးကို ငါသည် အကြိမ်များစွာ ခံရပေလိမ့်မည်။ငါသည် ယင်းအဆိပ်ကို သောက်ရုံသာလျှင် မဟုတ်ဘဲ ကြေညက်သွားအောင်လည်း လုပ်ရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## ကျေးကျွန်တို့၏ ထွက်ရပ်လမ်း

ယခုလောက် တိုတောင်းလှသည့် အချိန်ကာလအတွင်း ငါ့ကို နားလည်သဘောပေါက်သူများ၏ ဦးရေ ယခုလောက် များများ ရလာလိမ့်မည်ဟု မမျှော်လင့်မိခဲ့။ဤ သံဃာ့အဖွဲ့အစည်းကြီး၏ ဂုဏ်ယူစရာကောင်းသည့် အချက်မှာ လူပေါင်းများစွာတို့သည် စည်းစိမ်ဥစ္စာ သိန်းသန်းများစွာကို စွန့်ပယ်၍ ဤ သံဃာ့အဖွဲ့အစည်းထဲ ဝင်ရောက်လာကြခြင်း ဖြစ်သည်။ စည်းစိမ်ဥစ္စာကို စွန့်ပယ်သည့် တပည့်တပန်းများ ရလျှင် ရသလောက် ငါ၏ သံဃာ့အဖွဲ့အစည်းကြီးအတွက် ဂုဏ်တက်ဖွယ်ပင် ဖြစ်ပေလိမ့်မည်။ ယင်းကဲ့သို့သော ပုဂ္ဂိုလ်များသည် လောဘကို ပို၍ နှိမ်နင်းနိုင်ကြသည်။ယခုထက်ကောင်းမွန်သည့် အရာများကို လူဝတ်ကြောင်ဘဝ၌ ငါတို့ စားနိုင်ခဲ့ကြသည်၊ ဝတ်နိုင်ခဲ့ကြသည်။ယခု ဆွမ်းခံစားပြီး စည်းစိမ်ခံနေ၍ ဘာအဓိပ္ပာယ် ရှိမည်နည်းဟု သူတို့သည် မကြာခဏ သတိရကြသည်။မိမိ၏ ဆင်းရဲမှုကို ဖုံးကွယ်ရန်အတွက် သော်လည်းကောင်း၊သို့မဟုတ် တစ်နည်းနည်းဖြင့် ဝမ်းဝရန်အတွက် သော်လည်းကောင်း ငါ၏ သံဃာ့အဖွဲ့အစည်းထဲသို့ ဝင်ရောက်လာသူများကမူ ယခင် အခြေအနေကထက် အစားအသောက် အဆင်ပြေ မပြေကောင်း မကောင်း ကြည့်ကြပေလိမ့်မည်။သူတို့သည်ကား ဘာမှ ပေးနိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



မည့် ပုဂ္ဂိုလ်များလည်း မဟုတ်။ဘာမှ ယူနိုင်ကြမည့် ပုဂ္ဂိုလ်များလည်း မဟုတ်။ သူတို့အတွက် ရဟန်းဖြစ်ဖို့ရန်မှာ ခဲယဉ်းလှပေသည်။

စည်းစိမ်ဥစ္စာကို စွန့်လွှတ်သည့် ပုဂ္ဂိုလ်ပေါင်း များစွာ ငါ၏ သံဃာ့ အဖွဲ့အစည်းထဲမှာ ရှိနေခြင်းသည် ကောင်းမြတ်လှပေသည်။ သူတို့သည် စွန့်လွှတ်ခြင်း၏ အရသာကို တွေ့နေကြသူများ ဖြစ်သည်။ကာယသုခထက် စိတ္တသုခကို ပို၍ သဘောတွေ့ကြသူများ ဖြစ်သည်။အမှန်စင်စစ် သုခဆိုသည်မှာ စိတ်၏ အရာဝတ္ထု ဖြစ်သည်။သို့ရာတွင် ကမ္ဘာလောက က ယင်းအချက်ကို သဘော မပေါက်ပေ။ကမ္ဘာလောကသည် အပြင်အပကိုသာလျှင် သုခဟူ၍ မြင်နေသည်။အကယ်၍ ပြကတေ့ ပင်ကိုသဘာဝက ကောင်းမနေလျှင် လည်းကောင်း၊ခံတွင်း ကောင်းမနေလျှင် လည်းကောင်း၊ဆာလောင်မနေလျှင် လည်းကောင်း အရသာရှိသော ဟင်းလျာပင် ဖြစ်စေကာမူ အရသာမရှိ ဖြစ်ရလေသည်။အကယ်၍ ခံတွင်း ကောင်းနေလျှင်၊အနာရောဂါ ကင်းရှင်းနေလျှင် ကုလားပဲခြောက်ပင် ဖြစ်စေကာမူ အရသာ ရှိပေလိမ့်မည်။ အရသာတွေ့ခြင်း၏ ပင်မသည် အတွင်းသာလျှင် ဖြစ်သည်၊အပြင် မဟုတ်ပေ။ကမ္ဘာလောကသည် ယင်းအချက်ကိုမစဉ်းစားပေ။အကြင်သူသည် ယင်းသဘောတရားကို နားလည်၏။ထိုသူသာလျှင် စွန့်လွှတ်သူ၊သို့မဟုတ် သူတော်စင်ရဟန်း ဖြစ်နိုင်လေသည်။

ဘဒ္ဒါနှင့် ဝိပ္ပလိတို့၏ အကြောင်းကို စဉ်းစားကြည့်လိုက်သောအခါတွင် စွန့်လွှတ်မှု၏ ကြီးကျယ်ပုံကို ကျေနပ်အားရခြင်း ဖြစ်မိလေသည်။ ဘဒ္ဒါသည် ရွှေအဆင်းကဲ့သို့ ဝင်းဝါလှပသော မိန်းမပျို ဖြစ်သည်။ ထင်ပေါ်သော သူကြွယ်တစ်ဦး၏ သမီးလည်း ဖြစ်သည်။ထင်ပေါ်သော သူကြွယ်တစ်ဦး၏ ချွေးမလည်း ဖြစ်သည်။ကျန်းမာသန်စွမ်း၍ လှပသည့် ပညာရှိယောကျ်ားပျို၏ ဇနီးမယားလည်း ဖြစ်သည်။သူသည် မိမိအကျိုး၊လောကအကျိုးအတွက် အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွာခဲ့လေသည်။ ယင်း



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့သော ဖနီးမယားနှင့် ပေါများကြွယ်ဝလှသည့် စည်းစိမ်ဥစ္စာကို စွန့်လွှတ်ပြီးလျှင် ကျွန်၊ကျွန်မ ရာပေါင်းများစွာကို လွှတ်လပ်ရေး ပေးလိုက်ပြီး ဝိပ္ပလိသည်လည်း အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွာလာခဲ့ လေသည်။

ယနေ့ သူသည် ငါ၏ အထံ၌ ဗြဟ္မစရိယ အကျင့်ကို ကျင့်သုံးနေသည်။ယင်းကဲ့သို့သော ပုဂ္ဂိုလ်များကြောင့် သံဃာ့အဖွဲ့အစည်းမှာ ဂုဏ်ရှိခဲ့သည်။ယင်းကဲ့သို့သော ပုဂ္ဂိုလ်များသည် မည်သည့် မျှော်လင့်ချက်မျှ မထားဘဲ ပြည်သူ၏ အကျိုးကို သယ်ပိုးရွက်ဆောင် နိုင်ကြပေသည်။ဝိပ္ပလိ၏ စွန့်လွှတ်မှုကြောင့် ကျွန်၊ကျွန်မ ရာပေါင်းများစွာတို့သည် လွှတ်လပ်ခွင့် ရသွားကြသည်။သူ၏ စည်းစိမ်ဥစ္စာသည် ရာပေါင်းများစွာသော အိမ်များသို့ ခွဲဝေရောက်ရှိသွားကြပြီးလျှင် ပီတိမိုး ရွာသွန်းဖြိုး စေခဲ့သည်။ယင်းအချက်မှာ လူ့လောက၏ ကောင်းကျိုး မဟုတ်တုံလော။

စားသောက်ရန် အတွက်နှင့် ဝတ်ရန်အတွက် လူတို့တွင် တော်သင့်သလောက်သာ ရှိသင့်သည်။အကယ်၍ လူအားလုံးသည် မိမိတို့ လိုအပ်သလောက်သာ စားကြ ဝတ်ကြလျှင် ကမ္ဘာလောက၌ ဆင်းရဲခြင်း၊ချို့တဲ့ခြင်းကို မြင်တွေ့ရလိမ့်မည် မဟုတ်ပေ။စီးပွားရေး တိုက်ပွဲများ ရပ်တန့်သွားလျှင် ကမ္ဘာလောက၌ ရှိသော မကောင်းမှု ဟူသမျှ အားလုံးလိုလိုပင် အကြွင်းမဲ့ ပျောက်ကွယ်သွားပေလိမ့်မည်။သို့ရာတွင် လူတို့တွင် ကမ္ဘာလောကအား ဒုက္ခအိမ်ကြီးဖြစ်အောင် ဖန်တီးသည့် လောဘတဏှာ ရှိနေသည်။ယင်းဒုက္ခအိမ်ကြီးကို သုခ ဖြစ်နိုင်သမျှ ဖြစ်စေရန် ငါ ကြိုးပမ်းအားထုတ်နေသည်။

ငါ၏ သံဃာ့အဖွဲ့အစည်းထဲသို့ လူများ ဝင်ရောက်လာလျှင် ဝင်ရောက်သလောက် ကမ္ဘာလောက၏ စီးပွားရေးတိုက်ပွဲသည်လည်း လျော့ပါးသွားပေလိမ့်မည်။ကမ္ဘာလောက၏ ဥစ္စာဓနကို လက်ဝါးကြီး အုပ်ထားသူများ နည်းပါးသွားပေလိမ့်မည်။အထူးအားဖြင့် သူဌေးသူကြွယ်များ ရဟန်းဘောင် ဝင်ရောက်ခြင်းကြောင့် ကမ္ဘာလောကသည် ကျေးဇူးများစွာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမူကား ဥစ္စာပစ္စည်းများ သူတို့၏အထဲတွင် စုရုံးတန့်ရပ် နေခဲ့ခြင်းကြောင့် အခြားပုဂ္ဂိုလ်များ ထိခိုက်နစ်နာခြင်း ဖြစ်ရလေသည်။

အကယ်၍ ဘဒ္ဒါနှင့် ဝိပ္ပလိတို့ ကဲ့သို့သော သူဌေးသူကြွယ်များ လူ့ဆောင်ကို စွန့်ခွာကြလျှင် ကမ္ဘာလောကထဲက ကျေးကျွန်စနစ် လုံးဝ ပျောက်သွားနိုင်စရာ ရှိသည်။ဆင်းရဲခြင်း၊ချို့တဲ့ခြင်း ကွယ်သွားနိုင်စရာ ရှိသည်။ ငါ ဘယ်အထိ အောင်မြင်မှု ရရှိမည် ဆိုသည်ကို ကြည့်ရပေဦးမည်။

ကမ္ဘာလောကပေါ်၌ ယင်း သူဌေး သူကြွယ်တို့၏ ဝန်ထုပ်ဝန်ပိုးကြီး ပိနေရုံသာလျှင် မဟုတ်။ရသေ့ ရဟန်းအသွင် ဆောင်ထားသူများ၏ ဝန်ထုပ်ဝန်ပိုးလည်း ပိ၍ နေသည်။ယင်း ရသေ့ရဟန်းအသွင် ဆောင်ထားသူများသည်လည်း အိမ်တစ်ဆောင် မီးတပြောင်နှင့် နေကြသည်။သူတို့၏ အဆောင်အယောင်မှာ ဘုရင်တို့၏ အဆောင်အယောင်ထက် မညံ့ပေ။သူတို့သည် သစ္စာတရားကို လက်ခံ နာယူရန် အသင့် မရှိကြပေ။တစ်စုံတစ်ယောက်သောသူက တိမ်မြုပ်နေသည့် အမှန်တရားကို တီထွင် ဖန်တီးပြလျှင်၊ကမ္ဘာလောကကို မှန်ကန်သည့် စွန့်လွှတ်မှု လမ်းကြောင်းပေါ်သို့ ခေါ်ဆောင်သွားလျှင် ၎င်းတို့က အနှောင့်အယှက် ပေးကြသည်။၎င်းတို့၏ စက်ကွင်းမှ လွတ်ကင်းလာခဲ့ပြီး ငါ၏ထံတွင် မြတ်သောအကျင့်ကို အားထုတ်နေကြသော သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့သည် ကံကောင်းလှပေစွ။

ရသေ့ရဟန်းအသွင် ဆောင်ထားသည့် ပုဂ္ဂိုလ်ပေါင်း များစွာတို့သည် ပရလောကကို အကြောင်းပြလျက် လူရိုး သူရိုးတို့အား အနိုင်ကျင့်ကြသည်။ အသိဉာဏ် ဖွံ့ထွား တိုးတက်မှုကို ပိတ်ပင်တားမြစ် ကြသည်။အစဉ်အလာဆိုးများကို ကိုးကွယ်ကြသည်။ဆင်ခြင်တိုင်းထွာမှုကို နှိပ်ကွပ်ကြသည်။သို့ဖြစ်လင့်ကစား ယနေ့ သူတို့သည် လူ့အပူဇော်ခံများ ဖြစ်နေကြသည်။ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ဖြစ်နေကြသည်။သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့သည်လည်း ယင်း ရသေ့ရဟန်းတို့၏ အဖွဲ့အစည်းထဲ၌ နေခဲ့ဖူးသည်။ သို့ရာတွင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



သည် သိချင် တတ်ချင်သည့် ပုဂ္ဂိုလ်များ ဖြစ်သည်။သစ္စာတရားကို ရှာမှီးနေကြသူများ ဖြစ်သည်။သို့ဖြစ်၍ သူတို့သည် ဆွမ်းခံနေသော အဿဇိကို တွေ့ရပြီး အဿဇိထံမှ ငါ၏ တရားဓမ္မကို နာကြားရသောအခါ ထိုခဏ၌ပင် ငါ့အား ဆရာရှင်အဖြစ် မှတ်ယူလိုက်ကြသည်။ ထိုနောက် ပရိဗိုဇ်အသင်းအပင်း အဖွဲ့အစည်းကို စွန့်ခဲ့ပြီးလျှင် ငါ၏ အထံသို့ မြတ်သော တရားအကျင့်ကို ကျင့်ရန် ရောက်လာကြလေသည်။

သဥ္စယ ပရိဗိုဇ်က သူတို့နှစ်ဦးအား ပြောပြလေသည်။

'ငါ့ရှင်တို့၊အကျိုးမရှိသည့် အလုပ်ကို မလုပ်ကြပါနှင့်၊သင်တို့သည် ပရိဗိုဇ် အဖွဲ့အစည်းထဲမှ ရသင့် ရထိုက်သည့် အရာများကို ရရှိပြီးကြလေပြီ။ သင်တို့နှစ်ဦးကို ငါ ယနေ့ပင် ပရိဗိုဇ် အသင်းအပင်း၏ ခေါင်းဆောင်အဖြစ် တင်မြှောက်မည်။ငါတို့၏ ပရိဗိုဇ် အသင်းအပင်း အဖွဲ့အစည်းကို ကြည်ညိုလေးစားသည့် သူဌေး သူကြွယ်ပေါင်း များစွာရှိသည်၊သူတို့အားလုံး သင်တို့ သဘောအတိုင်း ဖြစ်ရစေမည်၊သကျပုတ္တ ဂေါတမဆီကို သွားလို့ သင်တို့ မည်သည့်အရာ ရရှိမည်နည်း၊တပည့်အပေါင်း များစွာထဲက သင်တို့လည်း တပည့်တစ်ဦး အနေနှင့်သာ နေကြရဖို့ ရှိသည်၊ဤနေရာ၌ သင်တို့ ခေါင်းဆောင်အဖြစ်နှင့် နေရမည်၊ဟိုမှာတော့ သင်တို့ အလုပ်အကျွေး တပည့်အဖြစ်နှင့်သာ နေရလိမ့်မည်၊သင်တို့၏ အကျိုးစီးပွား မည်သည့်နေရာ၌ ရှိသည် ဆိုသည်ကို ငါ့ရှင်တို့ စဉ်းစားကြည့်ကြပါလော့'

သဥ္စယ ပရိဗိုဇ်က ယင်းသို့ နားချသော်လည်း သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့က စောဒက ပြန်တက်ကြလေသည်။

'ပရိဗိုဇ် အသင်းအပင်းထဲမှာ အကြီးအကဲ လုပ်နေရလို့ ဘဝ၏ အောင်မြင်မှု ဖြစ်မှာ မဟုတ်၊ဘဝ၏ အောင်မြင်မှုဆိုတာ သစ္စာတရားကို ရရှိမှသာ ဖြစ်သည်။သမဏ ဂေါတမဆီမှာ ရရှိသည့် သစ္စာတရားမျိုးနှင့် ဤနေရာ၌ ရရှိလိမ့်မည် မဟုတ်။ သမဏ ဂေါတမဆီမှာ ရရှိသည့် ငြိမ်းချမ်းမှု



www.burmeseclassic.com

www.burmeseclassic.com



မျိုးကိုလည်း ဤနေရာ၌ ရရှိနိုင်လိမ့်မည် မဟုတ်၊ သမဏ ဂေါတမဆီသွား ပြီး ပြည်သူ၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်သလိုလည်း ဤနေရာ၌ ဆောင်ရွက်လို့ ရမှာ မဟုတ်၊အဲဒီလို အနှစ်သာရကင်းမဲ့သည့် ပရိုဗိ အသင်း အပင်း၏ အကြီးအကဲ ဘဝ ရောက်ရလို့ ဘာ ကျေးဇူး ရှိမှာနည်း၊သမဏ ဂေါတမဆီမှာ ကျွန်ုပ်တို့ တပည့်အဖြစ်နှင့် နေရလိမ့်မည်။သမဏ ဂေါတမ ဆီမှာ ကျွန်ုပ်တို့ တစ်စုံတစ်ဦး၏ အပြုအစု အလုပ်အကျွေးအဖြစ်နှင့် နေရ လိမ့်မည်၊ သမဏ ဂေါတမဆီမှာ ဒီမှာလို အပူဇော်ခံအဖြစ်နှင့် နေချင်မှ နေရလိမ့်မည်၊ သို့သော်လည်း အဲဒီလို နေရသည့်အတွက် ကျွန်ုပ်တို့ ဘာ ထိခိုက်နစ်နာ သွားမှာနည်း၊ ကြည်ညိုမြတ်နိုးမှု ရှိသည့်အတွက် မိမိထက် ကြီးကျယ်မြင့်မြတ်သည့် ပုဂ္ဂိုလ်ကို ပြုစု လုပ်ကျွေးရခြင်းသည် တရားမျှနှင့် ညီရုံ သာလျှင်မက ပီတိ သောမနဿလည်း ဖြစ်ရသည်။ယင်း ပီတိ သော မနဿကို ဘာကြောင့် ကြောက်လန့် နေရမှာနည်း၊ရသေ့ရဟန်း ဖြစ်ပြီးတော့ လုံ့လဥဿဟကို ဘာကြောင့် ကြောက်လန့်နေရမှာနည်း၊စင်စစ် ဂုဏ်နှင့် အကျော်အစောတို့၏ ပင်မ ဆိုသည်မှာလည်း အတွင်းမှာသာလျှင် ရှိသည်။ သစ္စာတရားကို ရရှိသိမြင်သည့်အတွက် ကိုယ့်ဟာကိုယ် ကျေနပ်မှု ဖြစ်ခြင်း သည် ကမ္ဘာလောကက ချီးမွမ်းထောမနာ ပြုခြင်းထက် အဆ အရာအထောင် ပိုပြီး အားရ နှစ်သိမ့်ဖွယ် ဖြစ်သည်။ အရှင် ပရိုဗိ၊ ကျွန်ုပ်တို့သည် အပြင် အပက အကြီးအကဲ ဘဝကို မလိုလား မတောင့်တပါ၊အတွင်းမှာ အစိုးရခြင်း ကိုပဲ အလို ရှိပါသည်။ ကျွန်ုပ်တို့ကို မတားနှင့်တော့၊ ကျွန်ုပ်တို့ သွားတော့ မည်'

ယင်းသို့လျှင် သစ္စာတရားကို မြတ်နိုးမှု၊ ပြည်သူ့အကျိုးကို သယ်ပိုး ဆောင်ရွက်လိုမှု၊အတွင်း ငြိမ်းချမ်းရေးကို ရလိုမှုတို့ဖြင့် လှုံ့ဆော်အပ်သည် ဖြစ်၍ လူအပေါင်းတို့သည် ငါ၏ အထံသို့ ရောက်လာကြကုန်သည်။ ယင်း ကဲ့သို့ စွန့်လွှတ်သူ ပုဂ္ဂိုလ်များ ကမ္ဘာလောကမှာ ထင်ရှား ရှိနေသေးသမျှ



www.burmeseclassic.com

www.burmeseclassic.com



ကာလပတ်လုံး လူ့လောက၏ အနာဂတ်မှာ တောက်ပြောင်လျက်ပင် ရှိသည်ဟု ပြောဆိုနိုင်ပေသည်။ လူ့လောကထဲမှာ ဥပက ရှိသကဲ့သို့ သာရိပုတ္တရာ၊ မောဂ္ဂလာန်၊ဘဒ္ဒါ၊ ဝိပ္ပလိ စသည်တို့လည်း ရှိကြပေသည်။ စိတ်ပျက် အားလျော့စရာ အကြောင်း မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com

# ကောက်ပင် နှင့် မြက်ပင်

အာနန္ဒာ၏ တပည့်သုံးဆယ် ရဟန်းဘ၀ကို စွန့်၍ လူ့ဘောင်ပြန်သွားကြသည် ဟူသော သတင်းကို ယနေ့ ရရှိသည်။ထိုပုဂ္ဂိုလ် အားလုံးသည် လူငယ်လူရွယ်များ ဖြစ်ကြသည်။ငါ၏ ရဟန်းများသည် အလွန် မယဉ်ကျေး မဖွယ်ရာသည့် အပြုအမူများကို ပြုလုပ်သည် ဟူသော အခြား သတင်းတစ်ခုလည်း ရရှိသည်။ဆွမ်းစားသွားသည့် အခါ၌ ဆူဆူညံညံ မည်မျှ လုပ်ကြသနည်းဆိုလျှင် အချင်းချင်း ရန်ဖြစ်ကြသလားဟု အောက်မေ့ရသည်။ ဆွမ်းခံသွားသည့် အခါ၌ ရှေ့ လုတက်ကြသည်။သူတို့ကို မြင်တွေ့လျှင် ဤပုဂ္ဂိုလ်များသည် သာမန်လူတို့ထက် ထူးကဲသော ပုဂ္ဂိုလ်များ ဖြစ်သည်ဟု မည်သူပြောမည်နည်း။

ထို အသုံးမကျသည့် ပုဂ္ဂိုလ်များအား ငါသည် အပြင်းအထန် မာန်မဲကြိမ်းမောင်းလိုက်သည်။ထိုနောက် ထိုပုဂ္ဂိုလ်များ စည်းနှင့်ကမ်းနှင့် နေထိုင်ရန် ငါသည် ထိုပုဂ္ဂိုလ်များအတွက် ဥပဇ္ဈာယ် ဆရာများကို ခန့်ထားလိုက်သည်။ထိုပုဂ္ဂိုလ်များသည် မိမိတို့၏ ဥပဇ္ဈာယ်များအား ၀တ်ကြီး ၀တ်ငယ် ပြုကြပေလိမ့်မည်။ဥပဇ္ဈာယ် ဆရာများက သူတို့အား ကြည့်ရှုစောင်မ ကူညီကြပေလိမ့်မည်။ယင်းသို့အားဖြင့် ထိုပုဂ္ဂိုလ်များ၏ မဖွယ်ရာမှုများသည် ဖွင့်ရှားပျောက်ကွယ် သွားပေလိမ့်မည်။တစ်ဦးနှင့်တစ်ဦး ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းအားဖြင့် ထိုပုဂ္ဂိုလ်များသည် အချင်းချင်း ထောက်ထား ငဲ့ညှာမှုလည်း ရှိလာပေလိမ့်မည်။

အာနန္ဒာ၏ တပည့် သုံးဆယ် ထွက်ပြေးသွားကြသည် ဖြစ်၍ မဟာကဿပ ထေရ်သည် အာနန္ဒာအား မာန်မဲ ကြိမ်းမောင်းလေသည်။စင်စစ်မှာမူ အာနန္ဒာသည် အမြင်ကျယ်သူ ပုဂ္ဂိုလ် မဟုတ်။သူသည် ရှည်ရှည်ဝေးဝေးကို မကြည့်တတ်။ပစ္စုပ္ပန်ကိုသာလျှင် ကြည့်သည်။ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်လွယ်သည်။မည်သည့်အလုပ်မျိုးကို မဆို ရှည်ရှည်ဝေးဝေး တွေးမနေဘဲ ချက်ချင်းလက်ငင်း လုပ်ပစ်တတ်သည်။အနာဂတ်တွင် ဘယ်လို အကျိုးသက်ရောက်မှု ရှိလာမည်ဆိုသည်ကို မတွေးတော မစဉ်းစား။မဟာကဿပ ထေရ်က သူ့ကို မာန်မဲ ကြိမ်းမောင်းသည်မှာ မှန်ပေသည်။ငါ့ထံမှောက် သူ ရောက်လာလျှင် ငါသည် သူ့ကို ထိုမျှလောက် ကြိမ်းမောင်း မာန်မဲခြင်း မပြုလုပ်စေကာမူ သူ့ကို တပည့်တပန်းများအား စွဲလမ်းချစ်ခင်မှု မပြုရန် သတိပေးမည်မှာ အမှန် ဖြစ်ပေသည်။

လယ်သမား လယ်ယာစိုက်ပျိုးသော အခါ၌ စပါးပင်များနှင့် အတူတကွ မြက်ပင်များလည်း ပေါက်လာသည်။သို့ရာတွင် လယ်သမားသည် မြက်ပင်ကို ကြောက်ပြီး လယ်ယာစိုက်ပျိုးခြင်း လုပ်ငန်းကို ပိတ်မပစ်လိုက်ပေ။ငါ၏ သံဃာ့အဖွဲ့အစည်းလည်း ဤနည်းနှင်နှင် ဖြစ်သည်။ငါ၏ သံဃာ့လယ်ယာမြေ၌လည်း သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ ကဲ့သို့သော စပါးပင်ကောက်ပင်များ ရှိသကဲ့သို့ပင် ဆွမ်းခံထွက်ရာ၌ ဆူဆူညံညံ လုပ်ကြသော ရဟန်းဘောင်ဝင်ပြီး ပြန်ထွက်ပြေးကြသော မြက်ပင်များလည်း ရှိပေသည်။ထိုမြက်ပင်များကို နုတ်ပစ်ဖို့သာလျှင် ရှိပေသည်။သို့မဟုတ် အာနန္ဒာ၏ တပည့်များ ထွက်ပြေးကြသကဲ့သို့ သူ့အလိုလိုလည်း ကျွတ်ထွက်သွားပေလိမ့်မည်။မြက်ပင် ပေါင်းပင်များ အရောရော အထွေးထွေး ဖြစ်နေသဖြင့် လန့်စရာလည်း မလိုပေ။ရှက်စရာလည်း မလိုပေ။လူတိုင်း လူတိုင်းသည်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလ အနည်းငယ်မျှ ဖြစ်စေ ရဟန်းဘဝ အတွေ့အကြုံကို တွေ့ကြုံ သိရှိလျှင် ထိုပုဂ္ဂိုလ်အတွက် ကျေးဇူးများစွာ ရှိသည်ဟုပင် ငါ သဘောရသည်။ သံဃာ့အဖွဲ့အစည်းထဲမှာ ဘယ်နှစ်ရက်နေနေ ငါ ရေးကြီးခွင်ကျယ် မလုပ်ပေ။ သံဃာ့ လယ်ယာထဲမှာ မြက်ပင်များ ရှိနေခြင်းကြောင့် သံဃာ့ အဖွဲ့အစည်းသည် ကဲ့ရဲ့ဖွယ် ဖြစ်၏ဟုလည်း ငါ မယူဆပေ။

အကြင် ပုဂ္ဂိုလ်တို့သည် ယင်းအကြောင်းများကြောင့် ငါ၏ သံဃာ့ အဖွဲ့အစည်းကို ကဲ့ရဲ့ရှုတ်ချ ကြ၏။ ထိုပုဂ္ဂိုလ်များအား မြက်မပေါက်သည့် လယ်မျိုး လုပ်ပြကြစမ်းပါဟု ငါက ပြောလိုက်ပါရစေ။

www.burmeseclassic.com

www.burmeseclassic.com

## ဆေးဆရာ နှင့် လူနာ

လူတွေက ပြောနေကြသည်။သမဏ ဂေါတမသည် အိမ်များကို အမြစ်က လှန်ပစ်သည်။လင်ယောကျာ်းများကို ရဟန်းပြုပေးလျက် ဇနီးမယားများ၏ ချစ်ကြည်မှုကို လုယက် ယူငင်သည်။အဘိုးအိုများ၏ ဆေးပေး မီးယူများကို အဆုံးသတ်ပစ်သည်။သားသမီးများ၏ မိဘများကို လုယက်ယူငင်သည်။ ကောင်းပေ့ ဆိုသည့် သူဌေးသူကြွယ် အိမ်များကို ဖရိုဖရဲ ဖြစ်စေသည်။ တစ်ထောင်မျှသော ဆံကျစ်ရသေ့များ၏ ဦးခေါင်းကို ရိတ်ပစ်သည်။သဉ္စယ ၏ နှစ်ရာ့ငါးဆယ်မျှသော တပည့်များကိုလည်း ကတုံး တုံးပစ်သည်။ ဘယ်သူ့ကို ဆွဲဖို့ တစ်ဖန် လာပြန်သည် မသိ။

ယင်းကဲ့သို့ လူမိုက်များ ရှုတ်ချပြစ်တင် ပြောဆိုနေကြသည့် သတင်း စကားများကို ဆောင်ကြဉ်းပြီးလျှင် ငါ၏ တပည့်များသည် ငါ၏အထံသို့ ရောက်လာကြသည်။သူတို့ကို ပြောပြရသည်။

'သင်တို့ မစိုးရိမ်ကြနှင့်၊ယခုကဲ့သို့ ကဲ့ရဲ့ရှုတ်ချ နေခြင်းများသည် တစ်ပတ်ထက် ပိုပြီး ခံလိမ့်မည် မဟုတ်ပေ'

ယင်းသို့ ဖြစ်ရခြင်းမှာ မီးဖွားခါနီး ဝေဒနာ ခံစားရခြင်းပင် ဖြစ်သည်။ လူ့လောကထဲမှာ တူညီမျှတမှု မွေးဖွားပေါ်ပေါက် လာစေရန်အတွက် ယင်း ဝေဒနာ ခံစားရမှုမျိုးသည် လိုအပ်သည်။ငါ သူဌေး သူကြွယ်တို့၏ အိမ်ကို

www.burmeseclassic.com



ဖရိုဖရဲ ဖြစ်စေလိုသည့် အကြောင်းမှာ ယင်းသို့ ပြုလုပ်မှသာလျှင် ဆင်းရဲသူ ဆင်းရဲသားများ အိမ်တစ်ဆောင် မီးတပြောင် နေနိုင်ကြပေလိမ့်မည်။စည်းစိမ် ယစ်မူးနေကြသည့် မိန်းမ ယောက်ျားများ စည်းစိမ်ဥစ္စာ၏ အနှစ်သာရမဲ့ပုံကို သဘောပေါက်ကြ ပေလိမ့်မည်။အလှူဒါန ပေးကမ်းလှူဒါန်းရမှန်း သိလာပေ လိမ့်မည်။

ယခုအခါတွင် လူ့လောကသည် ကာမဂုဏ် အာရုံခံစားမှုဘက်သို့ မည်မျှလောက် တိမ်းညွတ်နေသနည်းဟူမူ ထိုလူ့လောကအား လမ်းပြောင်း ပေးရန်အတွက် ငါ ယခုလုပ်သည့် အလုပ်မျိုး မလုပ်လျှင် မဖြစ်ပေ။ငါ၏ အလုပ်ကို ရပ်ဆိုင်းပစ်ဖို့ရန် အချိန်ရောက်လာမှ ငါသည် ယခုအလုပ်ကို ရပ်ဆိုင်းထားမည်။ငါ၏ လမ်းစဉ်သည် မဇ္ဈိမပဋိပဒါလမ်းစဉ် ဖြစ်သည်။ စည်းစိမ်ယစ်မူး သူတို့၏ ဦးရေကို လျှော့ပစ်ဖို့ရန်မှာ လိုအပ်သောအရာ ဖြစ်ပေသည်။ဥစ္စာဓနကို ခွဲဝေ မျှတစေရန် အတွက်လည်း ယင်းအလုပ်ကို လုပ်အပ်ပေသည်။နောင်သောအခါ၌ ရဟန်းများ၏ ဦးရေ လိုသည်ထက် ပိုလာပြီး လူ့လောက က ရဟန်းများ၏ ဝန်ကို မချီနိုင် မရွက်နိုင် ဖြစ်လာ သည့် အချိန်တွင်မူ ငါသည် ယခုအလုပ်ကို ရပ်ဆိုင်းထားလိုက်မည်။ယခုအခါ တွင်မူ ငါသည် သူဌေး သူကြွယ်တို့၏ အိမ်ကို အမြစ် လှန်ပစ်ရ ပေလိမ့်မည်။ သို့မှသာ လူ့လောက၏ ဖောက်ပြန်မှုများ လျော့နည်းသွားပေလိမ့်မည်။လူ့ လောကအတွက် အကျိုးပြုမည့် ပုဂ္ဂိုလ်ကောင်းများလည်း ပေါ်ထွက်လာပေ လိမ့်မည်။

ပြည်သူတို့သည် ဦးနှောက်ပျက်နေသော ရောဂါသည်နှင့် တူလေ သည်။ သူတို့သည် ဆေးဝါးကုသမှု၏ လောလောဆယ် အခက်အခဲ၊လော လောဆယ် ဒုက္ခလောက်ကိုသာလျှင် နားလည်လေသည်။ ဆေးဝါးကုသ ခြင်းကြောင့် ဘယ်လို အကျိုးကျေးဇူး ပေါ်ပေါက်လာမည် ဆိုသည်ကို သူတို့ မမြင်ပေ။ယင်းအချက်ကိုမူ ဆေးဆရာက သာလျှင် မြင်လေသည်။သို့ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာသည် ရောဂါသည်၏ အပြစ်တင်ခြင်း၊ကဲ့ရဲ့ခြင်း၊ရှုတ်ချခြင်းကို ဂရုမစိုက်။လူ့လောကအား ဆေးဝါးကုသရန်အတွက် ငါလည်း ပြည်သူတို့၏ အပြစ်တင်ခြင်း၊ကဲ့ရဲ့ခြင်း၊ရှုတ်ချခြင်းကို ဂရုမစိုက်သင့်ပေ။

www.burmeseclassic.com

www.burmeseclassic.com

## မိန်းမဘာဝ၏ ဂုဏ်သိက္ခာ

ငါသည် အမိတိုင်းပြည်ကို တွယ်တာမှု မရှိတော့ပေ။ ယခုအခါတွင်မူ တစ်ကမ္ဘာလုံးသည် ငါ့အတွက် အမိတိုင်းပြည် ဖြစ်သည်။သို့ပင် ဖြစ်သော်လည်း ယနေ့ ကပိလဝတ်သို့ ရောက်လာသောအခါတွင်မူ ကမ္ဘာထဲက နေရာဌာန တစ်ခုခုကို ရောက်လာသည်နှင့် မတူပေ။ယခင်က အတွေ့အကြုံများကြောင့် အခြား နေရာဌာနများထက် ပို၍ အတန်ငယ် ထူးခြားသည်ဟု အောက်မေ့ရလေသည်။ငါသည် ဗုဒ္ဓ ဖြစ်လာပြီ ဖြစ်သော်လည်း မာရ်(နတ်)ယုတ်သည် ငါ့အား တိုက်ခိုက်မြဲ တိုက်ခိုက်နေလေသည်။မာရ်(နတ်)ယုတ်က ပြောလေ၏။

'ဗုဒ္ဓ၊ သင်သည် အိမ်ရာကို စွန့်ခွာသွားသော ပုဂ္ဂိုလ် ဖြစ်သော်လည်း ယခု ကိုယ့်ရပ် ကိုယ့်ရွာကို ရောက်လာသောအခါ၌ သင့်ကို မြင်တွေ့ရန်အတွက် ပိုပြီး စိတ်အားထက်သန် နေကြသည့် လူများထံ ပထမဦးဆုံး သင် သွားသင့်သည်။သင်၏ ဖခမည်းတော်၊သင်၏ ကြင်ယာဇနီး၊သင်၏ ခြွေရံ သင်းပင်းများသည် နှစ်ရှည်လများ သင့်ကို တွေ့မြင်လိုသည့် စိတ်ဆန္ဒဖြင့် မျှော်လင့် စောင့်စား နေကြသည်။သို့ဖြစ်သောကြောင့် တခြားအိမ်တွေကို အသာထားပြီး ကိုယ့်အိမ်ကိုယ့်ရာကို ပထမဦးစွာ ဆွမ်းခံ ကြွသင့်ပေသည်'

ငါက ပြန်ပြောလိုက်သည်။

**ဗုဒ္ဓမြတ်စွာဘုရား**

www.burmeseclassic.com

www.burmeseclassic.com



'မာရ်(နတ်)ယုတ်၊အကြင်သူသည် ဗုဒ္ဓ ဖြစ်၏၊ဖိနှ ဖြစ်၏၊ အာသဝေါ ကုန်ခန်း၏၊ထိုသူ့အတွက် သင် အခု ပြောသကဲ့သို့ ပုဂ္ဂိုလ်စွဲ ထားခြင်းမျိုး သည် မသင့်လျော် မလျောက်ပတ်တော့ပေ။ငါ့အတွက် ဘယ်သူက စိတ်အား ထက်သန်သည်၊ဘယ်သူက စိတ်အားမထက်သန်ဟု စဉ်းစားခြင်းထက် ငါ၏ သံဃာ့အတွက် ဘယ်သူက စိတ်အားထက်သန်သည်၊ဘယ်သူက စိတ်အား မထက်သန် ဟူသော အချက်ကို ပိုပြီး ငါ့အနေဖြင့် ကြည့်ရပေလိမ့်မည်။ ထိုအမြင်ဖြင့် ကြည့်လျှင် ငါ၏ နန်းတော်က ငါ့ဆွေမျိုး ဉာတကာများကဲ့သို့ တခြား မြို့သူ မြို့သားများလည်း စိတ်အားထက်သန်ကြသည်ကို တွေ့ရ သည်၊ ငါသည် ယခု ဆွေမျိုးဟူသော အစွဲကို မထားတော့၊သို့အတွက်ကြောင့် အိမ်စဉ် လိုက်ပင် ဆွမ်းခံကြွမည်'

ငါသည် အိမ်အစဉ်လိုက်သာလျှင် ဆွမ်းခံထွက်သည်။သို့ရာတွင် ထိုပြာသာဒ်နန်းဆောင်ကို မြင်နေရသည်။ငါသည် ထိုပြာသာဒ်နန်းဆောင် အား မကြည့်ဘဲ နေ၍ မရပေ။ပြာသာဒ်နန်းဆောင်၏ ပြတင်းပေါက်တစ်ခုမှ ရာဟုလာ မယ်တော်က ငါ့ကို ကြည့်နေသည်။အင်း ဘယ်လောက် ပြောင်းလဲ နေသနည်း။ညဥ့်အချိန် အိပ်ပျော်နေစဉ် ငါ စွန့်ခွာလာခဲ့သူမှာ ဘုရင့်သမီး တော် တစ်ဦးသာလျှင် ဖြစ်ခဲ့သည်။ယခု တွေ့မြင်နေရသူကား ဘုရင့်သမီး တော် ဖြစ်သော်လည်း ဘိက္ခုနီမ တစ်ဦးကဲ့သို့ပင် ထင်နေရသည်။

ငါ့ကို တွေ့မြင်သည်နှင့် တစ်ပြိုင်နက် ရာဟုလာ မယ်တော်သည် အတွင်းသို့ ဝင်သွားသည်။ဘုရင်မင်းမြတ်အား အကြောင်းကြားရန် ဝင်သွား ခြင်း ဖြစ်ပေလိမ့်မည်။သူသည် ဘုရင်မင်းကြီးအား သရော်သည့် အနေဖြင့် 'ကြည့်စမ်း၊ခမည်းတော် အရှင်မင့်ကြီး၏ သားတော်တစ်ယောက် ဖုန်း တောင်းယာစကာ ဖြစ်လာပါပကောလား'ဟု ပြောလိုက်ပုံ ရလေသည်။ အကြောင်းမှုကား များမကြာခင်ပင် ဘုရင် သုဒ္ဓေါဒနမင်းကြီးသည် နန်းတော် ဆောင်တွင်းမှ ထွက်ခဲ့ပြီး ငါ၏ အထံသို့ ရောက်လာသောကြောင့် ဖြစ်ပေ သည်။



www.burmeseclassic.com

www.burmeseclassic.com



မောဟသည် မည်မျှလောက် အားကောင်းပေသနည်း။ သုဒ္ဓေါဒန မင်းကြီးသည် ငါ့ကို ယခုထက်တိုင်ပင် သူ့သားလိုပင် အောက်မေ့နေတုန်း ရှိသေးသည်။သို့ဖြစ်၍ ဆွမ်းခံကြွသည့်လမ်းမသို့ ရောက်လာပြီး ပြောလေ၏။

'သားတော်၊ ဖခမည်းတော်ကို ဘာကြောင့် အရှက်တကွဲ အကျိုးနည်း အောင် လုပ်ရသနည်း။ဘာကြောင့် ဆွမ်းခံနေရသနည်း။သင် သားတော်နှင့် သင် သားတော်၏ တပည့်များကို ခမည်းတော် ဆွမ်းမကျွေးနိုင်ဘူးလော'

ငါက ပြန်ပြောလိုက်သည်။

'အရှင်မင်းကြီး၊ ဆွမ်းခံခြင်းမှာ ငါတို့ အမျိုးအနွယ် ထုံးစံပင် ဖြစ်ပါသည်'

ဘုရင်မင်းကြီး။ ။သားတော်၊ သားတော်၏ အမျိုးအနွယ်သည် မဟာခတ္တိယ အမျိုးအနွယ် မဟုတ်ပါလော။ခမည်းတော်တို့၏ အမျိုးအနွယ် မှာ ဘယ်သူမှ ဘယ်တုန်းကမှ ထမင်း တောင်းတယ်လို့ မရှိခဲ့ဘူးပါ။ ထမင်း ကို ပေးရုံသာ ပေးသည်။ယူတယ်လို့ ဘယ်တုန်းကမှ မရှိခဲ့။

ငါ။ ။အရှင်မင်းကြီး၊အရှင်မင်းကြီး ပြောနေသည့် အမျိုးအနွယ် မှာ ကိုယ်ကာယအမျိုးအနွယ် ဖြစ်သည်။ငါပြောသည့် အမျိုးအနွယ်က ကိုယ် ကာယ အမျိုးအနွယ် မဟုတ်ပေ။စိတ်ဓာတ် အမျိုးအနွယ် ဖြစ်သည်။ငါ အခု သကျ အမျိုးအနွယ်ဝင် မဟုတ်တော့။သမဏ အမျိုးအနွယ်ဝင် ဖြစ်သွားပြီ။

ဘုရင်မင်းကြီး။ ။သားတော်၊ရုပ်ဝတ္ထုဖြစ်သည့် အစာအာဟာရ အတွက်ဆိုလျှင် ရုပ်ဝတ္ထုဆိုင်ရာ အမျိုးအနွယ်ကိုသာ စဉ်းစားသင့်သည် မဟုတ်လော။

ငါ။ ။အရှင်မင်းကြီး၊အကြင်ပုဂ္ဂိုလ်တို့၏ အစာအာဟာရသည် ရုပ်ဝတ္ထု ပြည့်ဖြိုးစေရန်၊ကိုယ်ကာယ ပြည့်ဖြိုးစေရန်အတွက် ဖြစ်၏။ ထိုပုဂ္ဂိုလ်များသည် ရုပ်ဝတ္ထုဆိုင်ရာ အမျိုးအနွယ် အကြောင်းကိုသာလျှင် တွေးတော စဉ်းစားကြသည်။အကြင်ပုဂ္ဂိုလ်တို့၏ အစာအာဟာရသည် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ခတ် စင်ကြယ်မှုအတွက် ဖြစ်၏။ထိုပုဂ္ဂိုလ်များကမူ စိတ်ခတ်ဆိုင်ရာ အမျိုးအနွယ် အကြောင်းကိုသာလျှင် တွေးတော စဉ်းစားကြသည်။

ဘုရင်မင်းကြီး။ ။ကောင်းပြီ သားတော်၊ထင်သလိုသာ လုပ်ပါတော့။သို့သော်လည်း ခမည်းတော် အသက်နှင့်ကိုယ် ထင်ရှားရှိနေလျက်နှင့်တော့ ခမည်းတော်၏ မြို့တော်မှာ အခုလို ရောက်လာ လာချင်း ပထမနေ့မှာ ဆွမ်းခံမပါနှင့်။သားတော်၏ တပည့်ရဟန်း အားလုံးကို ခေါ်ခဲ့ပြီး နန်းတော်ကို ကြွခဲ့ပါ။နန်းတော်မှာပဲ ဆွမ်းဘုဉ်းပေးကြပါ။နှစ်ရှည်လများ သားတော်ကို တွေ့မြင်ချင်နေကြသည့် ပုဂ္ဂိုလ်တွေကို တွေ့မြင်ခွင့်ပေးပါ သားတော်။

ယင်းသို့ ဘုရင်မင်းကြီးက တိုက်တွန်း တောင်းပန်သဖြင့် နန်းတော်သို့ သွားခဲ့ ရလေသည်။ရဟန်းတို့ မည်သည်မှာ ဆင်းရဲချမ်းသာ ဘုရင်သူတောင်းစား မျက်နှာမရွေး တစ်တန်းစားတည်း ထားရသည်၊သာတူညီမျှ ရှိရသည် ဆိုသော အချက်၏ သက်သေ သာကေကို ငါသည် အိမ်စဉ်အလိုက် ဆွမ်းခံခြင်းဖြင့် ထင်ရှားပြပြီး ခဲ့လေပြီ။သို့သော်လည်း အဆင်ခြင် အစဉ်းစား မဖက်သည့် မျက်ကန်း သာတူညီမျှရေးမှာမူ မသင့်လျော် မလျောက်ပတ်ပေ။သာတူညီမျှရေးဟူသော အကြောင်းပြချက်ဖြင့် တစ်ယူသန် တဇောက်ကန်း မလုပ်သင့်ပေ။လူတို့၏ စိတ်နှလုံးကို အချည်းနှီး အလဟဿ ဒုက္ခရောက်အောင် မလုပ်သင့်ပေ။လမ်းစဉ်မှာ အလယ်အလတ် လမ်းစဉ် ဖြစ်သည်။လွန်ကဲသည့် လမ်းစဉ် မဟုတ်ပေ။ကြီးမြင့်သူတို့၏ တိုက်တွန်း တောင်းပန်ချက်၌ အလေးအနက် ရှိသလောက် ရှိသည်။ယင်းအမြင်ဖြင့်သာလျှင် ငါသည် သုဒ္ဓေါဒနမင်းကြီး၏ တိုက်တွန်း တောင်းပန်ချက်ကို လက်ခံလိုက်ခြင်း ဖြစ်ပေသည်။

နောက်တစ်ကြောင်းမှာလည်း ငါသည် နန်းတော်သို့ တစ်ကြိမ်တော့ သွားရောက်ရမည်သာ ဖြစ်သည်။ရာဟုလာ့ မယ်တော်၏အပေါ်တွင် ဤ



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် အခြေအနေများက ဘယ်လို ဩဇာလွှမ်းမိုး သက်ရောက်မှု ရှိသည် ဆိုသည်ကိုလည်း ကြည့်ရပေဦးမည်။ငါသည် သူ့ကို ဇွဲညာ ထောက် ထားခြင်း မပြုခဲ့သည်မှာ လင်းပါးဖွယ် မရှိ။သူ့ဘဝ၏ အရသာကို လုယက် ယူငင်ခဲ့သည်။သို့ရာတွင် ကမ္ဘာလောက၌ မကောင်းမှုများ ရှိနေသေးသရွေ့ ထိုမကောင်းမှုများကို ကုစားမည့် ပုဂ္ဂိုလ်၏ အနေဖြင့် ဤကဲ့သို့သော အခက် အခဲမျိုးကို ရင်ဆိုင်ရမည်သာ ဖြစ်ပေသည်။

ထို့ပြင် ခတ္တိယအမျိုးသမီး တစ်ဦးတစ်ယောက်သည် ယင်းကဲ့သို့ သော မုဆိုးမ ဘဝမျိုးအတွက် အဆင်သင့်ပင် ရှိနေပေလိမ့်မည်။အကယ်၍ ငါသည် နန်းတော်မှာ ဘုရင်အဖြစ်နှင့်နေလျှင် စစ်တိုက်ထွက်ချင် ထွက်ရ မည်။စစ်တိုက်ထွက်လျှင် ကျဆုံးသွားချင်လည်း ကျဆုံးသွားပေလိမ့်မည်။ ထိုအခါမျိုး၌မူ ရာဟုလာ၏ မယ်တော်သည် မုဆိုးမဘဝကို ရင်ဆိုင်ရ ပေလိမ့်မည်။မှန်ကန်သော သူရဲကောင်းတစ်ဦးအနေနှင့် မတရားမှုအတွက် စစ်မတိုက်ဟု ပြောနိုင်သော်လည်း တရားမှုအတွက်မူ စစ်တိုက်ရပေလိမ့် မည်။ယင်းသို့ စစ်တိုက်ရလျှင် သူရဲကောင်းသည် အဆင်မသင့်က ကျဆုံးသွား နိုင်သည်။သူရဲကောင်း၏ ကြင်ယာ ဇနီး တစ်ဦးအတွက် ဘုရင်နှင့် ပတ်သက် သည့် အလုပ်တွင် အကယ်၍ မုဆိုးမဖြစ်ဖို့ အကြောင်းရှိလျှင် ရဟန်းနှင့် ပတ်သက်သည့် အလုပ်တွင် မုဆိုးမ မဖြစ်နိုင်စရာ အကြောင်း မရှိပေ။

နိုင်ငံတော်တစ်ခု ချဲ့ထွင် တည်ထောင်ရန်အတွက် သူရဲကောင်း ထောင်ပေါင်းများစွာ အသက် စွန့်လွှတ်ရသည်။မိန်းမ ထောင်ပေါင်းများစွာ မုဆိုးမဘဝ ရောက်ကြရသည်။နွမ ထောင်ပေါင်းများစွာ မောင်ဖွား လက်လွှတ် ကြရသည်။မိဘ ထောင်ပေါင်းများစွာ သားမဲ့ ဖြစ်ကြရသည်။ကလေး ထောင် ပေါင်းများစွာ အဖမဲ့ ဖြစ်ကြရသည်။သို့ပင်ဖြစ်သော်လည်း စစ်တိုက်ရန် ထွက်ခွာသွားကြသည့် သူရဲကောင်းများအား ပန်းကုံးစွပ်လျက် နှုတ်ခွန်းဆက် သခြင်း ပြုလုပ်ကြရသည်။သို့ဖြစ်လေရာ တရားမမှ နိုင်ငံတော် တည်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ရာဒ္ဒကမ္ဘာလောကမှ မကောင်းမှုများနှင့် ဆင်းရဲဒုက္ခကို ဖယ်ရှားပစ်ဖို့ ကြိုးပမ်းရာဒ္ဒ လုလင်များ၊ကုံလုံကြွယ်ဝသူများ အများအပြား အိမ်ကို စွန့်ခွာရမည်ဆိုလျှင် အံ့ဩစရာ ဘယ်မှာ ရှိမည်နည်း။

ရာဟုလာ မယ်တော်သည် အသိဉာဏ်နှင့် ပြည့်စုံသည်။ ပညာရှိသည်။သူသည် ယင်း သဘောတရားကို နားလည်သည်။နားမလည်လျှင်လည်း နားလည်အောင် ပြုလုပ်သင့်သည်။သူသည် ဘယ်လို ဖြစ်နေသနည်း။ ငါ၏ ဘဝတွင် ဖြစ်ပေါ်လာသည့် တော်လှန်မှုသည် သူ၏ဘဝတွင် ဘယ်လို အကျိုးသက်ရောက်မှု ရှိသနည်း။ငါသည် ယင်းအချက်ကို သိလိုသည့်ဆန္ဒရှိနေခဲ့သည်။ယင်း အလိုဆန္ဒသည် ယနေ့ ပြည့်ဝ သွားလေပြီ။

ရာဟုလာ မယ်တော်သည် သူ့ရဲကောင်း ကြင်ယာဇနီး ပီသကြောင်း၊ သူ့ရဲကောင်းမိခင် ပီသကြောင်း၊သူ့ရဲကောင်း မိန်းမ ပီသကြောင်း သိရှိရ၍ ငါ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။ငါ ရောက်သွားသောအခါ ငါ့ကို တွေ့ဆုံရန် အားလုံး လာကြသော်လည်း သူတစ်ယောက်ကမူ ရောက် မလာပေ။ ယခုကဲ့သို့ ကိုယ့်ကိုယ်ကို ဂုဏ်တင်ထားခြင်းမှာ သင့်လျော် မှန်ကန် လှပေသည်။အမှန်စင်စစ် ငါသည် သူ၏ တရားခံ ဖြစ်နေသည်။အိမ်ရာကို စွန့်ခွာခြင်းသည် မည်သည့်အခြေအနေအရမဆို သင့်လျော်သည်၊လိုအပ်သည် မှန်ကန်သော်လည်း ယခုလို ခိုးကြောင် ခိုးဝှက်ဖြင့် လူမသိအောင် တိတ်တဆိတ် ထွက်ပြေးခြင်းမှာမူ သင့်လျော် လျောက်ပတ်သည်ဟု မဆိုနိုင်ပေ။

သူ ယခုလို မာန်ရှိနေခြင်းမှာ သင့်လျော် လျောက်ပတ်ရုံသာလျှင် မဟုတ်၊လိုလည်း လိုအပ်ပေသည်။ယင်းသို့ ပြုလုပ်လိုက်ခြင်းအားဖြင့် သူသည် ကာမဂုဏ် အာရုံတို့၏ အပေါ်တွင် အနိုင် ရရှိနေပြီ ဖြစ်ကြောင်း၊အပြင်အပက တစ်လှေတည်းစီး တစ်ခရီးတည်းသွား မဟုတ်သေးသော်လည်း အတွင်းသန္တာန်၌မူ သူသည် တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေပြီဖြစ်ကြောင်း သိရှိရပေ၏။သူသည် ငါ့အား သံယောဇဉ်တွယ်တာမှု မရှိတော့

www.burmeseclassic.com



ပေ။သို့ဖြစ်သောကြောင့်သာ ဤမျှ နှစ်တွေ လတွေ ရှည်ကြာပြီးသည့်နောက် ရောက်လာခြင်း ဖြစ်သော်လည်း သူသည် ငါ့ကို တွေ့ဆုံရန် အပြင်သို့ ထွက်မလာခြင်း ဖြစ်ပေသည်။သူ၏ တည်ကြည်မှုသည် ချီးကျူးအပ်ပေသည်။ သူ၏ မြင့်မြတ်မှုသည် စံတင်လောက်ပေသည်။

ငါသည် ဗုဒ္ဓ ဖြစ်ခဲ့လေပြီ။ဇိန ဖြစ်ခဲ့လေပြီ။ရဟန္တာ ဖြစ်ခဲ့လေပြီ။ သို့ရာတွင် ဤခန္ဓာကိုယ်နှင့် ရှိနေသမျှ ကာလပတ်လုံး ဤခန္ဓာ၏ အဆက်အသွယ်တို့ကို လုံးလုံး ဥပေက္ခာ ပြုထား၍ မဖြစ်ပေ။လူ့ဝတ်ကြောင် ဘဝတုန်းက ငါသည် မလျော်သည့် အလုပ်ကို လုပ်ခဲ့သည်။ခိုးကြောင်ခိုးဝှက်ဖြင့် အိမ်က စွန့်ခွာ ထွက်ပြေးခဲ့သည်။ယင်းသို့ ပြုလုပ်ခဲ့သည့်အတွက် အာပတ်ဖြေသည့် သဘောကို အထိုက်အလျောက်လုပ်ဖို့ လိုပေသည်။ထို့ပြင် ဂုဏ်နှင့် နေသည့် အမျိုးကောင်းသမီးတစ်ဦး၏ ဂုဏ်ကိုလည်း ကာကွယ်စောင့်ရှောက်ရန် လိုအပ်ပေသည်။သို့ဖြစ်၍ ငါကိုယ်တိုင် ရာဟုလာ မယ်တော်၏ ခန်းဆောင်တွင်းသို့ သူ့ကို ပြရန် သို့မဟုတ် သူ့ကို တွေ့ရန် ဝင်သွားခဲ့ခြင်း ဖြစ်လေသည်။

ဘုရင်မင်းကြီး အတူပါလာသည်မှာ သင့်လျော် ကောင်းမြတ်လှပေသည်။ထို့ထက် သင့်လျော် ကောင်းမြတ်သည်မှာ ငါ၏ တပည့်ကြီးနှစ်ဦး ဖြစ်သည့် သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့အား အတူ ခေါ်လာခဲ့ခြင်း ဖြစ်လေသည်။သို့ရာတွင် သူတို့ကို ရာဟုလာမယ်တော်က ငါ့အား ဘယ်လို အပြုအမူမျိုး ပြုလုပ် ပြုလုပ် သင်တို့ ကြားဝင်ပြီး ဘာကိုမျှ မပြောကြနှင့်ဟု ပြောထားရလေသည်။ရာဟုလာ မယ်တော်သည် ရာဂကို ပြပြ၊ဒေါသကို ပြပြ၊ငါသည် အခြေအနေ နှစ်မျိုးလုံးကို ရင်ဆိုင်ရန် အသင့်ပြင်၍ သွားခဲ့လေသည်။ သို့ရာတွင် ချီးကျူးဖွယ် ကောင်းသည်မှာ သူသည် ရာဂကိုလည်း မပြ၊ဒေါသကိုလည်း မပြ။ဦးညွတ်ပြီးတော့သာလျှင် ငါ့ကို ရှိခိုးကန်တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ ပထမ၌မူ ရာဟုလာမယ်တော်သည် ငါ့ကို ကလဲ့စား ပြန်ချေခြင်းပင် ဖြစ်သည်ဟု ငါ ယူဆမိသည်။ငါ သူ့ကို မျက်နှာလွှဲပြီး စွန့်ခွာထွက်သွား သကဲ့သို့ပင် သူလည်း ငါ့ကို မျက်နှာလွှဲနေသည်ဟု ထင်မိသည်။ အကယ်၍ သူ့စိတ်ထဲတွင် ကလဲ့စား ပြန်ချေသည့် သဘောထားများ ရှိနေလျှင် အဆင်ပြေသွားဖွယ်ရာသာ ဖြစ်သည်။သူ၏ ယင်းဥပေက္ခာသဘောကြောင့် ငါ၏အပြစ်လည်း ပပျောက်သွားပြီး စိတ်တွင် တင်ရှိနေသည့် ဝန်ထုပ်ဝန်ပိုးလည်း ကျသွားဖွယ်ရာ ရှိလေသည်။သို့ရာတွင် ထိုအချိန်၌ ဘုရင်မင်းကြီးက ငါ၏ ယင်းကဲ့သို့သော အထင်အတွေးများကို ပယ်ဖျောက်ပစ်လိုက်သည်။ဘုရင်မင်းကြီးက ပြောလေသည်။

'အရှင်ဘုရား၊ခမည်းတော်၏ သမီးတော်သည် ဂုဏ်သိက္ခာနှင့် ပြည့်စုံသူ ဖြစ်ပါသည်၊အကျင့်တရားရှိသူ ဖြစ်ပါသည်၊စွန့်လွှတ်တတ်သူ ဖြစ်ပါသည်၊လင်ယောကျ်ားကို လေးစားကြည်ညိုသူ ဖြစ်ပါသည်။သူ့လင်ယောကျ်ား ဖန်ရည်သင်္ကန်းကို ဝတ်ရုံနေပြီ ဆိုသည့် သတင်းကို ကြားရသည့်နေ့ကစပြီး သူလည်း သစ်ခေါက်ဆိုး အဝတ်ကိုပဲ ဝတ်နေတော့သည်။သူ့လင်ယောကျ်ား ဆွမ်းတစ်ထပ်ပဲ စားတော့သည် ဆိုသည့် သတင်းကို ကြားရသည့်နေ့ကစပြီး သူလည်း တစ်နေ့ တစ်ထပ်ပဲ ထမင်းစားတော့သည်။ သူ့ယောကျ်ား ပလ္လင်ညောင်စောင်းပေါ်မှာ မအိပ်တော့ဘူး ဆိုသည့် သတင်းကြားရသည့် နေ့ကစပြီး သူလည်း ပလ္လင်ညောင်စောင်းကို စွန့်ပစ်လိုက်တော့သည်။သားတော် ပန်းနံ့သာ စသည် ပယ်လိုက်ပြီ ဆိုသည့်သတင်း ကြားရသည့် အချိန်ကစပြီး သူလည်း ပန်းနံ့သာ စသည်တို့ကို မဆင် မသတော့။ သူ့မိဘဘက်က ဆွေတော်မျိုးတော်တွေ သူ့ကို အကြိမ်ကြိမ်လာပြီး ခေါ်ကြသည်၊ကျွန်ုပ်တို့ သင့်ကို ပြုစုလုပ်ကျွေးပါရစေလို့ သူ့ကို အတန်တန် တောင်းပန်ကြသည်၊သို့သော်လည်း ခမည်းတော်၏ သမီးတော်က သူ့ကို တောင်းပန်သည်ကို အနည်းငယ်မျှ ဂရုမထားခဲ့ပါ'



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းကြီး၏ စကားကို ကြားရသောအခါ ငါသည် စိတ်ထိခိုက်သွားခဲ့သည်။ငါသည် ဗုဒ္ဓ ဖြစ်နေ၍သာ တော်ပေသေးသည်။သို့မဟုတ်ပါက ဘုရင်မင်းကြီး၏ စကားများကို ကြားသိ ရသည်ဖြစ်၍ ငါသည် ငိုမိပေလိမ့်မည်။

ငါသည် ရာဟုလာမယ်တော်အား ချီးကျူးပြီးလျှင် တရားဥပဒေသကို ဟောကြားပြီး ပြန်ထွက်လာခဲ့သည်။ငါ့အနေဖြင့် သူ၏လင်ယောကျ်ားကို လေးစားကြည်ညိုသည့်စိတ် အရှိန်အစော်၊သူ၏ စွန့်လွှတ်မှု အရှိန်အစော်၊ သူ၏ အကျင့်တရား အရှိန်အစော်ကို ကြာရှည်စွာ ခံနိုင်ပုံလည်း မရပေ။

အို မိန်းမသား၊သင်၏ အနှောင်အဖွဲ့သည် နူးညံ့ ပျော့ပျောင်းလှသော်လည်း အလွန်တရာ ခိုင်မာလှ၏။ထိုအနှောင်အဖွဲ့ကို ဖြတ်တောက်ပစ်ဖို့ရန် မလွယ်ကူ။ထိုညက အကယ်၍ ငါသည် ခိုးကြောင်ခိုးဝှက်ဖြင့် အိမ်ရာက စွန့်ခွာထွက်သွားခြင်း မပြုလျှင် သင်၏ ဤနူးညံ့ပျော့ပျောင်းသော အနှောင်အဖွဲ့ကို ဖြတ်တောက်ပြီး ထွက်သွားနိုင်ပါတော့မည်လော။ ငါသည် ရက်စက်သူတစ်ဦး မဖြစ်ရတော့မည် မဟုတ်ပါလော။သို့သော် ထိုနေ့က ထိုရက်စက်မှုသည် မည်သည့်အရာ၏ ကျားကန်ချက်ဖြင့် ရပ်တည်ခဲ့လေသနည်း။ငါ မည်သည့်အတွက်ကြောင့် အိမ်ရာကို စွန့်ခွာထွက်သွားခဲ့ရသည်ဆိုသည်ကို ငါလည်း မသိခဲ့ပေ။

ယင်းသို့လျှင် တစ်ဖက်တွင် ရက်စက်မှု ရပ်တည်ရန်အတွက် နေရာဟူ၍လည်း မရှိပေ။အခြားတစ်ဖက်တွင် ကြင်ယာမယားနှင့် ပတ်သက်သည့် တာဝန် ဝတ္တရားကလည်း ရှိနေသည်။ကြင်ယာမယား၏ အပေါ်၌ မုဆိုးမဘဝ၊ တစ်ခုလပ်၊ တစ်လင်ကွာဘဝ တည်းဟူသော ဝရဇိန်လက်နက် မိုးကြိုးစက် ကျလာမှာလည်း စိုးရိမ်ရသည်။ယင်းကဲ့သို့သော အခြေအနေ၌ ထိုရက်စက်မှုသည် လူ၏ အင်္ဂါအစိတ်အပိုင်းတစ်ခု ဖြစ်သည်ဆိုသည်ကို ငါလည်း ဘယ်လိုလုပ် နားလည် သဘောပေါက်မည်နည်း။ငါ နားလည်



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သည် ထားဦး၊ရာဟုလာ မယ်တော်ကို ဘယ်လိုလုပ် ရှင်းလင်းပြမည်နည်း။

စစ်သည်သူရဲတို့၏ ကြင်ယာမယားတို့သည် သေမင်း ခံတွင်းဝထဲသို့ ထွက်သွားသော လင်ယောကျ်ားအား ကြည်ကြည်သာသာဖြင့် သွားခွင့်ပြုကြသည်။သို့ရာတွင် စစ်သည်သူရဲတို့၏ ရှေ့မှောက်၌ စစ်အောင်ပွဲ၊တိုင်းပြည်နှင့် အမျိုး ကာကွယ်ရေး စသော တာဝန်ဝတ္တရားများသည် အထင်းသား အကွင်းသား ညွှန်ပြထားခြင်း ရှိလေသည်။ငါ၏ ရှေ့မှောက်၌မူ မည်သည့်အရာ ရှိခဲ့သနည်း။ ငါ၏ ရှေ့မှောက်ရှိ ရည်မှန်းချက်မှာလည်း မှုန်တိ မှုန်မွှားသာ မြင်ရသည်။ လမ်းမကိုမူ ရှာ၍ပင် မတွေ့ပေ။သို့ဖြစ်လေရာ ဘယ်လိုပြောပြီး ရာဟုလာ မယ်တော်အား ခွင့်ပန်မည်နည်း။ယင်းကဲ့သို့သော မပြတ်မသားသည့် လမ်းမကို ညွှန်ပြပြီး ချစ်ခြင်းအနှောင်အဖွဲ့ကို ဘယ်လိုလုပ် ဖြတ်တောက်မည်နည်း။ ယနေ့ ငါ ရရှိသည့် အရာကိုမူ ထိုစဉ်အခါက ငါကိုယ်တိုင်ပင် မသိခဲ့ပေ။ သို့ဖြစ်လေရာ ရာဟုလာမယ်တော်အား ဘယ်လိုလုပ် ရှင်းလင်းပြောပြမည်နည်း။

ယောကျ်ားသည် မိန်းမအား ချုပ်နှောင်ရန် ကြိုးစားသည်။သို့ရာတွင် မိန်းမသည် မိမိ၏ ထူးခြားသည့် စွမ်းရည်ဖြင့် ယင်းအချုပ်အနှောင်ကို နတ်ပြည်အဖြစ် ဖန်တီးပြီး ယောကျ်ားကိုပင် ပြန်ပြီး ချုပ်နှောင်လေသည်။ ယောကျ်ားသည် အားအစွမ်းကို ပြလေသည်။သို့ရာတွင် မိန်းမသည် ချစ်ခြင်း၊ ကိုယ်ချင်း စာနာခြင်းဖြင့် အားအစွမ်းကို အနိုင်ယူပြီးလျှင် ယောကျ်ားအား မိမိနှင့် တစ်ပေါင်းတည်း ပြုလုပ်လိုက်လေသည်။

ယနေ့ ရာဟုလာမယ်တော်၏ ယင်း ထက်မြက်လှသော စွမ်းရည် အကြောင်းကို သိရှိရလေပြီ။အဝေးက နေသော်လည်း ရာဟုလာမယ်တော်သည် ငါ့အား သူ၏ အချုပ်အနှောင်ထဲတွင် ထည့်ထားသည်။ငါသည် သူ့ကို လက်လွှတ်လိုက်ရသည်။သူကမူ ငါ့ကို ရနေသည်။မိန်းမသား၏ ယင်း



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်လှသော စွမ်းရည်သတ္တိအား ယောကျ်ားက အကြိမ်အရာ ဦးညွှတ်အလေးပြုလိုက်ပါသည်။

မာရ်(နတ်)ယုတ် ယနေ့ ခေါင်းမာသလောက် ဘယ်တုန်းကမှ ခေါင်းမမာခဲ့ဘူးပေ။ခြိမ်းခြောက်မှု အဖြစ်ဖြင့် ရောက်လာသည့်အခါ၌ လုံ့လဥဿာဟနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦး အနေနှင့် သူ့ကို လွယ်လင့်တကူဖြင့်ပင် အနိုင်ရရှိနိုင်သည်။ဖြားယောင်းမှု အဖြစ်ဖြင့် ရောက်လာသည့်အခါ၌မူ အနိုင်ရဖို့ရန် မလွယ်လှသော်လည်း သူတော်စင်ပုဂ္ဂိုလ် တစ်ဦးအတွက် သူ့ကို အလွယ်တကူဖြင့်ပင် အနိုင် ရရှိနိုင်သည်။သို့ရာတွင် မေတ္တာသို့မဟုတ် တာဝန်၏ အဖြစ်ဖြင့် မဟာတာဝန် ဝတ္တရား၏လမ်းမ၌ အနှောင့်အယှက် အဟန့်အတား ပြုလုပ်သောအခါတွင်မူ သူ့ကို အနိုင်ရဖို့ရန် ဗုဒ္ဓ သို့မဟုတ် ဇိနတို့ အတွက်ပင်လျှင် မလွယ်ကူလှ။နောက်ဆုံးပိတ်၌ ဗုဒ္ဓ သို့မဟုတ် ဇိနကသာလျှင် အနိုင်ရရှိသည် မှန်သော်လည်း ယင်းသို့ အနိုင်ရရှိမှု၌ ဗုဒ္ဓ သို့မဟုတ် ဇိနတို့၏ စွမ်းရည်သတ္တိသည် အပြည့်အဝ မှတ်ကျောက် အတင်ခံရလေသည်။ယနေ့ ငါ၏ စွမ်းရည်သတ္တိလည်း ယင်းကဲ့သို့သော မှတ်ကျောက်မျိုး အတင်ခံရလေသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## သစ္စာတရား၏ ယဇ်ပလ္လင်မှာ

နိုင်ငံရေးဆိုင်ရာ နိုင်ငံချုပ်ထွင်ခြင်းကို ပြုလုပ်ရခြင်းထက် တရားဓမ္မဆိုင်ရာ နိုင်ငံချုပ်ထွင်ခြင်းကို ပြုလုပ်ရခြင်းက ပို၍ ခက်ခဲလှသည်။နိုင်ငံရေးဆိုင်ရာ နိုင်ငံချုပ်ထွင်ခြင်းကို ပြုလုပ်ခြင်း၌ တိရစ္ဆာန်နှင့် လူ့တိရစ္ဆာန်များပင်လျှင် အသုံးဝင်ကြသည်။၎င်းတို့အား ကြိမ်တို့၍ ခိုင်းစေနိုင်သည်။တရားဓမ္မ နိုင်ငံချုပ်ထွင်ရာ၌မူ ယင်းကဲ့သို့သော တပ်သားများ အသုံးမဝင်ပေ။ယင်းကိစ္စအတွက်မူ အဆင့်အတန်းမြင့်သည့် တပ်သားများသာလျှင် အရေအတွက် နည်းချင် နည်းပေစေ၊ အသုံးဝင်ပေသည်။

ထမင်းငတ်နေသူများ ရဟန်းပြု၍ တရားဓမ္မနိုင်ငံ ချုပ်ထွင်ရေး၏ တပ်သား အမည်ခံနေလျှင် ယင်း တရားဓမ္မနိုင်ငံသည် နာရီပိုင်းအတွင်းမှာပင် ပျက်စီးပျောက်ကွယ် သွားဖွယ်ရာ ရှိသည်။ယနေ့ ငါ အောင်မြင်မှု ရခဲ့ခြင်း၊ အောင်မြင်မှု ရနေခြင်း၏ အကြောင်းအမျိုးမျိုး ရှိသည့်အနက် ကြီးကျယ်သော အကြောင်းတစ်ခုမှာ ငါသည် ထိုအောင်မြင်မှုအတွက် ထီးနန်းစည်းစိမ်၊ လှပသော ကြင်ယာမယား၊မြင့်မြတ်သော အိမ်ထောင်စုကို စွန့်လွှတ်ခဲ့သည်ဟု ပြည်သူက နားလည်သောကြောင့် ဖြစ်သည်။အကြင် အရာဝတ္ထုအတွက် ငါသည် ဤမျှလောက် စွန့်လွှတ်ခဲ့၏။ထိုအရာဝတ္ထုသည် အမှန်မုချ မွန်မြတ်သောအရာ ဖြစ်ပေလိမ့်မည်ဟု လူအပေါင်း၏ စိတ်ထဲတွင် အတွေးရောက်

www.burmeseclassic.com



မနေလျှင် ငါ၏ လုပ်ငန်းသည် တစ်ဝက်ဝေး၍ လေးပုံပုံ တစ်ပုံမျှပင် ဖြစ်မြောက် အောင်မြင်လိမ့်မည် မဟုတ်ပေ။

လူအပေါင်းတို့ သစ္စာတရားကို မှတ်ကျောက်တင် ကြည့်ပုံကြည့်နည်းနှင့် ပတ်သက်၍ ငါ ဝမ်းနည်းခြင်း ဖြစ်မိသည်။လူအပေါင်းတို့သည် အရာဝတ္ထုကို မစစ်ဆေး မစမ်းသပ်ကြ။ထိုအရာဝတ္ထု ထည့်ထားသည့် ခွက်ဂိုသာ လျှင် ကြည့်ကြသည်။သူတို့သည် ရွှေခွက်ထဲတွင် ထည့်ထားလျှင် အဆိပ်ကို ပင်လည်း သောက်ပစ်ကြပေလိမ့်မည်။မြေခွက်ထဲတွင် ထည့်ထားလျှင် အမြိုက် သုဓာကိုသော်လည်း နှာခေါင်း ရှုံ့ကြပေလိမ့်မည်။ပန်းတင်ထားလျှင် အုတ်ပုံကိုဖြစ်စေ ပူဇော်ကြပေလိမ့်မည်။ ပန်းမရှိလျှင်မူ နတ်ရုပ်ကိုသော်လည်း ခြေနှင့် ကျောက်သွားပေလိမ့်မည်။သူတို့၏ ယင်းမိုက်မဲမှုမှာ စိတ်ပျက် ဝမ်းနည်းဖွယ် ကောင်းလှပေသည်။

သို့ရာတွင် စိတ်ပျက် ဝမ်းနည်းနေ၍ မည်သို့ကျေးဇူး ရှိမည်နည်း။ ဆေးဆရာသည် အကယ်၍ လူနာ၏ မိုက်မဲမှုကို စိတ်ပျက်ဝမ်းနည်းနေလျှင် လူနာမှာ သေသွားဖို့ရာသာရှိ၍ ဆေးဆရာသည် ဆေးဆရာ မည်တော့မည် မဟုတ်ပေ။ငါသည် လူအပေါင်းတို့ကို ကြည့်၍ စိတ်ပျက်ဝမ်းနည်းနေလျှင် လူအပေါင်းမှာ ပျက်စီးသွားဖို့ရာသာ ရှိလျက် ငါလည်း ဘုရား မည်တော့မည် မဟုတ်ပေ။သို့ဖြစ်၍ ငါ၏ သံဃာ့တပ်မတော်ထဲတွင် ချမ်းသာကြွယ်ဝသည့် လူငယ်လူရွယ်များအား ထည့်သွင်းရန် ဆုံးဖြတ်ချက် ချမှတ်လိုက်ခြင်း ဖြစ်သည်။လူအိုများနှင့် ဆင်းရဲနွမ်းပါးသူများ ဝင်ရောက်မလာရဟု ပိတ်ပင်ထားချက် မရှိသော်လည်း ချမ်းသာကြွယ်ဝသည့် လူငယ်လူရွယ်များ ဖန်တီး ပြုလုပ်နိုင်သည့် ဩဇာနှင့် အလုပ်ကို ဆင်းရဲသူ ဆင်းရဲသားများနှင့် လူအိုများသည် မဖန်တီး မပြုလုပ်နိုင်ပေ။

လူအိုများတွင် လုံ့လဥဿာဟ မရှိပေ။တော်လှန်ရေး စိတ်ဓာတ်လည်း မရှိပေ။သူတို့သည် ငြိမ်းချမ်းစွာ၊စင်ကြယ်စွာ နေနိုင်ကြသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဝါဒတရား တစ်ခုကို တည်ထောင်ရာ၌မူ လုပ်အားမပေးနိုင်ကြပေ။ခြွင်းချက် အနေအားဖြင့် လူငယ်လူရွယ်များနှင့် ယှဉ်ပြိုင်နိုင်သည့်၊လူငယ်လူရွယ်များ ထက်ပင် တော်လှန်ရေးလုပ်ငန်းများကို ပြုလုပ်နိုင်သည့် လူအိုများလည်း ရှိသည်။သို့ရာတွင် ယင်းမှာ ခြွင်းချက်မျှသာ ဖြစ်သည်။

ဆင်းရဲသူ ဆင်းရဲသားများ၏ စွန့်လွှတ်မှုမှာ အစစ်အဆေး မခံဘူးသူ (စာမေးပွဲ မဖြေဘူးသူ)၏ ဉာဏ်ပညာနှင့် တူသည်။အစစ်အဆေး မခံဘဲနှင့်လည်း(စာမေးပွဲ မဖြေဘဲနှင့်လည်း)လူသည် ပညာရှိ ဖြစ်နိုင်သည်။ သို့ရာတွင် ယင်းအချက်နှင့် ပတ်သက်ပြီး ထုတ်ဖော်ပြောပြ၍ မရပေ။ဆင်းရဲသူ ဆင်းရဲသားများ လာဘ်သပ်ပကာ အပေါ်၌ ဘယ်အထိ အောင်မြင်မှု ရရှိသည် ဆိုသည်ကိုလည်း ထုတ်ဖော်ပြောပြ၍ မရပေ။ယနေ့ ထမင်းငတ်နေသူများ သံဃာ့အဖွဲ့အစည်းထဲ ဝင်ရောက်လာပြီး နက်ဖြန် လာဘ်သပ်ပကာရလျှင်၊ ဥစ္စာဓနရလျှင်၊၎င်းတို့သည် တစ်ခဏချင်း လာဘ်သပ်ပကာနှင့် ဥစ္စာတို့၏ ကျေးကျွန် ဖြစ်သွားနိုင်သည်။ကုံလုံကြွယ်ဝသူများကမူ ယင်းကဲ့သို့သော လာဘ်သပ်ပကာနှင့် ဥစ္စာဓနတွင် ကပ်ငြိနေလိုလျှင် ဘာကြောင့် ရဟန်းဘောင်သို့ ဝင်ရောက်လာမည်နည်း။လူ့ဘောင်ရှိ မိမိတို့ အိမ်မှာလည်း ဥစ္စာဓနများ အလုံအလောက်ရှိသည် မဟုတ်ပါလောဟု တွေးတောစဉ်းစားမှု ပြုကြလေသည်။

လူငယ်လူရွယ်များနှင့် ကုံလုံကြွယ်ဝသူများကြောင့် ဩဇာနှင့် သိက္ခာလည်း ရှိသည်။လူအိုများ ရဟန်းပြုသည်ကို တွေ့ရလျှင် လူအပေါင်းတို့က ‘အင်း....လူ့လောကမှာ ဘာမှ အသုံးမဝင်တော့တဲ့အတွက် ရဟန်းဘောင်ကို ဝင်တာ’ ဟု ကဲ့ရဲ့ကြသည်။ဆင်းရဲသူ ဆင်းရဲသားများ ရဟန်းပြုသည်ကို တွေ့ရလျှင်လည်း ‘အင်း....အိမ်မှာ စားစရာ ဘာမှ မရှိတော့တဲ့အတွက် ဘုန်းကြီး ဝင်လုပ်တာ’ ဟု မေးငေါ့ကြသည်။

လူအိုများလည်း တက်ကြွသည့် ရဟန်းကောင်း ရဟန်းမြတ် ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ဆင်းရဲသူ ဆင်းရဲသားများလည်း ရိုးသားဖြောင့်မတ်ပြီး လောဘအပေါ်တွင် အနိုင်ရသော ရဟန်းကောင်း ရဟန်းမြတ် ဖြစ်နိုင်သည်။သို့ဖြစ်၍ ငါသည် လူအိုများနှင့် ဆင်းရဲသူ ဆင်းရဲသားများကိုလည်း စည်းရုံးမည်။ သို့ရာတွင် သံဃာ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာအတွက် စည်းစိမ်ဥစ္စာနှင့် ကြေးငွေစနကို အများအပြား စွန့်လွှတ်တတ်သည့် လူငယ်လူရွယ် အရေအတွက်များများ ဝင်ရောက်လာဖို့ရန် အရေးကြီးပေသည်။သံဃာ့အဖွဲ့အစည်း၏ ယင်းဂုဏ်သိက္ခာကြောင့် သံဃာ့အဖွဲ့အစည်းကို ပြုစုမည့်၊သံဃာ့အဖွဲ့အစည်း၏ အကျိုးကို သယ်ပိုးဆောင်ရွက်မည့် အင်အားစုလည်း တိုးတက်လာပေလိမ့်မည်။လူတို့သည် ဂုဏ်သိက္ခာကို ကြည့်ကြသလောက် အမှန်တရားကို မကြည့်ကြပေ။

ဤကား သူတို့၏ အမှား၊သူတို့၏ မိုက်မဲမှု ဖြစ်သည်ဟု ငါသိသည်။ ယင်းအမှား၊ယင်းမိုက်မဲမှုကို ဖယ်ရှားပစ်ရန်အတွက် လူအပေါင်း၏ အထံသို့ ချဉ်းကပ်ဖို့ရန်မှာလည်း မလွဲမရှောင်သာသည့်အရာ ဖြစ်သည်။ထိုကိစ္စအတွက် ဤဂုဏ်သိက္ခာသည် လိုအပ်သောအရာ ဖြစ်ပေသည်။

ထို အကြောင်းကြောင့်ပင် ဤတစ်ပတ် အတောအတွင်း၌ ငါသည် ငါ၏ သွေးသားထဲက ပုဂ္ဂိုလ်နှစ်ဦးကို သစ္စာတရား ယဇ်ပလ္လင်ပေါ်မှာ တင်လျက် ယဇ်ပူဇော်လိုက်ရလေသည်။ဘုရင်ကေရာဇ်တစ်ဦးသည် စစ်အောင်နိုင်ရေးအတွက် အနည်းနှင့်အများ ဥပါယ်တံမျဉ်ကို အသုံးပြုသကဲ့သို့ ငါလည်း ဥပါယ်တံမျဉ်ကို အသုံးပြုရသည်။မိမိ၏ အောင်မြင်မှုနှင့် ပတ်သက်၍ ငါ သည် ရယ်လည်း ရယ်ချင်သည်။ငိုလည်း ငိုချင်သည်။

တမြန်နေ့က ငါ နန်းတော်တွင်းသို့ ဆွမ်းခံကြွသွားရင်း နန္ဒမင်းသားကို တွေ့သည့်အခါ အကယ်၍ နန္ဒမင်းသားကို ရဟန်းပြုပေးလိုက်လျှင် သံဃာ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာ တိုးတက်သွားရုံသာလျှင် မကဘဲ သံဃာ့အဖွဲ့အစည်း အနေနှင့်လည်း အကျိုးဆောင် တပ်သားကောင်းတစ်ဦး ရလိမ့်မည်

www.burmeseclassic.com



ဟု ငါ စဉ်းစားမိသည်။ယင်းသို့ စဉ်းစားပြီးလျှင် ငါသည် လက်ထဲကသပိတ်ကို နန္ဒအား လှမ်းပေးလိုက်သည်။ဘုရားရှင်သည် သပိတ်ကို ခေတ္တ အကိုင်ခိုင်းခြင်းသာဖြစ်ပြီး သပိတ်ကို ပြန်ယူ၍ ငါ့ကို ပြန်လွှတ်လိမ့်မည်ဟု နန္ဒက တွေးဟန် တူသည်။သို့ရာတွင် ငါသည် သူ့ထံမှ သပိတ်ကို ပြန်မယူ။ သူ့ကိုလည်း ပြန်မလွှတ်။

ငါနှင့်အတူ နန္ဒမင်းသား နန်းတော်အပြင်သို့ ထွက်လာသည့်အခါ ကျွန်မတစ်ယောက်က ပြောလေသည်။

'သခင်မ၊ဟိုမှာ ကြည့်စမ်း။နန္ဒမင်းသား ဘုရားရှင်နှင့်အတူ ပါသွားပြီ။ ရှင်တော်ဘုရားက နန္ဒမင်းသားကို ပြန်လွှတ်တော့မှာ မဟုတ်ဘူး'

ထိုအခါ နန္ဒ၏ကြင်ယာဇနီးက ပြတင်းပေါက်မှ 'မောင်တော်မြန်မြန် ပြန်လာခဲ့နော်'ဟု လှမ်းပြောလိုက်သည်။

သို့ ဖြစ်လင့်ကစား ငါသည် ငါ၏ နှလုံးသားကို ကျောက်သားအဖြစ် ဖန်တီး၍ နန္ဒကို ဆွဲခေါ်လာခဲ့ရလေသည်။ကျောင်းသို့ ရောက်သောအခါ နန္ဒအား ပြောရလေသည်။

BURMESE CLASSIC

'နန္ဒ၊ သင်သည် စွမ်းရည်သတ္တိနှင့် ပြည့်စုံသူတစ်ဦး ဖြစ်ပေသည်'

နန္ဒ။ ။အဘယ် အကြောင်းကြောင့်ပါနည်း။

ငါ။ ။ဗုဒ္ဓ၏ သပိတ်ကို သင် နန်းတော်က ကျောင်းတော်အထိ ယူဆောင်လာနိုင်သည်။ဤမျှလောက် ဝေးကွာလှသည့် နေရာက ဗုဒ္ဓ၏ သပိတ်ကို ယူဆောင်လာနိုင်သည်ဆိုသည့် စွမ်းရည်သတ္တိသည် ရဟန်းသာမဏက လွဲလို့ တခြား ဘယ်သူ့ဆီမှာမှ မရှိနိုင်ပေ။

နန္ဒ ဘာမျှ ပြန်မပြော။ခပ်မဆိတ် နေ၏။

ငါ။ ။ဘယ်လို စဉ်းစားစိတ်ကူးသနည်း နန္ဒ။အဲဒီ စွမ်းရည်သတ္တိကို အသုံးချလိုသည့်ဆန္ဒ မရှိဘူးလော။ယင်းသို့ မဟုတ်လျှင်လည်း အချည်းနှီး အလဟဿပဲ ဖြုန်းတီးပျက်စီး သွားစေမည်လော။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒ။ ။အဲဒီ စွမ်းရည်သတ္တိကို အသုံးချလိုပါသည် အရှင်ဘုရား။

ငါ။ ။ဒီလိုဆိုလျှင် သင် ရဟန်းပြုရလိမ့်မည်။ ရဟန်း ပြုနိုင်ပါမည်လော။

နန္ဒသည် အတန်ကြာမျှ တွေဝေ စဉ်းစားနေသည်။ထိုနောက်မှ ပြောလေ၏။

'ပြုနိုင်ပါသည်'

ယင်းသို့လျှင် နန္ဒအား ရဟန်းပြုပေး လိုက်လေသည်။

နန္ဒ စုလျားရစ်ပတ် လက်ထပ်ပြီးသည်မှာ မကြာသေးပေ။သို့ဖြစ်၍ ယင်းသို့ ပြုလုပ်ခြင်းသည် နန္ဒ၏ ကြင်ယာဇနီးအား မငဲ့ညှာ မထောက်ထားရာ ရောက်၏ ဆိုသည်ကို ငါ သိသည်။သို့ရာတွင် ကမ္ဘာလောက၏ ကောင်းကျိုးအတွက် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အနစ်နာခံရမှုသည် မလွှဲမရှောင်သာသောအရာ ဖြစ်ပေသည်။ရာဟုလာ သာသနာ့အမွေခံပုံမှာလည်း ယနေ့ ထူးခြားဆန်းကြယ်သော အဖြစ်အပျက်တစ်ခု ဖြစ်လေသည်။ငါ နန်းတော်ထဲ ရောက်သွားသည့်အခါ ရာဟုလာမယ်တော်က သားတော် ရာဟုလာအား သားရဲ့ ဖခမည်းတော်ဆီမှာ အမွေ သွားတောင်းချေ ဆိုပြီး စေလွှတ်လိုက်သည်။

ရာဟုလာက ပြောလေသည်။ BURMESE CLASSIC

'အရှင်ဘုရား၊အရှင်ဘုရားသည် တပည့်တော်၏ ဖခမည်းတော် ဖြစ်ပါသည်၊ဖခမည်းတော်အနေဖြင့် တပည့်တော်ကို အမွေ ပေးတော်မူပါ'

ငါက မေးလိုက်သည်။

'သင် ဖခမည်းတော်၏ အမွေပစ္စည်းကို ယူနိုင်ပါမည်လော'

ရာဟုလာ။ ။ယူပါမည် အရှင်ဘုရား။

ငါ။ ။ထိန်းသိမ်းကော ထားနိုင်ပါမည်လော။

ရာဟုလာ။ ။ထိန်းသိမ်းထားပါမည် အရှင်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ငါ။ ။ကောင်းပြီ၊ ယင်းသို့ဖြစ်လျှင် ထိန်းသိမ်းထားပေလော့။ ဤရဟန်းသာမဏေ အဖြစ်သည်သာလျှင် ငါ၏ အမွေပစ္စည်း ဖြစ်သည်။ သင်လည်း ဤအမွေကို ယူပေလော့။သာရိပုတ္တရာ၊သူ့ကို သာမဏေ ပြုပေးလိုက်။

ယင်းသို့အားဖြင့် ရာဟုလာလည်း တစ်နည်းတစ်ဖုံအားဖြင့် သွေးဆောင်ခြင်း ခံရပြီး သူ့ဘဝကို ကမ္ဘာလောက ကောင်းကျိုး ယဇ်ပလ္လင်မှာ အပူဇော် အစတေး ခံသွားရရှာလေသည်။

ကမ္ဘာလောက၏ ကောင်းကျိုးအလို့ငှာ တည်ထောင် ဖွဲ့စည်းရမည် ဖြစ်သော အကျိုးဆောင် တပ်မတော်အတွက် ယင်းကဲ့သို့သော သွေးဆောင်မှုများကို ပြုလုပ်ရန် လိုအပ်ပေသည်။

ညနေချမ်း ကျသောအခါ သုဒ္ဓေါဒနမင်းကြီး ပေါက်လာပြီး 'အရှင်ဘုရား၊ တပည့်တော် အရှင်ဘုရားဆီက ဆုတစ်ခု တောင်းလိုပါသည်'ဟု လျှောက်ထားလေသည်။

ငါ။ ။အရှင်မင်းကြီး၊ ရဟန်းတစ်ပါးက ဘုရင်တစ်ဦးကို ဘယ်လို ဆုမျိုး ပေးနိုင်ပါမည်နည်း။

မင်းကြီး။ ။ပေးနိုင်သည့်ဆု၊ သင့်တော်သည့် ဆုကိုပဲ တောင်းလိုပါသည်။

ငါ။ ။ဒီလိုဆိုလျှင် ပြောပါ၊ဘယ်လို ဆု မျိုးနည်း။

မင်းကြီး။ ။အရှင်ဘုရား ရဟန်းပြုသွားသည့်အတွက် တပည့်တော် စိတ်ဆင်းရဲခြင်း ဖြစ်ရပါသည်။နောက် နန္ဒ ရဟန်းပြုသောအခါမှာ ပိုပြီး စိတ်ဆင်းရဲခြင်း ဖြစ်ရပါသည်။ယခု ရာဟုလာ ရှင်သာမဏေ ပြုလိုက်သည့် အခါကျတော့ တပည့်တော်၏ နှလုံးသားသည် အစိတ်စိတ် အမြွာမြွာ ဖြစ်နေပါပြီ။သားကို ချစ်သည့်စိတ်သည် တပည့်တော်၏အရေကို ထွင်းဖောက်နေပါသည်။အရေကို ထွင်းဖောက်ပြီးတော့ အသားကို ထွင်းဖောက်



www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။အသားကို ထွင်းဖော်ပြီးတော့ အရိုးကို ထွင်းဖောက်နေပါသည်။အရိုးကို ထွင်းဖောက်ပြီးတော့ ဒဏ်ရာရအောင် ပြုလုပ်ပါသည်။ အကယ်၍ အရှင်ဘုရားသည် အမိအဖ စသည်တို့၏ အခွင့်မရဘဲနှင့် ဘယ်သူ့ကိုမျှ ရဟန်းပြု မပေးလျှင် ကောင်းပါလိမ့်မည်။

ငါ။ ။အရှင်မင်းကြီး၊ဤကိစ္စနှင့် ပတ်သက်ပြီး ငါဘုရား လိုက်နာဆောင်ရွက်မည့် ဆဲဆဲပင် ဖြစ်ပါသည်။သို့သော်လည်း ထိုကဲ့သို့ မြင့်မြတ်သည့် အနစ်နာခံမှု၊စွန့်လွှတ်မှုများကို မပြုလုပ်မချင်း ကမ္ဘာလောက၏ ကောင်းကျိုးချမ်းသာ သို့မဟုတ် လူ့လောကအကျိုးကို ဆောင်ရွက်မှု မဖြစ်နိုင်ဆိုသည့် အချက်ကိုမူ သတိပြုရ ပေလိမ့်မည်။

မင်းကြီး။ ။အရှင်ဘုရားသည် ထိုကဲ့သို့ အိမ်ရာများကို လူသူ ဆိတ်သုဉ်းသွားအောင် လုပ်နေလျှင်၊လူတွေကို တစ်ယောက်ပြီးတစ်ယောက် ဆွဲနေလျှင်၊အရှင်ဘုရားကို ဘယ်သူ မေတ္တာ ရှိတော့မည်နည်း။အားလုံးက ကြောက်လန့်နေကြလိမ့်မည်။ကြောက်စရာကောင်းသည့် ပုဂ္ဂိုလ်တစ်ယောက် ဆိုလျှင် ဘုရင်ဧကရာဇ် ဖြစ်နိုင်သော်လည်း ဘုရားရှင် သို့မဟုတ် လူ့အကျိုးဆောင်တစ်ဦး ဖြစ်နိုင်ဖို့ မလွယ်ပေ။လူ့လောကအတွက် အရှင်ဘုရားသည် စိတ်ချရသည့် ပုဂ္ဂိုလ်မျိုး၊ဘေးမဖြစ်သည့် ပုဂ္ဂိုလ်မျိုး ဖြစ်အောင် ပြုလုပ်တော်မူပါ။အခုတလောဆိုလျှင် မိန်းမများသည် အရှင်ဘုရားကို သူတို့လင်ယောကျ်ား သို့မဟုတ် သားယောကျ်ားများကို သွေးဆောင်ခေါ်ငင် သွားမည်လား ဆိုပြီး ကြောက်လန့်နေကြသည်။ကလေးသူငယ်များကလည်း အရှင်ဘုရားကို သူတို့၏ ဖခင်ကိုများ သွေးဆောင်ခေါ်ငင် သွားမည်လား ဆိုပြီး ကြောက်လန့်နေကြသည်။အဘိုးအိုများကလည်း အရှင်ဘုရားကို သူတို့၏ သားပျိုတွေကိုများ ခေါ်ငင်ဖြားယောင်း သွားမည်လား ဆိုပြီး ကြောက်လန့်နေကြသည်။ထိုကဲ့သို့ တထိတ်ထိတ် တလန့်လန့် ဖြစ်နေရသည့် ပတ်ဝန်းကျင် အခြေအနေမှာ အကျိုးဆောင်ရွက်မှုဆိုသည့် အလုပ်သည် ဖြစ်နိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တော့မည်လော။အရှင်ဘုရား၏ ဝါဒလမ်းစဉ်သည် ပြည်သူ့အကြိုက် ဖြစ်နိုင်ပါတော့မည်လော။

ငါ။ ။အရှင်မင်းကြီး၊ ငါတို့သည် အလွန်တရာ မြင့်မားသည့် ပြာသာဒ်နန်းဆောင်ကို မြင့်သထက် မြင့်အောင် တည်ဆောက်မည်ကြံလျှင် အုတ်မြစ်ချရန်အတွက် နိမ့်ကျသထက် နိမ့်ကျအောင် တူးရပါမည်။ ရည်မှန်းချက်က အပေါ်ကို ရောက်နေသော်လည်း အခြေခံ လုပ်ငန်းများကမူ အောက်ဘက်မှာသာ ရှိနေရပါသည်။ထိုနည်းအတိုင်း လူ့လောက အကျိုးကို ဆောင်ရွက်သည့် နေရာမှာလည်း အစပထမ၌ လူ့လောက၏ဆန့်ကျင်မှုကို ခံရပေလိမ့်မည်။အဲဒီလို ခံရသည့်အတွက် တော်လှန်ရေးသမားတစ်ဦး ဖြစ်သည့် ဗုဒ္ဓအနေနှင့် တုန်လှုပ်လိမ့်မည် မဟုတ်။အခြေခံအလုပ် ပြီးသွားသည့်အခါ၌ လုပ်ငန်း၏ လမ်းကြောင်း ပြောင်းသွားသကဲ့သို့ ပြည်သူကို ချောက်ချားစေသည့် တော်လှန်ရေးလုပ်ငန်း ပြီးစီးသွားသည့်အခါမှာလည်း ထိုလုပ်ငန်း၏ လမ်းကြောင်းသည် ပြောင်းသွားပေလိမ့်မည်။ငါလည်း လုပ်ငန်း၏ လမ်းကြောင်းကို ပြောင်းလဲပါတော့မည်။အဘယ့်ကြောင့်ဆိုလျှင် အခုအခါမှာ အခြေခံ လုပ်ငန်းများ အပြီးသတ် သွားလေပြီ။သို့သော်လည်း တစ်ခုတော့ သတိထားဖို့ သင့်သည်။အရှင်မင်းကြီး သာမကဘဲ လူ့လောကတစ်ခုလုံး သတိထားဖို့ သင့်သည်။မည်သည့်အရာကို သတိထားရမည်နည်း ဆိုလျှင် ငါတို့ ချီးမွမ်းနေသည့် အရာဝတ္ထုကို အောင်မြင် ပြည့်ဝအောင် လုပ်ရမည်ဆိုလျှင် ငါတို့သည် နောက်တွန့်နေ၍ မဖြစ်ပေ။

မင်းကြီး။ ။အဓိပ္ပာယ် ဘယ်လို ဆိုလိုပါသနည်း ဘုရား။

ငါ။ ။ငါ၏စကားကို လူတွေ ဂရုစိုက် နားထောင်နေကြသည်။ ငါ၏ သံဃာ့အဖွဲ့အစည်းကို ယနေ့ ချီးကျူးပြောဆို နေကြသည်။အာရုံပြုနေကြသည်။သံဃာ့အဖွဲ့အစည်း၏ စကားကို စွမ်းနိုင်သမျှ လိုက်နာကျင့်သုံးနေကြသည်။ယင်းအရာအားလုံး၏ အဓိက အကြောင်းမှာ ငါ၏ သံဃာ့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အစည်းထဲ၌ ဩဇာတိက္ကမ ရှိသည့် လူရတတ်ပေါင်းများစွာ စည်းစိမ်နှင့် အရှယ်ကို စွန့်လွှတ်ပြီး ဝင်ရောက်လာကြသည့် အတွက်ကြောင့် ဖြစ်သည်။ သူတို့ကို မြင်တွေ့ရတော့ လူတွေက အကယ်၍ သံဃာ့အဖွဲ့အစည်းထဲမှ မြင့်မြတ်မှု သို့မဟုတ် ကောင်းကျိုးပြုတတ်သည့် အရာတစ်ခုခု မရှိလျှင် ဤပုဂ္ဂိုလ်များသည် စည်းစိမ်ဉစ္စာနှင့် ပျိုရွယ်မှု၏ အရသာကို စွန့်ပြီး ဝင်ရောက်လာကြလိမ့်မည် မဟုတ်ဟု တွေးတောကြသည်။အဲဒါ မှန်သလား၊ မမှန်ဘူးလား အရှင်မင်းကြီး။

မင်းကြီး။ ။မှန်ပါသည်။

ငါ။ ။ဒါဖြင့် အရှင်မင်းကြီး ပြောစမ်းပါဦး။ငါ၏ သံဃာ့အဖွဲ့အစည်းထဲမှာ အဲဒီလို ဩဇာတိက္ကမ ရှိသည့် လူရတတ် လူငယ်လူရွယ်များသည် မိုးပေါ်က ကျရောက်လာကြမည်လော။ကမ္ဘာလောက က ဩဇာတိက္ကမ ရှိသည့် လူရတတ် လူငယ် လူရွယ်များပါသည့် အဖွဲ့အစည်းကို အထင်ကြီးသည်။ အသင်မင်းကြီးလို တကယ့်တကယ် ဩဇာတိက္ကမ ရှိသည့် ပုဂ္ဂိုလ်ကြီးများတောင်မှ သံဃာ့အဖွဲ့အစည်းကို အဲဒီ မှတ်ကျောက်ပေါ်မှာပဲ တင်ကြည့်ကြသည်။သို့သော်လည်း သံဃာ့အဖွဲ့အစည်း၏ ယင်းထူးခြားမှု အတွက် သူတို့အိမ်က အရာဝတ္ထုကို ယူလာသည့်အခါ ကျတော့လည်း သူတို့ပဲ စိတ်မချမ်းမသာ ဖြစ်ကြသည်။ကမ္ဘာလောကသည် ဘယ်လောက် ကိုယ်ကျိုး ကြည့်သနည်း ဆိုလျှင် မိမိ နှစ်သိမ့်မှု၏ ဝန်ထုပ်ဝန်ပိုးကို အခါခပ်သိမ်း တစ်ပါး လူတို့၏ ဦးခေါင်းပေါ်မှာ ဖို့လိုကြသည်။အဲဒီနည်းအတိုင်း အားလုံးက အတွေး ပေါက်နေကြလျှင် ဘယ်သူ အကျိုးကျေးဇူး ရှိတော့မှာနည်း။ သို့အတွက် အသင့်လျော်ဆုံးမှာ တောင်းဆိုချက်ကိုချည်း တင်ပြမနေဘဲ လိုအပ်တယ်လို့ အထင်ရှိသည့် အရာများ ပြည့်ဝရေးအတွက်လည်း အကူအညီ ပေးသင့်ပေသည်။

မင်းကြီး။ ။အဲဒီလို တောင်းဆိုချက်များကို ဘယ်သူက တင်ပြ



www.burmeseclassic.com

www.burmeseclassic.com



ပါသနည်း ဘုရား။တစ်စုံတစ်ဦးက အရှင်ဘုရားဆီ လာပြီး လျှောက်ထား ပြောပြပါသလော။

ငါ။ ။အရှင်မင်းကြီး၊ အဲဒီလို တောင်းဆိုချက်များကို ပါးစပ်နှင့် မတင်ပြကြ။မိမိတို့ အပြုအမူများနှင့် တင်ပြကြသည်။အကြင် အရာဝတ္ထုကို အရှင်မင်းကြီးတို့ အလေးအမြတ် ပြုကြ၏ ။ပူဇော်ကြ၏ ။ချီးမွမ်းထောမနာ ပြုကြ၏ ။ထိုအရာဝတ္ထုကို အရှင်းမင်းကြီးတို့ တောင်းဆိုတယ်လို့ပဲ မှတ်ရမည်။ကမ္ဘာလောက က ငါ၏ သံဃာ့အဖွဲ့အစည်းကို အကြင်အရာဖြင့် မှတ်ကျောက် တင်ကြည့်ဖို့ရန် စိတ်ကူး၏ ။ အကြင်အရာကို ကြည့်ပြီးတော့ ငါ၏ သစ္စာတရားကို လက်ခံလိုကြ၏ ။ ထိုအရာကို သံဃာ့အဖွဲ့အစည်းထဲ ဆွဲသွင်းရ ပေလိမ့်မည်။အကယ်၍ ကမ္ဘာလောက က မိမိ၏မျက်စိအမြင်ကို မှန်အောင်၊ကောင်းအောင် ပြုပြင်မည် ဆိုလျှင်၊သစ္စာတရားကို မိမိ၏အသိဉာဏ် ဖြင့် နားလည်အောင် ကြိုးစားအားထုတ်မည် ဆိုလျှင်၊စည်းစိမ်ဥစ္စာ အာဏာ တန်ခိုးတွေကို အမှန်တရား၏ မှတ်ကျောက်အဖြစ် မပြုလုပ်ဘူး ဆိုလျှင်၊ အဲဒီအခါ ကျတော့မှပင် ငါလည်း လုပ်ငန်းတွင်ကျယ်မှု ဟူသော အမြင်နှင့်ပဲ ကြည့်ပြီး လူတွေကို သံဃာ့အဖွဲ့အစည်းထဲ သွတ်သွင်းရပေလိမ့်မည်။ စည်းစိမ် ဥစ္စာ ဩဇာ တိက္ကမ စသည်များကို အဲဒီအခါကျတော့ ထည့်မတွက် တော့။ လက်ထပ်ပြီးခါစ မယားများ လင်ယောကျ်ား လက်မဲ့ဖြစ်ပြီး တစ်ခုလပ် တစ်လင်ကွာ ဒုက္ခ ခံစားရခြင်းကို ငါ မလိုလားပါ။သို့သော်လည်း ငါ မည်သို့ တတ်နိုင်မည်နည်း။ကမ္ဘာလောကကိုက ငါ့ကို အဲဒီလို မလုပ် မဖြစ်အောင် ဖန်တီးနေသည်။ကမ္ဘာလောက၏ ထိုကဲ့သို့သော မသင့်လျော် သည့် တောင်းဆိုချက်၊လိုလားချက် များကပင် တရားဓမ္မ အဖွဲ့အစည်းတွေ၏ အတွင်းမှာ မကောင်းမှု မျိုးစေ့ကို ချပေးခဲ့ကြသည်။ တရားဓမ္မ အဖွဲ့အစည်းကို နားထင်သွေးရောက် စေခဲ့သည်။မျက်ကန်း ယုံကြည်ခြင်းနှင့် ရုပ်ဝတ္ထုစည်းစိမ် ခနများ၏ အချက်အချာ ဗဟိဌာန ဖြစ်စေခဲ့သည်။အဲဒီ မျိုးစေ့ကို ငါ အမြစ်



www.burmeseclassic.com

www.burmeseclassic.com



တွယ်ခွင့် မပေးသော်လည်း ကမ္ဘာလောကက အစ ပထမတွင် အဲဒီ မျိုးစေ့ကို အနည်းနှင့်အများ မရှိ မဖြစ်အောင် ပြုလုပ် ဖန်တီးခဲ့သည်။

မင်းကြီး။ ။အရှင်ဘုရား အမိန့်ရှိသည်မှာ မှန်ပါသည်။အခု တပည့်တော် မိမိ အမှားကို နားလည်ပါပြီ။

ငါ။ ။အရှင်မင်းကြီး၊အဲဒါ အရှင်မင်းကြီး တစ်ဦးတည်း၏ အမှား မဟုတ်ပေ။ လူအပေါင်း၏ အမှား ဖြစ်သည်။ လူအပေါင်းသည် ကိုယ့်အမှားကို ကိုယ် နောင်တ ရသင့်ပေသည်။

မင်းကြီး။ ။အရှင်ဘုရားကို လက်လွှတ်လိုက်ရရုံနှင့်ပင် တပည့်တော် ကိုယ့်အမှားကို အပြည့်အဝ နောင်တ ရပြီးပါပြီ။အရှင်ဘုရားသည် ဘုရင့်သားတော် ရာပေါင်းများစွာထက် ကြီးကျယ်တယ် ဆိုတာကို ဒီကနေ့ တပည့်တော်သာမက တစ်ကမ္ဘာလုံးက မှတ်ယူနေကြသည်။နောင်တရသည့် အဖြစ်နှင့် ထိုမျှလောက် အဖိုးဖြတ်လို့ မရသည့် ရတနာကို ပေးထားပြီးသည့်နောက် ဒီကနေ့ နန္ဒနှင့် ရာဟုလာကို ထပ်ပြီး ပေးဖို့ လိုပါတော့မည်လော။

ငါ။ ။အရှင်မင်းကြီး၊ငါ တန်ဖိုးဖြတ်လို့ မရသည့် ရတနာ ဖြစ်တယ်ဆိုသည့် အချက်၏ စမ်းသပ်စစ်ဆေးမှု အပြည့်အဝသည် လူအပေါင်းတို့၏ အမြင်မှာ ငါ့ဘဝ တစ်ခုလုံး ဖြတ်သန်းကျော်လွန်သွားမှ ဖြစ်နိုင်လိမ့်မည်။ဒီကနေ့ စကားအဖြစ်နှင့် တန်ဖိုးဖြတ်လို့ မရသည့် ရတနာလို့ ပြောသော်လည်း လူအပေါင်းက သမဏ ဂေါတမဟာ အဂတိ လိုက်တယ်၊ ကမ္ဘာလောကရဲ့ အိမ်ရာတွေကို အမြစ်က လှန်ပစ်နေသော်လည်း ကိုယ့်အိမ်ကိုယ့်ရာကမူ တစ်ဦးတစ်ယောက်မျှ မခေါ်ငင်ဟု ပြောဆိုနိုင်ကြသည်။ကမ္ဘာလောက၏အမြင်သည် ဘယ်လောက် ထက်သနည်း၊ဘယ်လောက် အဆိပ်ရှိသနည်းဟုဆိုလျှင် နန္ဒကို ခေါ်သွားစေကာမူ သမဏ ဂေါတမဟာ နန္ဒကို ခေါ်သွားပေမယ့် သူ့သားကျတော့ ချန်ထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သမဏ ဂေါတမဟာ မိမိရဲ့သား အကျိုးအတွက်၊ဆွေဆက် မျိုးဆက်အတွက် စိတ်စောတုန်းပဲရှိတယ် ဆိုတဲ့ စကားများအထိ ပြောနိုင်ပေသည်။အရှင်မင်းကြီး၊ အမနာပ ပြောခြင်းသည် မှန်မှန်မှားမှား ရေပေါ်ကျသည့် ဆီကဲ့သို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွား တတ်သည်။ထိုကဲ့သို့သော အမနာပ စကားများသည် ငါ၏ တန်ဖိုးဖြတ်လို့ မရသည့် ရတနာအဖြစ်ကို ညစ်နွမ်းစေလိမ့်မည်။အကယ်၍ ငါ နန္ဒနှင့် ရာဟုလာကို ခေါ်မသွားလျှင် ဒီကနေ့ အပြင်အပက အမနာပ ပြောနေခြင်းထက် ဆယ်ဆ ပို၍ အတွင်းက ကေန်မုချ ပြောကြလိမ့်မည်။ ကမ္ဘာလောကသည် ကိုယ်ကျိုး မရှိသည့် နေရာမျိုး၌ တစ်စုံတစ်ဦး၏ အကောင်းအား အဆိုးကို ရှာရင်း ရှာရင်းနှင့် မောပြီး အဆိုးကို ရှာမတွေ့မှ လက်ခံကြပေသည်။

မင်းကြီး။ ။အရှင်ဘုရား မိန့်တော်မူသည်မှာ မှန်ပါသည်။ ယနေ့ တပည့်တော်၏ အိမ်ဂေဟာ အမြစ်ပြတ်ရခြင်းမှာ အရှင်ဘုရား၏ အပြစ် မဟုတ်ပါ။ကမ္ဘာလောက၏ အပြစ်သာ ဖြစ်ပါသည်။လူ့လောက၏ မိုက်မဲမှုသာ ဖြစ်ပါသည်။တပည့်တော် အရှင်ဘုရားကို အပြစ်တင်မိသည့် အတွက် များစွာ ဝမ်းနည်းပါသည်။တပည့်တော် ကိုယ့်စကားကိုယ် ပြန် ရုပ်သိမ်းပါသည်။အရှင်ဘုရား သင့်တယ် ထင်သလို ဆောင်ရွက်တော်မူပါ။

ငါ။ ။အရှင်မင်းကြီး၊ အမိအဖ စသူများ၏ အခွင့်မရှိဘဲ ဘယ်သူ့ကိုမျှ ရှင်ရဟန်း ပြုမပေးရ ဆိုသည့် စည်းမျဉ်းဥပဒေကိုမူ သတ်မှတ်ပြဋ္ဌာန်းရလိမ့်မည်။အဲဒီ စည်းမျဉ်းဥပဒေကို အဆောတလျင်ပဲ လုပ်ရလိမ့်မည်။ အကယ်၍ ဒီကနေ့ အရှင်မင်းကြီး လျှောက်ထား ပြောပြခြင်း မပြုလုပ်လျှင် ဒီစည်းမျဉ်းကို လေးငါးရက်ကြာမှ လုပ်ဖြစ်ဖို့ ရှိသည်။သို့သော်လည်း ဒီစည်းမျဉ်းဥပဒေကို လုပ်တော့ ဆက်ဆက် လုပ်ရပေလိမ့်မည်။

အရှင်မင်းကြီး ထွက်ခွာသွားသောအခါ ငါသည် ဤစည်းမျဉ်း ဥပဒေကို သတ်မှတ်ပြဋ္ဌာန်း လိုက်လေသည်။ယင်းသို့ ပြဋ္ဌာန်းလိုက်ခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သင့်လျော်ကောင်းမြတ်ပေသည်။ဆေးကို လူနာ ပို၍အန်ခြင်း မဖြစ်ရုံလောက် သာလျှင် ပေးသင့်သည်။အကယ်၍ ငါသည် ယင်းကဲ့သို့သော စည်းမျဉ်း ဥပဒေမျိုးကို ဆောလျင်စွာ မပြုလုပ်လျှင် လူ့လောက လူမမာသည် ငါ၏ ဆေးကို အန်ပစ်လောက်အောင် ကြွေ့မရ ဖြစ်နေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## ကျန်းမာသူ ခတ်စာ မလို

စေတနာ့ဝန်ထမ်း တပ်သားတို့ကို အရေအတွက် လုံလောက်စွာပင် စုဆောင်းစည်းရုံး ရရှိခဲ့လေသည်။ရဟန်းသံဃာ့ အဖွဲ့အစည်း၌ သကျသာကီနွယ်လူငယ်များသည် ကြိတ်ကြိတ်တိုးနေကြသည်။သို့ရာတွင် တစ်ပြိုင်တည်းမှာပင် ငါ၏ တာဝန်နှင့် ဝန်ထုပ် ဝန်ပိုးသည်လည်း တိုး၍ လာသည်။

သံဃာ့အဖွဲ့အစည်း၌ မာန်မာနကင်းသော၊ပေါက်လွှတ်ပဲစား မဟုတ်သော၊လောဘ မကြီးသော တကယ်စွန့်လွှတ်သူများ လိုအပ်ပေသည်။ရဟန်းများ၌ အစ ပထမတွင်မူ ယင်း မာန လောဘ စသော အပြစ်ဒေါသများသည် နှမ်းခြောက် ညှိုးမှိန် နေကြသည်။သို့ရာတွင် အချိန် မကြာခင်မှာပင် တစ်ဖန်ပြန်၍ လန်းလာကြသည်။သစ်ပင်တစ်ပင်ကို တစ်နေရာမှ နှုတ်၍ အခြားတစ်နေရာတွင် စိုက်လျှင် ထိုသစ်ပင်သည် နွမ်းခြောက်ညှိုးမှိန်၍ နေလေသည်။အချိန်အနည်းငယ် ကြာသောအခါတွင်မူ ဘိုသစ်ပင်သည် ထိုနေရာတွင်လည်း ယခင်ကဲ့သို့ပင် ပြန်လည် စိုပြည် စိမ်းလန်း လာပေသည်။အပြစ်ဒေါသ တည်းဟူသော အဆိပ်ပင်များလည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ယင်းတို့သည် လူဝတ်ကြောင် စိတ်နှလုံးထဲမှ ဖယ်ကြဉ်၍ ရဟန်းသမဏတို့၏ စိတ်နှလုံးထဲ ရောက်လာသောအခါ အစ ပထမ၌ ညှိုးမှိန်၍ နေကြသည်။သို့ရာတွင် အချိန် အတန်ငယ် ကြာသောအခါတွင်မူ ပြန်လန်းလာကြပေသည်။

သံဃာ့အဖွဲ့အစည်းတွင် ရောက်လာကြသည့်၊ ဆင်းရဲနွမ်းပါးသည့်



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်များသည် ရဟန်းဘ၀တွင် မိမိတို့၏ ဘ၀ဟောင်းကထက် သာလွန်သည့် ချမ်းသာမှုကို တွေ့ရသည်ဖြစ်၍ ရဟန်းဘ၀တွင် မွေ့လျော်ပျော်ပိုက်ကြသည်။ချမ်းသာသူနှင့် ပညာရှိသူများကမူ မိမိတို့၏ စွန့်လွှတ်မှုကို မာန်မာနနှင့် ထေချင်ကြသည်။အရိုအသေ ခံရမှု၊ကျော်စောမှု၊ နာမည်ကြီးမှုများအတွက် ယောက်ယက်ခတ် နေကြသည်။ယနေ့ ငါ၏ ခြေထောက်တွင် ဝပ်လျိုးနေကြသောသူများသည်ပင် နက်ဖြန်ခါကျလျှင် ငါ၏ ချွေးနည်းစာကို ပိုင်ဆိုင် ရလိုမှုအတွက် ရှိသမျှ အစွမ်းသတ္တိကို ထုတ်ကြပေလိမ့်မည်။ ယင်းမတရားမှုများကြောင့် သံဃာ့အဖွဲ့အစည်းထဲတွင် တော်တည့် မှန်ကန်မှု နည်းပါးသွားပေလိမ့်မည်။ ယင်း ဩဇာတိက္ကမ ရှိသူ လူရတတ် အမျိုးကောင်းသားများကြောင့် နက်ဖြန်ခါတွင် ယင်းကဲ့သို့သော ဒုက္ခမျိုးကို ကြုံတွေ့ရဖို့ရှိနေသည်။

ထိုနေ့က သကျသာကီဝင် မင်းမျိုး လုလင်များ ဖြစ်ကြသည့် ဘဒ္ဒိယ၊ အနုရုဒ္ဓ၊အာနန္ဒ၊ဘဂု၊ ကိမ္ဗိလ(ကိမိလ)၊ဒေဝဒတ္တတို့ သံဃာ့ဘောင်တွင်းသို့ ဝင်ရောက်ရန် လာကြသောအခါ ငါသည် အထက်ပါအတိုင်း စဉ်းစားမိလေသည်။သို့အတွက်ကြောင့် ငါသည် သူတို့အား စမ်းသပ်စစ်ဆေးရန် အကြံပြုလိုက်သည်။သကျသာကီဝင် မင်းမျိုး လုလင်များနှင့်တကွ သူတို့၏ အလုပ်အကျွေး အစေအပါးဖြစ်သည့် ဥပါလိ ဆတ္တာသည်လည်း ပါလာသည်။ ဥပါလိသည် သူတို့ထက် အသက်အားဖြင့်လည်း ကြီးသည်။ပညာအားဖြင့်လည်း ကြီးသည်။သူ့ကို အကြီးအရာ၌ ထားရန် ရည်ရွယ်၍ ငါသည် သူတို့အား မေးလိုက်သည်။

'သင်တို့ထဲက ဘယ်သူ့ကို အရင် ရဟန်းပြုပေး ရမည်နည်း'

'အရှင်ဘုရား သဘောအတိုင်းသာ ပြုတော်မူပါ'

'အရင် ရဟန်းပြုခြင်း၏ အကျိုးအာနိသင်ကို သင်တို့ နားလည်ကြသလော'



www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်တို့ နားမလည်ကြပါဘုရား'

'ရဟန်းသမဏတို့၏ ဓလေ့ထုံးစံတစ်ခု ရှိသည်။အရင် ရဟန်းပြုသော ပုဂ္ဂိုလ်သည် အသက် စသည် ငယ်ငယ်ကြီးကြီး နောက်မှ ရဟန်းပြုသည့် ပုဂ္ဂိုလ်များထက် ကြီး၏ဟု ယူဆကြသည်။လူ့ဘောင်မှာ အစ်ကိုကြီးဖြစ်သူကို ညီငယ်များက ရိုသေလေးစားမှု ပြုလုပ်ရသကဲ့သို့ ထိုနည်းအတိုင်း နောက်မှ ရဟန်းပြုသည့် ပုဂ္ဂိုလ်များက အရင် ရဟန်းပြုသည့် ပုဂ္ဂိုလ်များကို ရိုသေလေးစားမှု ပြုရသည်။သင်တို့ထဲက ရဟန်း အရင်ပြုသည့် ပုဂ္ဂိုလ်ကို ကျန်ပုဂ္ဂိုလ်များက ရိုသေလေးစားမှု ပြုလုပ်ရလိမ့်မည်။ကဲ .... ဘာပြောချင်ကြသေးသနည်း သာကီဝင် မင်းသားတို့၊ဘယ်သူ့ကို အရင် ရဟန်းပြုပေးရမည်နည်း'

'အရှင်ဘုရား သဘောကျသလိုသာ ပြုလုပ်တော်မူပါ'

'သင်တို့သည် အမျိုးမာန်၊ဇာတိမာန် မရှိကြဘူး မဟုတ်လော၊စည်းစိမ်ဓန မာန်လည်း မရှိကြဘူး မဟုတ်လော၊သင်တို့ ကိုယ့်ကိုယ်ကို စင်ကြယ်သန့်ရှင်းတဲ့ လူလို့ ထင်မှတ်ကြသလော၊ မထင်မှတ်ကြဘူးလော'

'ထင်မှတ်ပါသည်'

'အကယ်၍ သင်တို့၏ အစေအပါးဖြစ်သည့် ဒီဥပါလိဆတ္တာသည်ကို ငါ အရင် ရဟန်းပြုပေးလိုက်လျှင် သင်တို့ သူ့ကို ကျေကျေနပ်နပ်နှင့် ရိုသေလေးစားမှု ပြုနိုင်ကြပါမည်လော'

'ပြုလုပ်နိုင်ပါသည်'

'ဒါဖြင့် ကောင်းပြီ၊ သူ့ကိုပဲ သင်တို့၏ အစ်ကိုကြီး ပြုလုပ်ကြပေလော့'

ထို့နောက်တွင် ငါသည် ဥပါလိကိုသာလျှင် ဦးစွာ ရဟန်းပြုပေးလိုက်သည်။ထိုနေ့များက ထိုသကျသာကီဝင် မင်းသားများ ဥပါလိအား ရိုသေလေးစားမှု ပြုလုပ်ကြသည်ကို ငါ ဂရုစိုက် ကြည့်မိလေသည်။ ဒေဝဒတ်



www.burmeseclassic.com

www.burmeseclassic.com



(ဒေဝဒတ္တ)တစ်ယောက်သာလျှင် ပေကပ်ကပ် လုပ်နေသည်။ ဒေဝဒတ် (ဒေဝဒတ္တ) သည် တစ်နေ့ကျလျှင် သံဃာ့အဖွဲ့အစည်းအတွက် အန္တရာယ် ဖြစ်လာလိမ့်မည်ဟု ထင်ရပေသည်။ဒေဝဒတ်သည်အတ္တစွဲ နာမည်စွဲ ကြီးလွန်းအားကြီးသည်။အကယ်၍ သူ့အလို အတိုင်းသာ ဖြစ်ရမည်ဆိုလျှင် သူသည် ရဟန်းတိုင်း ရဟန်းတိုင်း၏ သပိတ်တွင် ဒေဝဒတ်ဟူသော အမည်ကိုချည်း ရေးထားပေးလိမ့်မည်။သူ နေသည့် နေရာအနီးရှိ သရက်ခြံ၌ နေရာ အနှံ့ အပြားတွင် ဒေဝဒတ်ဟူသော အမည်နာမကို ရေးထားလေသည်။သူ့နေရာ၏ ဘေးပတ်ပတ်လည်၌ မြင်ရသူများ ဤနေရာ၌ ဒေဝဒတ်နေသည်ဟု ရုတ်တရက် ပြောဆိုနိုင်လောက်အောင် အုတ်ကျိုး အုတ်ပဲ့များကို စီ၍ စာတမ်း ထိုးထားလေသည်။တံမြက်စည်း လှည်းသောအခါ၌လည်း မြေကြီးပေါ်၌ ဒေဝဒတ်ဟူသော စာလုံးကို ရေးထိုးနေသည့် ပုံမျိုးဖြင့် လှည်းလေသည်။

သူသည် သာရိပုတ္တရာ၊ဥပါလိ စသည်တို့ထက် သာလွန်လိုသည့် စိတ်ဆန္ဒ ရှိနေသည်။ထိုနေ့က မြို့အတွင်းသို့ ဆွမ်းခံသွားသောအခါ တစ်စုံတစ်ယောက်သောသူက 'ဒီ သံဃာ့အဖွဲ့အစည်းသည် ဘယ်သူ့ သံဃာ့အဖွဲ့အစည်းနည်း၊ဘယ်သူ တည်ထောင်သနည်း' ဟု မေးလေသည်။ထိုအခါ ဒေဝဒတ်က 'ဒီ သံဃာ့အဖွဲ့အစည်းသည် ငါတို့၏ သံဃာ့အဖွဲ့အစည်းဖြစ်သည်၊ဒီ သံဃာ့အဖွဲ့အစည်းကို ငါတို့ လူအပေါင်းအား မရှိမလမ်းစဉ်ကို ညွှန်ပြရန် ဖွဲ့စည်း တည်ထောင်ထားခြင်း ဖြစ်သည်' စသည်ဖြင့် ပြောပြလေသည်။ ထိုအခိုက် အခြား ရဟန်းများက ဤသို့ ပြန်ကြား ဖြေဆိုလေသည်။

'ဒီ သံဃာ့အဖွဲ့အစည်းသည် ရှင်တော် ဗုဒ္ဓ၏ သံဃာ့အဖွဲ့အစည်း ဖြစ်သည်၊ရှင်တော်ဗုဒ္ဓသည် မင်းစည်းစိမ်ကို စွန့်လွှတ်ခဲ့ပြီး ခြောက်နှစ်ပတ်လုံး အကျင့်တရားကို ကျင့်ပြီးသည့်နောက်မှ ဒီဉာဏ်တော်ကို ရရှိခဲ့သည်၊ ငါတို့သည် ဗုဒ္ဓ၏တပည့်သာဝကများ ဖြစ်ကြသည်၊ဘုရားရှင်၏ စိတ်နှလုံးထဲမှာ သတ္တဝါများ၏ကောင်းကျိုးချမ်းသာကိုဆောင်ရွက်လိုသည့်စိတ်ဆန္ဒရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်သည် ဆူကြုံနိမ့်မြင့်မရွေး အားလုံးအား မေတ္တာထားသည်၊ မစ္ဆိမ ပဋိပဒါ လမ်းစဉ်ကို ဖြန့်ဖြူးသည်’

ယင်း ရဟန်းများ၏ အဖြေစကားကြောင့် လူတို့သည် ‘ဒီသံဃာ့အဖွဲ့ အစည်း၏ မူလအောက်ခြေ၌ ထူးခြားသည့် မဟာပုရိသ ယောကျ်ားမြတ် တစ်ဦးဦး ရှိနေသည်၊သူ့အရိပ်ကို ခိုလှုံလျှင် ငါတို့သည် မင်းစည်းစိမ်ချမ်းသာ ထက် သာလွန်သည့် ချမ်းသာကို ရရှိလိမ့်မည်’ ဟူသော အတွေး ပေါက်ကြ လေသည်။ဒေဝဒတ်၏ အဖြေကို ထောက်လျှင်‘ဤသံဃာ့အဖွဲ့အစည်းသည် အကွပ်အကဲမရှိ၊ဤသံဃာ့အဖွဲ့အစည်း၏ မူလအောက်ခြေ၌ ထူးခြားသည့် ပုဂ္ဂိုလ်တစ်ဦးဦးလည်း မရှိ၊ဒေဝဒတ်တို့လို လျှပ်ပေါ်သူ လူငယ်လူရွယ် သုံးလေးဦးတို့ ဖွင့်ထားသည့် ဆိုင်သာဖြစ်၏’ဟု ထင်မှတ်ဖွယ်ရာသာ ရှိ လေ၏။

ယင်းသို့အားဖြင့် ဒေဝဒတ်သည် အားလုံးထက် သာလွန်လိုသည့် ရည်ရွယ်ရင်းဖြင့် သံဃာကို ပြိုလဲအောင် ပြုမူနေလေ၏။စကားလုံး အသုံး အနှုန်း အမြင်ဖြင့် ကြည့်ပြောလျှင် ယင်းအချက်သည် အလွန်သေးငယ်သည့် အချက်မျှလောက်သာ ဖြစ်၏။သို့ရာတွင် စကားလုံး အသုံးအနှုန်း ကွဲပြား ခြားနားမှုကြောင့် လူတို့၏စိတ်တွင် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှု ကွဲပြား ခြားနားပုံမှာမူ မိုးနှင့် မြေကြီးပမာ ခြားနားလှသည်။သကျသာကီ ဝင်တွေထဲက ရဟန်းဖြစ်သူများအနက် ဒေဝဒတ် တစ်ဦးသာလျှင် တရား ၏၊မတရား၏၊ တော်၏၊မတော်၏ဟု မတွက်ဘဲ မိမိစွန့်လွှတ်မှု၏ တစ်ပြား စီ တစ်ပြားစီ၏ အကျိုးအမြတ်ကို အတိုးချ၍ နေ့စဉ်ရက်ဆက် ယူနေသူ ဖြစ်သည်။သို့ရာတွင် တစ်နေ့ကျလျှင် သူသည် ဤမျှသော အကျိုးအမြတ် တွေကို ရလျက်နှင့် ဘာကိုမျှမရ ဆိုသည့်အဖြစ်ကို တွေ့မြင်ရပေလိမ့် မည်။လူအပေါင်းတို့၏ စိတ်နှလုံးပေါ်တွင် မြင့်မြတ်ကြီးကျယ်သူ ဖြစ်၏ ဟူသော အမှတ်အသားကို ခတ်နှိပ်လိုသည့် အာသီသ သူ့တွင် ရှိနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ထိုအာသီသကြောင့် သူသည် သေးသိမ်မှုနှင့် ရှုတ်ချကဲ့ရဲ့မှုကို သာလျှင် ရရှိပေသည်။

ဥပါလိသည်ကား ဒေဝဒတ်နှင့် လုံးဝ ခြားနားသူ ဖြစ်သည်။သူ၏ မျှော်မှန်းချက်များမှာ စိတ်အပိုင်းနှင့် လုံးလုံး ပတ်သက်သည်။သူသည် ငါ၏ အခြေခံဝါဒများကို ကောင်းမွန်စွာ သင်ကြားလိုသည့် စိတ်ဆန္ဒ ရှိသူဖြစ်သည်။ သင်ကြားလည်း သင်ကြားသည်။အလွန်တရာ ရိုးသားသူ ဖြစ်သည်။ အမျိုးမာန် ဇာတိမာန်မှု သူ့တွင် ဘယ်မှာ ရှိမည်နည်း။နာမည်စွဲ အတ္တစွဲ လည်း သူ့တွင် လုံးဝ မရှိ။တစ်နေ့သောအခါတွင် ကေန်မုချ သူသည် ဗဟု သုတ အလွန်တရာ ပြည့်ဝသူဖြစ်ပြီး ငါ၏ ဓမ္မကို ထိန်းသိမ်းထားသူ ဖြစ် ပေမည်။ ရဟန္တာ တစ်ဦးလည်း ဖြစ်လာပေလိမ့်မည်။

အာနန္ဒာကမူ ထူးခြားဆန်းကြယ်သည့် သဘော သဘာဝ ရှိသူ လုလင်တစ်ယောက် ဖြစ်ပုံရသည်။စိတ်ခိုင်မာမှု မရှိလှ။တက်ကြွလွယ်သည်။ သို့ရာတွင် သူ့စိတ်အတွင်း၌မူ သံဃာနှင့် ငါ့အား မြတ်နိုးတွယ်တာမှု ပြင်းပြစွာ ရှိသည်။သူ၏ စိတ်တက်ကြွမှုမှာ တာရှည် မခံပေ။သူသည် သံဃာ့ အဖွဲ့အစည်း၏ အရေးပါ အရာရောက်သူ ဖြစ်မည် ဖြစ်သော်လည်း မိမိ၏ စိတ်တက်ကြွလွယ်မှု၊စိတ်မခိုင်မာမှုများကြောင့် အရေးပါ အရာရောက်သူ ဖြစ်လင့်ကစား၊ ငါ့အကျိုးကို များစွာ ဆောင်လင့်ကစား၊ပြစ်တင်ကဲ့ရဲ့ခြင်း ခံရပေလိမ့်မည်။

သကျသာကီဝင်မင်း ဘဒ္ဒိယသည်ကား အလွန်တရာ အပြစ်ဒေါသ ကင်းမဲ့သူ ဖြစ်ပုံရလေသည်။ယမန်နေ့က ရဟန်းအချို့ လာ၍ ငါ့ကို ဤသို့ ပြောပြလေသည်။

'ဘဒ္ဒိယသည် ဆိတ်ငြိမ်ရာမှာ တစ်ကိုယ်တည်း ထိုင်ပြီး ဘယ်လောက် ချမ်းသာသနည်း၊ဘယ်လောက် စိတ်ချမ်းမြေ့သနည်း–ဟု ဥဒါန်းကျူးရင့် နေသည်'



www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒိယကို ခေါ်၍ ငါ မေးကြည့်သည်။

'ဘဒ္ဒိယ၊သင် အမှန်တကယ်ပင် ထိုကဲ့သို့ ဥဒါန်းကျူးရင့်နေသလော၊အကယ်၍ ကျူးရင့်သည်ဆိုလျှင် ဘာကြောင့် ကျူးရင့်သနည်း'

ဘဒ္ဒိယ။ ။ဥဒါန်းကျူးရင့်သည် ဆိုသည်မှာ မှန်ပါသည်။ ရဟန်းဖြစ်သည့် အချိန်ကစပြီး တပည့်တော်သည် အလွန်တရာမှ စိတ်ချမ်းမြေ့ ပါသည်။ကြောင့်ကြ ဗျာပါဒ ကင်းပါသည်။တပည့်တော် ဘုရင်အဖြစ်နှင့် နေစဉ်က စိတ်မချရသည့်အတွက် အိပ်ကောင်းခြင်းလည်း မအိပ်ရပါ။ စားကောင်းခြင်းလည်း မစားရပါ။သကျမျိုးနွယ်များသည် အင်မတန်မှ ကြမ်းတမ်းကြသည်။အာဃာတကြောင့် ဖြစ်စေ၊သို့မဟုတ် သာမည အကြောင်းကြောင့်ပဲ ဖြစ်စေ၊ မလိမ့်တပတ်နှင့် ဖြစ်စေ၊အခြား နည်းတစ်နည်းနှင့် ဖြစ်စေ ဘယ်သူ ဘယ်တော့ ငါ၏ ဥစ္စာစည်းစိမ်ကို လုယူမည်နည်း။ဘယ်သူ ဘယ်တော့ ပြည်သူတွေအား တော်လှန်ပုန်ကန် စေမည့်နည်း ဆိုသည့် အကြောင်းတွေကြောင့် တပည့်တော်သည် တစ်နေ့လုံး တစ်ညဉ့်လုံး စိတ်အေးအေး နေရသည်ဟူ၍ မရှိပါ။အရသာ ပြည့်ဝသည့် ထမင်းဟင်းလျာများလည်း တပည့်တော်အတွက် အရသာရယ်လို့ မရှိတော့ပါ။နူးညံ့ပျော့ပျောင်းသည့် မွေ့ရာ ကော်ဇောများလည်း အိပ်ရသည်မှာ စူးသလိုလို ရှသလိုလို ဖြစ်နေကြသည်။ ကိုယ့်ထက်ကြီးသည့် ဘုရင်မင်းကြီးများကိုလည်း မရှုစိမ့်ပါ။ မကြာခဏ သူတို့ကို ဦးညွှတ်ရသည်။စည်းစိမ်၏ အတွင်းမှာ ဖြစ်စေကာမူ တပည့်တော်သည် ငရဲ၏ဒုက္ခနှင့် အကျဉ်းထောင်၏ မလွတ်လပ်မှုများကို ခံစားနေရပါသည်။ ဒီရောက်တဲ့ အခါကျတော့ တပည့်တော် ဘယ်နေရာမှာမှ စိတ်မချရတာ မရှိတော့ပါ။တောထဲမှာ ဖြစ်ဖြစ်၊ဆိတ်ကွယ်ရာမှာ ဖြစ်ဖြစ်၊ မြို့အပြင်ဘက်မှာ ဖြစ်ဖြစ် စိတ်အေး လက်အေးနှင့် ကြောင့်ကြဗျာပါဒ ကင်းရှင်းစွာ နေနိုင်ပါသည်။

ငါ။ ။သို့သော်လည်း ဘဒ္ဒိယ၊အရင်တုန်းကတော့ ဘယ်ပုံ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မျိုးနှင့် ပတ်သက် ပတ်သက် လူတွေက သင့်မျက်နှာကို ကြည့်ရသည်။ အခုတော့ သင်က သူတစ်ပါး၏မျက်နှာကို ကြည့်ရသည်။ဆွမ်းကွမ်းကိစ္စနှင့် ပတ်သက်၍လည်း ဆွမ်း တစ်ဇွန်း တစ်ယောက်မစာ အတွက် ကြောင့်ကြ နေရသည်။သေးငယ်သည့် အလုပ်ကိစ္စများက စပြီး သင့်ကိုယ် သင့်လက်ဖြင့် ကိုယ်တိုင် လုပ်ရသည်။တခြား ပုဂ္ဂိုလ်များကိုလည်း ပြုစုရသေးသည်။ ထိုမျှသာ မကသေး တခြားပုဂ္ဂိုလ်များ ကဲ့ရဲ့ပြစ်တင်တာကိုလည်း နားထောင်ရသေးသည်။မကြိုက်ကြိုက် ကြိုက်ကြိုက် မိမိအပြစ် ဝေဖန်ပြောဆိုသည်ကို နားထောင်ရသေးသည်။အဲဒီလိုကော မစဉ်းစားမိဘူးလော။အဲဒီလို စဉ်းစားမိသည့်အခါ သင် စိတ်မချမ်းမသာ မဖြစ်ဘူးလော။

ဘဒ္ဒိယ။ ။တစ်ခါတစ်ရံတော့ အဲဒီလို အနှစ်သာရ မရှိသည့် စဉ်းစားတွေးတောမှုမျိုး ပေါ်ပေါက် လာတတ်ပါသည်။သို့သော်လည်း မိမိ၏ အနှစ်သာရမဲ့ပုံကို ဖော်ပြရန် အတွက်သာလျှင် ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။အဲဒီလို ပေါ်ပေါက်လာသည့်အတွက် စိတ်မချမ်းမသာတော့ မဖြစ်ပါ။ အရင်တုန်းကတော့ တပည့်တော်မှာ ရာဇမာန် ရှိပါသည်။သို့အတွက်ကြောင့် သူတစ်ပါးကို ပြုစုရတာတို့၊အဝေဖန် ခံရတာတို့ကို ကိုယ့်သိက္ခာ ထိခိုက်တယ်လို့ပဲ ထင်မိပါသည်။သို့သော်လည်း အရှင်ဘုရား မေတ္တာဘာဝနာကို သင်ကြားပြသပေးပြီးသည့် အချိန်ကစပြီး သူတစ်ပါးကို ပြုစုရခြင်းကို နှစ်သက်ကျေနပ်စရာလို့ပဲ တပည့်တော် အောက်မေ့တော့သည်။ငယ်တဲ့ ပုဂ္ဂိုလ်များကို ပြုစုရသည့် အခါမှာ တပည့်တော် ကိုယ့်ကလေးကို ပြုစုရာမှာ ကိုယ့်ကိုယ်ကို ဂုဏ်သိက္ခာ မဲ့တယ်၊သေးသိမ်တယ်လို့ မယူဆဘဲ ဂုဏ်ရှိတယ်လို့ ယူဆသည့် မိခင် တစ်ဦးတစ်ယောက်ကို ပြေးပြီး သတိရမိပါသည်။ကြီးတဲ့ ပုဂ္ဂိုလ်များကို ပြုစုရသည့် အခါကျတော့ သားက ကိုယ့်ဖခင်ကို ပြုစုကျွေးမွေးတာလိုပဲလို့ အောက်မေ့မိပါသည်။အမှန်ကတော့ စိတ်နှလုံးထဲမှာ မာန်ရှိနေသည့် အခါမှာသာလျှင် ကိုယ့်ကိုယ်ကို ဂုဏ်သိက္ခာ မဲ့တယ်၊သေးသိမ်တယ် ဆိုတဲ့ အသိ

www.burmeseclassic.com



လည်း ပေါ်လာခြင်းဖြစ်ပါသည်။နောက်တစ်ကြောင်းကလည်း တပည့်တော် သာကီဝင်မင်းအဖြစ်နှင့် ရှိစဉ်တုန်းက သေးငယ်တဲ့ အလုပ်ကိစ္စများကို ပြုလုပ်လျှင် လူတွေက တပည့်တော်ကို သေးသိမ်တယ်လို့ ထင်ကြသည်။ကဲ့ရဲ့ရှုတ်ချ ကြသည်။သို့သော် အခု အဲဒီလို အလုပ်ကိစ္စများကို ပြုလုပ်သည့်အတွက် တပည့်တော်ကို လူ့အကျိုးဆောင်၊ကမ္ဘာလောကကို ကရုဏာထားသူ၊ ကိုယ့်ကိုယ်ကို နှိမ့်ချတဲ့ ရဟန်းလို့ သဘောထားပြီး ချီးမွမ်းထောမနာပြု ကြပါသည်။ အဲဒီတော့ တပည့်တော် ကိုယ့်ကိုယ်ကို ဂုဏ်သိက္ခာ မဲ့တယ်၊ သေးသိမ်တယ်လို့ ဘယ်လိုလုပ် ယူဆတော့မည်နည်း။လူတွေ ဂုဏ်ရှိ ဂုဏ်မဲ့ ဆိုတဲ့ အတွေးကို တွေးတောကြခြင်းမှာ ကမ္ဘာလောက၏ အမြင်မှာ အမြင့်သို့ ရောက်နေရန် အတွက်သာလျှင် ဖြစ်ပါသည်။မိမိနှင့် ပတ်သက်သည့် ကမ္ဘာလောက၏ အမြင် ပြောင်းလဲသွားသည့်နောက်မှာ ဂုဏ်မဲ့ခြင်း၊အထင်သေးခံရခြင်းများလည်း ရပ်သွားပါတော့သည်။ထို့ကြောင့် အဲဒီသဘောတွေကို စိုးရိမ်ကြောင့်ကြနေစရာ ဘာလိုတော့မည်နည်း။ဝေဖန်ပြောဆိုကြခြင်းများနှင့် ပတ်သက်၍ ပြောရလျှင် တပည့်တော် ဒီသဘောမှန်ကို နားလည်ခြင်းမှာ ဝေဖန်ပြောဆိုကြခြင်း များကြောင့်သာ ဖြစ်သည်။ယနေ့ တပည့်တော်သည် မိမိကိုယ်ကို ဘုရင် တစ်ပါးထက် ချမ်းသာသူ၊တင်းတိမ်သူ၊ မြင့်မြတ်သူလို့လည်း ထင်မှတ်ယူဆ နေပါသည်။

ငါ။ ။သာဓု သာဓု ကောင်းပေစွ၊ကောင်းပေစွ။ဘဒ္ဒိယ၊သင်သည် သုခ၏ အဓိပ္ပာယ်မှန်ကို သိရှိနားလည်သွားပြီ။ဂုဏ်၏ အဓိပ္ပာယ်မှန်ကို သိရှိနားလည်သွားပြီ။သင် ကိုယ့်ဘဝကို အောင်မြင်အောင် ပြုမူလိုက်လေပြီ။

ယင်းသို့အားဖြင့် ဘဒ္ဒိယသည် တိကျမှန်ကန်သည့် ရဟန်း ဖြစ်သွားလေပြီ။ရာဟုလာ၌မူ မှန်ကန်တိကျသည့် ရဟန်းအသွင် ရောက်မလာသေးပေ။သူကား ငါ၏သား ဖြစ်သည်။ယင်းအချက်သည်ပင် သူ၏ မှန်ကန်တိကျသည့် ရဟန်းဖြစ်ရေးတွင် အနှောင့်အယှက် ပေးနေဟန် ရှိသည်။သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသော အကြီးဆုံးသော အပြစ်မှာ မမှန်မကန် ပြောဆိုခြင်းပင် ဖြစ်သည်။ ငါ၏ရှေ့မှောက်တွင် ဖြစ်စေကာမူ သူသည် စိတ်ထဲတွင် ရှိသမျှကို မဖွင့်ဟာပေ။ငါက သူ့အပြစ်ကို လက်ဆုပ်လက်ကိုင်ပြ၍ ပြောပြသည့်တိုင်အောင် သူသည် ဝန်မခံပေ။တစ်စုံတစ်ခုကို လှီးလွှဲပြောတတ်သည်။သူ ကွယ်၍ မရအောင် ငါက သူ့အပြစ်ကို လက်ဆုပ်လက်ကိုင် ပြလိုက်သည့်အခါ ဖြစ်စေ၊ သို့မဟုတ် သူ့ပရိယာယ်၏ အနှစ်သာရမဲ့ပုံကို ပြောပြသည့်အခါ၌ ဖြစ်စေ ထိုကဲ့သို့သော အခါမျိုး၌လည်း သူသည် နောင်တရသည့် အဖြစ်ကို ထုတ်ဖော်မပြပေ။ထုတ်ဖော်ပြသည့်တိုင် ငါ့ကို သနားငဲ့ညှာသည့်ဟန်ဖြင့် ထုတ်ဖော်ပြောပြ တတ်လေသည်။နောင်တရခြင်း အဓိပ္ပာယ်မျိုး မဟုတ်ပေ။

ဟိုနေ့တုန်းက သူ့ မမှန်ကန်မှုကို ငါ သက်သေသာကေဖြင့် ထုတ်ပြ ပြောဆိုသည့်အခါ သူသည် စင်ကြယ်သန့်ရှင်းသည့် စိတ်နှလုံးဖြင့် အပြစ်ကို ဝန်မခံပေ။အရှင်ဘုရားက တပည့်တော်ကို အပြစ်ရှိသည်ဟု ထင်လျှင် တပည့်တော် အပြစ်ဒဏ်ကို ခံဖို့ရန် အသင့်ပါပဲ ဟုသာ သူ ပြောနေသည်။ယင်းကဲ့သို့ ရှိသေညွတ်ကျိုးခြင်း၏ အကာအကွယ်ဖြင့် သူသည် မိမိအပြစ်ကို ဖုံးကွယ်ထားလိုက်လေသည်။တစ်ခါတစ်ရံ သူ့မှာ ထိုမျှလောက်သော ရှိသေညွှတ်ကျိုးမှုမျိုးပင် မရှိသည့် အခါမျိုး၌ 'တပည့်တော်ဟာ အရှင်ဘုရား၏သား ဖြစ်တယ် မဟုတ်လား၊ဒါနဲ့တောင်မှ အရှင်ဘုရား အယုံအကြည် မရှိဘူး' ဟု ဆူလား ဆောင့်လား လုပ်တတ်လေသည်။ဆူဆောင့် လုပ်ခြင်းအားဖြင့် အယုံအကြည် တိုးလာလိမ့်မည်ဟု အထင်ရှိနေဟန် တူသည်။ယုံကြည်အပ် ယုံကြည်ထိုက်သည့် အလုပ်ကို လုပ်မှ အယုံကြည် တိုးမည်။ပရိယာယ် မရှိဘဲနှင့် မိမိစိတ်ထဲ ရှိတာကို ဖွင့်ဟမှ အယုံအကြည် တိုးမည် ဆိုသည့် အချက်ကို ရာဟုလာ သဘော မပေါက်ပေ။သို့ဖြစ်၍ မနေ့က ငါသည် အမ္ဗလဋ္ဌိကား သို့ သွား၍ ရာဟုလာအား ရှင်းလင်းပြောရလေသည်။

ငါ။ ။ဘုရင် တစ်ပါးပါး၏ ဆင်သည် စစ်မြေပြင်သို့ သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ဖြင့်လည်း အလုပ် လုပ်သည်။အမြီးဖြင့်လည်း အလုပ် လုပ်သည်။ သို့သော်လည်း အကယ်၍ နှာမောင်းကို ဗိုက်အောက်မှာ ဖိထားလျှင် အဲဒီဆင် ပြုလုပ်သည့် အကျိုးပြုအလုပ်သည် တန်ဖိုးရှိသည့်အလုပ် ဖြစ်နိုင်ပါမည် လော။ အဲဒီဆင်သည် ယုံကြည်ထိုက်သည့်ဆင် ဖြစ်ပါမည်လော။

ရာဟုလာ။ ။မဖြစ်ပါ အရှင်ဘုရား။

ငါ။ ။ဒါဖြင့် ရာဟုလာ၊အကြင်ပုဂ္ဂိုလ်သည် ကိုယ်ကာယ အင်္ဂါ အစိတ်အပိုင်း အားလုံးဖြင့် အကျိုးကို ဆောင်၏။သို့သော် စိတ်နှလုံးကိုမူ ဖုံးဝှက်ထား၏။စဉ်းလဲ၏။မမှန်မကန် ပြော၏။ထိုပုဂ္ဂိုလ်သည် ယုံကြည်စိတ် ချထိုက်သော ပုဂ္ဂိုလ် ဖြစ်နိုင်ပါဦးမည်လော။မဖြစ်နိုင်။သူ၏ တခြားအကျိုး ဆောင်ရွက်မှုများသည်လည်း တန်ဖိုးမရှိသည်နှင့် ဘာမျှ မထူးတော့။ ရာဟု လာ၊သင်သည် စူးစမ်းဆင်ခြင်မှု မချွတ်ပြုလုပ်သင့်သည်။မိမိ ပြုလုပ်သည့် အလုပ်ဖြင့် လောဘ သို့မဟုတ် မာန်မာနကို ပူဇော်ပသရာ ရောက် မရောက်၊ သူတစ်ပါးအား ထိခိုက်နစ်နာမှု ရှိ မရှိကို သင် သတိပြုသင့်သည်။ အကယ်၍ အဲဒီအချက်များကို သင် မသိ နားမလည်လျှင် သင်သည် ငါဘုရား အထံတွင် ဖြစ်စေ၊သို့မဟုတ် တတ်သိနားလည်သည့် သီတင်းသုံးဖော် ဆရာရှင် တစ်ဦး ဦးထံတွင် ဖြစ်စေ၊ကိုယ့်သဘောထားကို ဖွင့်ဟပြီး လျှောက်ထားပြောပြ သင့်သည်။ထိုပုဂ္ဂိုလ်များက သင့်ကို မေးကြည့်လို့ရှိလျှင် မည်သည့် အခါမျှ မမှန်မကန် မပြောပါနှင့်။ငါဘုရား၏ ရှေ့မှောက်၌ဖြစ်စေ၊သို့မဟုတ် ဆရာ ရှင် တစ်ဦးဦး၏ ရှေ့မှောက်၌ဖြစ်စေ မမှန်မကန် ပြောခဲ့လျှင် အဲဒီပုဂ္ဂိုလ် ၏ ရဟန်းအသွင်သည် အချည်းနှီး အလဟဿ ဖြစ်သွားလိမ့်မည်။ ရောဂါ သည် တစ်ဦးဦးသည် ဆေးဆရာအား မိမိရောဂါ အကြောင်းကို မပြောဘဲ ရောဂါ၏ လက္ခဏာများကို ထိန်ချန်ထားလျှင် အဲဒီ ရောဂါသည်သည် ပျက်စီးဆုံးပါး သွားဖို့ပင် ရှိသည်။ထိုနည်းအတိုင်းပဲ ဆရာရှင်၏ မျက်မှောက် မှာ မိမိ၏ အပြစ်ကို ကွယ်ဝှက်ထားတဲ့၊မမှန်မကန် ပြောတဲ့ ရဟန်းသည်



www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးဆုံးပါး သွားဖို့ပင် ရှိသည်။သို့ဖြစ်၍ ရာဟုလာ၊သင်သည် စူးစမ်းဆင်ခြင်မှု ပြုလုပ်သင့်ပေသည်။

ငါ၏ ပြောပြချက်များကြောင့် ရာဟုလာ မျက်နှာပျက်သွားသည်။ သို့ရာတွင် သူ ယခု မိမိအပြစ်ကို ကောင်းကောင်း သိရှိနားလည်သွားပြီဟု ငါ ထင်သည်။သူ ယခု ဆင်ဆင်ခြင်ခြင် လုပ်ပေတော့မည်။ပရိယာယ် လုပ်တော့မည် မဟုတ်။မမှန်မကန်လည်း လုပ်တော့မည် မဟုတ်။

ယခုအခါတွင် ငါ၏ သံဃာ့အဖွဲ့အစည်းထဲ၌ လူအမျိုးမျိုး၊ပုဂ္ဂိုလ်အမျိုးမျိုး ဝင်ရောက်လာကြသည်။သူတို့၏ စိတ်ထား သဘောထားများမှာ ဘယ်လောက် ဆန်းကြယ်ကြသနည်းဆိုလျှင် တခြားအဖွဲ့အစည်းများ အတွက်ပင်လျှင် နမူနာမျိုးစုံ ဤသံဃာ့အဖွဲ့အစည်း၌ တွေ့ရှိရပေလိမ့်မည်။ သို့ရာတွင် ငါကမူ ယင်းအားလုံးကို ဆေးဝါးကုသ ပေးရပေလိမ့်မည်။သို့သော် ဆေးဝါးကုသသည့်အလုပ်၌ ယုံကြည်မှုသည် အဓိက ဖြစ်သည်။ ဆေးဆရာသည် အရည်အချင်းပေါ်၌ လည်းကောင်း၊ဆေးဝါးကုသမှုနှင့် ပတ်သက်၍ ဆေးဆရာ၏ အပြစ်စင်ကြယ်မှုအပေါ်၌ လည်းကောင်း ရောဂါသည် အနေဖြင့် ယုံကြည်မှု မရှိမချင်း ထိုရောဂါသည်သည် ဆေးဆရာကို မိမိအကျိုး အတွက် အသုံးပြုနိုင်ပေလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် သကျသာကီဝင် မင်းသားများအား စုရုံးစေပြီးလျှင် ငါ မေးခွန်းထုတ်ရခြင်း ဖြစ်လေသည်။

'သကျသာကီဝင် မင်းသားတို့၊ ငါဘုရားသည် အကျင့်ကို မကျင့်ပေ။ သာမန် ရိုးရိုးလူများကဲ့သို့ တစ်ချိန်တစ်ခါတွင် တစ်ခုကို သဘောကျပြီး တစ်ချိန်တစ်ခါတွင်မူ အခြားတစ်ခုကို သဘောကျသည်။တစ်ချိန်တစ်ခါတွင် တစ်စုံတစ်ဦးကို နှစ်သက်ပြီး တစ်ချိန်တစ်ခါ၌မူ တစ်စုံတစ်ဦးကို နှစ်သက်ခြင်း မရှိ။ထို့ကြောင့် ငါဘုရားသည် စိတ်ညစ်အကြေး မကင်းစင်သေး။ဤသို့ သင်တို့ မထင်ကြဘူးလော'



www.burmeseclassic.com

www.burmeseclassic.com



အနုရုဒ္ဓ။ ။မထင်ပါဘုရား။အရှင်ဘုရားကို စိတ်အညစ်အကြေး ကင်းစင်သွားပြီ ဟူ၍သာ တပည့်တော်တို့ ထင်ပါသည်။ကမ္ဘာလောက အပေါ်မှာ ကရုဏာတော် ထားသည့်အတွက် အရှင်ဘုရားသည် ကမ္ဘာလောကကို ပြုပြင်လိုသည့် စိတ်ဆန္ဒ ရှိသည်။သို့အတွက် တပည့်တော်တို့အား ဆေးဝါးကုသပေးခြင်း ဖြစ်ပါသည်။နှစ်သက်ခြင်း၊မနှစ်သက်ခြင်းကို အရှင်ဘုရား ပြုလုပ်ခြင်းမှာလည်း ယင်းသို့ ပြုခြင်းအားဖြင့် တပည့်တော်တို့ အလုပ်တစ်ခု၏ အကောင်းအဆိုးကို နားလည်စေရန်အတွက်ပင် ဖြစ်ပေသည်။ တိရစ္ဆာန်ကို လမ်းကောင်း လမ်းမှန်ပေါ်မှာ သွားစေရန်အတွက် ဒေါသမရှိသော်လည်း ကြိမ်ဖြင့် ရိုက်မည့်ဟန် ဟန်လုပ်ရသကဲ့သို့ လည်းကောင်း၊ တစ်ခါတစ်ရံ ရိုက်ရသကဲ့သို့ လည်းကောင်း ထိုနည်းအတိုင်း တပည့်တော်တို့ကို လမ်းကောင်းလမ်းမှန် ရောက်လာစေရန်အတွက် အရှင်ဘုရားသည် လုပ်စရာ ရှိသမျှကို ပြုလုပ်ရပါသည်။ယင်းသို့ ပြုလုပ်သည့်အတွက် အရှင်ဘုရားသည် စိတ်အညစ်အကြေး မကင်းသေးဟူ၍ မဆိုနိုင်ပါ။ ကမ္ဘာလောကကို မေတ္တာထားပြီး ဆေးဝါးကုသပေးခြင်းသာ ဖြစ်ပါသည်။

ငါ။ ။သာဓု၊သာဓု၊ကောင်းပေစွ၊ကောင်းပေစွ။သာကီဝင်မင်းသားတို့၊သင်တို့သည် ငါဘုရားကို ကောင်းစွာ နားလည် သိရှိကြလေပြီ။ ယင်းကဲ့သို့သော စိတ်ထား သဘောထားမျိုး ရှိလျှင် သင်တို့ ငါဘုရား၏ဘဝဖြင့် အကျိုးအမြတ် ထုတ်နိုင်ကြပေလိမ့်မည်။သို့သော်လည်း တစ်ပါးသူတစ်ယောက်ယောက်က သင်တို့ဆီ လာပြီး 'ဂေါတမဟာ အကျင့်ကို မကျင့်ဘူး။ သူ့ တပည့်တပန်းတွေ ဒုက္ခ ခံသလောက်မှ ဒုက္ခမခံဘူး။အဲဒီလို အခြေအနေမျိုးမှာ ဂေါတမဟာ ဘယ်လိုလုပ် ဘုရားဖြစ်နိုင်ပါမည်နည်း'ဟု မေးလျှင် သင်တို့ ဘယ်လို ပြန်ပြောကြမည်နည်း။

အနုရုဒ္ဓ။ ။အရှင်ဘုရား၊တပည့်တော်တို့က ယခုလို ပြန်ပြောလိုက်ပါမည်။ဗုဒ္ဓ၏ လမ်းစဉ်၌ မလိုလားအပ်သည့် ကိုယ်ကာယကို ညှဉ်းပန်း



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ထားခြင်းများကို စွန့်ပယ်ထားသည်။မလိုလားအပ်သည့် ဒုက္ခမျိုးကို ခံခြင်းအားဖြင့် တရားဓမ္မ ဖြစ်မလာနိုင်။စစ်မှန်သည့် တရားအကျင့်ဆိုသည်မှာ စိတ်နှလုံးနှင့်သာ ပတ်သက်သည်။သို့ဖြစ်၍ ဗုဒ္ဓသည် တရားအကျင့်ကို ကျင့်သည့် မဟာတပသီကြီး ဖြစ်ပေသည်။ဘာကြောင့်လဲဆိုလျှင် ဗုဒ္ဓသည် စိတ်နှလုံးကို အပြည့်အဝ ချိုးနှိမ် နှိပ်ကွပ်ထားသူ ဖြစ်သည်။တပည့်တပန်း အားလုံး၏ အကျင့်သည် ဗုဒ္ဓ တစ်ဦးတည်း၏ အကျင့်နှင့်စာလျှင် ချိန်ခွင်ညှာ ဓောက်ထိုး ဖြစ်နေပေလိမ့်မည်။ကျွန်ုပ်တို့သည် ဝိနည်းသိက္ခာပုဒ်အရ ကြိုး စားပြီး လိုက်နာကျင့်ကြံ နေထိုင်ကြရသော်လည်း ဂေါတမဗုဒ္ဓကမူ သူနေထိုင် သည့်အတိုင်း ဝိနည်းသိက္ခာပုဒ်များ ဖြစ်နေရသည်။သူ့ဘဝသည် ဘယ် လောက် စင်ကြယ်သန့်ရှင်းနေသနည်းဆိုလျှင် သူ့အနေနှင့် ဝိနည်းသိက္ခာ ပုဒ်ကို ဂရုထားနေဖို့ မလိုတော့ပါ။

ငါ။ ။သာဓု၊သာဓု၊ ကောင်းပေစွ၊ကောင်းပေစွ။သကျသာကီဝင် မင်းသားတို့၊သင်တို့သည် ငါဘုရားကို နားလည်သဘောပေါက်သလို ငါ ဘုရား၏ တရားဓမ္မ(ကို)လည်း ကောင်းစွာ နားလည်သဘောပေါက်ကြသည်။ သို့သော်လည်း သကျ(သာ)ကီဝင် မင်းသားတို့၊အကယ်၍ တစ်ပါးသူ တစ် ယောက်ယောက်က သင်တို့အား 'ငါလည်း ဘုရားဖြစ်သည်၊သို့မဟုတ် ဘုရား နှင့် အတူတူပင်ဖြစ်သည်။ငါလည်း ဝိနည်းသိက္ခာပုဒ်များကို ဂရုမထား'ဟု ပြောလျှင် သင်တို့ သူ့ကို ဘယ်လိုလုပ် ပြန်ပြောကြမည်နည်း။

အနုရုဒ္ဓ။ ။အရှင်ဘုရား၊ရောဂါသည်အတွက် ဓာတ်စာ လိုအပ်သကဲ့သို့ ကျန်းမာသူ အဖို့ရာမှာ ဓာတ်စာမလိုပါ။ကျန်းမာသူကို ကြည့်ပြီး ရောဂါသည်က 'ငါလည်း ဓာတ်စာ မစားဘူး၊ငါ ကျန်းမာသူဖြစ် သည်' ဟု ပြောနေလျှင် အချည်းအနှီး အကျိုးမဲ့သာလျှင် ဖြစ်ပေလိမ့်မည်။ ထိုကဲ့သို့ လုပ်ခြင်းအားဖြင့် သူ့ရောဂါ ဝေဒနာသာလျှင် တိုးလာပြီး သေဆုံး သွားဖို့ရာ ရှိပေသည်။ဗုဒ္ဓ မဟုတ်သည့် ပုဂ္ဂိုလ်က ဗုဒ္ဓနှင့် အတူတူပါပဲဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဝိနည်း သိက္ခာပုဒ်နှင့် တူသည့် ဓာတ်စာကို မမှီဝဲလျှင် ထိုပုဂ္ဂိုလ်သည် ကျဆုံးဖို့သာ ရှိသည်။သူ့မှာ စိတ် အညစ်အကြေးများ ပွားများတိုးတက်ပြီး နောက်ဆုံး၌ သူသည် ကမ္ဘာလောက၏ အမြင်မှာပင် ကျဆုံးသွားပေလိမ့်မည်။တပည့်တော်တို့သည် သတင်းလွှင့် ကြေညာရုံသက်သက်ဖြင့် တစ်စုံတစ်ဦးကို ဗုဒ္ဓနှင့် အတူတူဟု မယူဆပါ။သူ့ စိတ်အညစ်အကြေး ကင်းစင်မကင်းစင် စမ်းသပ် စစ်ဆေးကြည့်မည်။အဲဒီလို စမ်းသပ်စစ်ဆေးချက်မအောင်မြင်ဘဲနှင့် အကယ်၍ သူက ဗုဒ္ဓနှင့် အတူတူပါပဲဟု သတင်းလွှင့်ကြေညာနေလျှင် သူ့ကို ကြောင်သူတော်ဟုပင် အောက်မေ့ရပေလိမ့်မည်။

ငါ။ ။သာဓု၊သာဓု၊ကောင်းပေစွ၊ကောင်းပေစွ။ သကျသာကီဝင် မင်းသားတို့၊သင်တို့သည် ငါဘုရား၏ တရားမွေမှ အသိပညာကိုလည်း သင်ကြားဆည်းပူး ခဲ့ကြလေပြီ။ယခု သင်တို့ သွားကြလော့။ယင်းကဲ့သို့ ဝိနည်းနှင့် အသိပညာကို ပြန့်ပွားစေရန်အတွက် အခါခပ်သိမ်း ကြိုးပမ်းအားထုတ် ကြကုန်လော့။

သကျသာကီဝင် မင်းသားတို့၏ အဖြေစကားကြောင့် ငါသည် များစွာ နှစ်သက်အားရခြင်း ဖြစ်မိလေသည်။သံဃာ့အဖွဲ့အစည်း၌ ယင်းကဲ့သို့သော ပုဂ္ဂိုလ်များ များလျှင် များသလောက် သံဃာ့အဖွဲ့အစည်းသည် ကြီးကျယ်မြင့်မြတ် ပေလိမ့်မည်။တန်ခိုးကြီးမား ပေလိမ့်မည်။ လူအပေါင်းတို့လည်း သံဃာ့အဖွဲ့အစည်းကို အကြောင်းပြု၍ အကျိုး ဖြစ်ထွန်းပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## မိန်းမ နှင့် ယောကျ်ား

သူတော်စင် ရဟန်းဖြစ်လာခြင်းမှာ တစ်မျိုးဖြစ်၍ ရဟန်းသံဃာ အဖွဲ့အစည်း၏ အဖွဲ့ဝင်ဖြစ်လာခြင်းမှာ တစ်မျိုးဖြစ်သည်။ငါ၏ သံဃာ့အဖွဲ့အစည်း၌ ကျင့်ဝတ်သိက္ခာလည်း မရှိ၊စွန့်လွှတ်မှုလည်း မရှိသည့် ပုဂ္ဂိုလ်များလည်း ဝင်ရောက်လာကြသည်။သူတို့သည် အိမ်တံခါးကို စွန့်ခွာ၍ လာခဲ့ကြသော်လည်း အိမ်တံခါး သံယောဇဉ်အမျှင် မပြတ်ကြသေးပေ။သူတို့သည် ဘယ်လောက် စိတ်ဓာတ် နိမ့်ကျ၍ ဘယ်လောက်ကျင့်ဝတ်သိက္ခာ မဲ့ကြသနည်းဆိုလျှင် ကြီးစွာသော စွန့်လွှတ်ခြင်းကို ပြုလုပ်ခဲ့သည့် ရဟန်းကြီးများကိုသော်လည်း အလေးမပြု ဂရုမထားကြပေ။အချို့ ရဟန်းများမှာမူ စိတ်ဓာတ်ယုတ်ညံ့နိမ့်ကျလှသည်ဖြစ်၍ ကျောင်းတိုက်အတွင်းရှိ ကောင်းပေ့ဆိုသည့် နေရာများကို သူများအရင် ဦးထားကြသည်။သို့ဖြစ်၍ အရေးပါ အရာရောက်သည့် ရဟန်းကြီးများ နေရာထိုင်ခင်း မရကြသည့်အထိ ဖြစ်ရလေသည်။

ယနေ့နံနက် ငါ ကျိန်းစက်ရာမှ ထလိုက်သည့်အခါ သာရိပုတ္တရာအား ကျောင်းတိုက်အပြင်ဘက်ရှိ သစ်ပင်တစ်ပင်အောက်တွင် ထိုင်နေသည်ကို တွေ့ရသည်။မေးမြန်းစုံစမ်း ကြည့်သောအခါ နေရာ မရရှိသည်ဖြစ်၍ တစ်ညဥ့်လုံး သူ အပြင်ဘက်မှာသာ နေရကြောင်း သိရှိရသည်။ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



အံ့သြစရာ ကောင်းသနည်း။သာရိပုတ္တရာသည် ငါ၏ အမြတ်နိုးဆုံးသော တပည့်ဖြစ်သည်။ရဟန်းပေါင်းများစွာ၏ ဆရာသဖွယ် ဖြစ်သည်။သို့ရာတွင် ထိုရဟန်းများတွင် သာရိပုတ္တရာကို နေရာထိုင်ခင်း ပေးရ ကောင်းစေဟု သိတတ်သည့် ကျင့်ဝတ်သိက္ခာလောက်ပင် မရှိပေ။

ထိုရဟန်းများ ငါ၏ သံဃာ့အဖွဲ့အစည်းထဲသို့ ဝင်ရောက်လာခြင်းမှာ ကမ္ဘာလောကအား 'စံပြ လူ့ဘဝဆိုသည်မှာ မည်သို့မည်ပုံ ဖြစ်သည်။ တိရစ္ဆာန် ဆန်သည့် အင်အားထက် တရားအင်အားကသာလျှင် ကြီးကျယ်မြင့်မြတ်သည်။ဥစ္စာပစ္စည်း၊အကျော်အစော၊အရိုအသေ၊ပူဇော်သက္ကာ၊ စည်းစိမ်ခံစားမှု စသည်တို့ကို မက်မောမှုဖြင့် သုခဟူ၍ မရှိ။တရားအတွက် စွန့်လွှတ်ခြင်းဖြင့်သာလျှင် သုခရှိသည်' ဟူ၍ ပြောပြရန်အတွက် ဖြစ်လေသည်။ သို့ရာတွင် ထိုအသုံးမဝင်သည့် ယောကျာ်းများသည် နေရာထိုင်ခင်းအတွက် ဤမျှလောက် အလုအယက် ဖြစ်နေကြသည်။စိတ်နှလုံး မြင့်မြတ်သည့်၊ ဣန္ဒြေကြီးမားသည့် ပုဂ္ဂိုလ်ကြီးများ မထိမဲ့မြင် အပြုခံနေရသည်။ယင်းသို့ ဆရာသမား ပုဂ္ဂိုလ်ကြီးများကို မထီလေးစားပြုသူ ဤပုဂ္ဂိုလ်များသည် ကမ္ဘာလောကအား မည်သည့်အရာကို သွန်သင်ပြသ ကြမည်နည်း။ ကမ္ဘာလောကကို မည်သို့မည်ပုံ ပြုပြင်ကြမည်နည်း။

ယခုအခါတွင်မူ ငါသည် ကျောင်းတိုက် အသစ်အတွင်းသို့ ရွှင်လန်းဝမ်းသာစိတ်အစား ကြောင့်ကြစိတ်ဖြင့် ဝင်ရပေတော့မည်။အားလုံး၏ စိတ်ထဲတွင် သင့်တော်သည့် နေရာကို ရမှ ရပါမည်လားဟု ကြောင့်ကြမှု ရှိနေရပေတော့မည်။တစ်နေ့သော အခါတွင် ဤပုဂ္ဂိုလ်များသည် ငါ့အတွက်ပင်လျှင် သင့်တော်သည့်နေရာကို ပေးချင်မှ ပေးကြပေတော့မည်။ သံဃာ့အဖွဲ့အစည်းကို ဖူးမြော်ရန် တစ်စုံတစ်ဦး ရောက်လာပြီး ငါ၏ နေရာတွင် ဤပုဂ္ဂိုလ်များကို တွေ့သွားလျှင် ဘာပြောမည်နည်း။သံဃာ့အဖွဲ့အစည်းသည် ပျက်စီးသွားဖို့ရာသာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူပုဂ္ဂိုလ်များတွင်လည်း ငါစွဲတို့၊ကိုယ်ကျိုးကြည့်မှုတို့ ရှိကြသည်။ သို့ရာတွင် ဤရဟန်း ပုဂ္ဂိုလ်များကဲ့သို့ ငမ်းငမ်းတက် ဖြစ်နေသည့် လူပုဂ္ဂိုလ်များမှာ နည်းလှပေသည်။လူပုဂ္ဂိုလ်များ၌ ကျင့်ဝတ်သိက္ခာ မရှိတောင်မှ ယဉ်ကျေးမှုမူကား ရှိကြသည်။ဤရဟန်း ပုဂ္ဂိုလ်များမှာမူ ကျင့်ဝတ်သိက္ခာလည်း မရှိကြပေ။ယဉ်ကျေးမှု လူ့စည်းကမ်းကိုလည်း မလိုက်နာကြပေ။ အကယ်၍ ငါ၏ သံဃာ့အဖွဲ့အစည်းသည် ယင်းကဲ့သို့ မယဉ်ကျေး မဖွယ်ရာ ဖြစ်နေလျှင် ယင်း သံဃာ့အဖွဲ့အစည်းသည် ကမ္ဘာလောကအတွက် ဝန်ထုပ် ဝန်ပိုးကြီး ဖြစ်နေပြီး မကြာခင် ပျက်စီးပြိုကွဲ သွားပေလိမ့်မည်။ယနေ့ ငါသည် ထိုရဟန်း ပုဂ္ဂိုလ်များအား ခေါ်လျက် ကြိမ်းမောင်းပြီးလျှင် အောက်ပါ အချက်အလက်များနှင့်တကွ ရှိသေရမည့် ပုဂ္ဂိုလ်များနှင့် ပတ်သက်သော စည်းကမ်းဥပဒေတို့ကို ညွှန်ကြား ပြောပြလိုက်လေသည်။

## ရှိသေအပ်သည့် ပုဂ္ဂိုလ်

၁။ သင်တို့ထက် ဝါကြီးသော ပုဂ္ဂိုလ်အား သင်တို့ ရှိခိုး ရိုသေသမှု ပြုအပ်၏။

၂။ တရားဓမ္မ ကျင့်သုံး ဆောက်တည်ရာ၌ သင်တို့ထက်ကြီးသော ပုဂ္ဂိုလ်အား သင်တို့ ရှိခိုး ရိုသေသမှု ပြုအပ်၏။

၃။ သံဃာအား လုပ်ကျွေးပြုစုရာ၌ သင်တို့ထက်ကြီးသော ပုဂ္ဂိုလ်အား သင်တို့ ရှိခိုး ရိုသေသမှု ပြုအပ်၏။

၄။ ဥပဇ္ဈာယ်အရာ၌ ရှိသော ရဟန်းအား သင်တို့ ရှိခိုး ရိုသေသမှု ပြုအပ်၏။

၅။ တထာဂတအား ရဟန်းသံဃာသည် လည်းကောင်း၊ ကမ္ဘာလောက တစ်ခုလုံးသည် လည်းကောင်း ရှိခိုး ရိုသေသမှု ပြုအပ်၏။



www.burmeseclassic.com

www.burmeseclassic.com

## ရိုသေခြင်း စည်းကမ်းချက်

ရှိခိုးအပ် ရိုသေအပ်သည့် ပုဂ္ဂိုလ်များအား ဤကဲ့သို့ ရိုသေလေးစားမှု ပြုလုပ်သင့်သည်။

၁။ တွေ့ဆုံသောအခါ၌ မတ်တတ်ရပ်ပါ။လက်အုပ်ချီပါ။ကျန်းမာကြောင်း မေးမြန်းပါ။

၂။ သူတို့ သင့်ကို စကားပြောနေသမျှ ကာလပတ်လုံး သို့မဟုတ် အနီးတွင် ရပ်နေသမျှ ကာလပတ်လုံး သင် ရပ်နေပါ။

၃။ အကယ်၍ သူတို့ အချိန်ကြာမြင့်စွာ တစ်ခုခု လုပ်နေလျှင် လည်းကောင်း၊စကြံ လျှောက်နေလျှင်လည်းကောင်း သင်က ထိုင်ပြီး တစ်ခုခု လုပ်စရာရှိလျှင် သူတို့အတွက် မြင့်မြတ်ကောင်းမွန်သည့် နေရာချန်ထားပါ။ပြီးမှ သင်က အခြား နေရာတစ်ခုမှာ ထိုင်ပါ။

၄။ သူတို့ ထွက်သွားသော အခါ၌ မတ်တတ်ရပ်ပါ။လက်အုပ်ချီပါ။

၅။ ဆွမ်းခံ၍ ရရှိသည့် ဆွမ်းများကို သူတို့အား ရှေးဦးစွာ ပေးပါ။

၆။ သူတို့အတွက် အိပ်ရာ နေရာ စသည်များကို သပ်သပ်ထားပါ။သူတို့ ရရှိသွားပြီးသည့်နောက်မှ ကျန်နေရာများကို မိမိက အသုံးပြုပါ။

၇။ ရှိခိုး ရိုသေအပ်သည့် ပုဂ္ဂိုလ်များအား လူအပေါင်းတို့က အထင်မှား အမြင်မှား ဖြစ်စေမည့် အပြုအမူမျိုးကို လည်းကောင်း၊ ရှိခိုးရိုသေအပ်သည့် ပုဂ္ဂိုလ်များနှင့် သင်၏ အကြားတွင် ခြားနားချက် မရှိစေသည့် အပြုအမူမျိုးကို လည်းကောင်း မပြုလုပ်ပါနှင့်။

၈။ လမ်းညွှန်ပြခြင်း စသော ကိစ္စအတွက်သာလျှင် သူတို့၏ ရှေ့မှ သွားပါ။သို့မဟုတ်လျှင် အခါခပ်သိမ်း နောက်မှချည်း လိုက်ပါ။

၉။ အစွမ်းရှိသမျှ သူတို့ကို ပြုစု လုပ်ကျွေးပါ။

၁၀။ သူတို့ အလုပ်ကိစ္စ တစ်စုံတစ်ခု ပြုလုပ်ဆောင်ရွက်နေသည့်အခါ ထိုအလုပ်ကိစ္စသည် သင် ပြုလုပ်ဆောင်ရွက်ထိုက်သည့် အလုပ်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျှင် သင်ကိုယ်တိုင် ပြုလုပ်ဆောင်ရွက် ပေးပါ။ဥပမာအားဖြင့် အိပ်ရာ ရှင်းလင်းနေသည့်အခါ၌ သူတို့၏ အိပ်ရာကို ရှင်းလင်းပေးပါ။ တံမြက်စည်းလှည်းနေသည်ကို တွေ့လျှင် တံမြက်စည်း လှည်းပါ။

၁၁။ နူးညံ့ရိုသေစွာဖြင့် စကားပြန်ကြား ပြောဆိုပါ။စကားပြန်ကြား ပြောဆိုစဉ်၌ မလိုမုန်းထားဖြင့် ပါးစပ်မဲ့ရွဲ့ခြင်း ပြုလျှင် လည်းကောင်း၊ အသံကို ခက်ခက်ထန်ထန် ထားလျှင် လည်းကောင်း ဒုက္ကဋ်အာပတ်သင့် ပေလိမ့်မည်။

တထာဂတနှင့်ပတ်သက်၍လည်း ဤစည်းကမ်းချက်များကို အပြည့်အဝ လိုက်နာသင့်လေသည်။ဥပဇ္ဈာယ်ဆရာ စသည်များနှင့် ပတ်သက်၍လည်း ဤနည်းနှင်နှင် ဖြစ်သည်။တခြား ရှိခိုးရိုသေအပ်သည့် ပုဂ္ဂိုလ်များအတွက်လည်း ဤစည်းကမ်းချက်များထက် အနည်းငယ်လျော့၍ လိုက်နာဆောင်ရွက်သင့်လေသည်။

ရဟန်းတို့၊ရိုသေခြင်းနှင့် ပတ်သက်သော ဤလိုအပ်သည့် ဝိနည်းစည်းကမ်းများကို သင်တို့အတွက် ပညတ်ရခြင်း ဖြစ်လေသည်။ ဤဝိနည်းစည်းကမ်းများကို စိတ်ပါလက်ပါ လိုက်နာကျင့်သုံးသင့်သည်။အကယ်၍ အပေါ်ယံ အပြင်ပန်းလောက်ဖြင့်သာ လိုက်နာပြုလုပ်လျှင်မူ၊လူ့ယဉ်ကျေးမှု စည်းကမ်းလောက်သာ လိုက်နာလျှင်မူ သင်တို့သည် ကျင့်ဝတ်ရှိသူ၊ ထိန်းချုပ်ကွပ်ကဲသူ တရားရှင် မဖြစ်နိုင်ပေ။ဝိနည်းကျင့်ဝတ်သည် အသက်ဖြစ်သည်။ လူ့ယဉ်ကျေးမှု စည်းကမ်းက ကိုယ်ကာယဖြစ်သည်။သင်တို့တွင် နှစ်မျိုးလုံး ရှိသင့်ပေသည်။

ယင်းသို့လျှင် ရဟန်းများအား ဂါရဝရှိသေခြင်းနှင့် ပတ်သက်သည့် ဝိနည်းစည်းကမ်းများကို လိုက်နာကျင့်ကြံရန် ညွှန်ကြားပြောပြသည်။ သံဃာ့အဖွဲ့အစည်း စည်းစနစ်ရှိရေးအတွက် ရိုသေခြင်းဆိုင်ရာ ဝိနည်းကျင့်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



သည် အထူး လိုအပ်သည်။သို့ရာတွင် စက်ယန္တရားရုပ် လည်သကဲ့သို့ ဝိနည်းကျင့်ဝတ်ကို စိတ်မပါဘဲ လိုက်နာနေကြသည့် ပုဂ္ဂိုလ်များသည် စစ်မှန်သည့် ကျင့်ဝတ်ရှိသူ တရားရှင် မဟုတ်နိုင်ပေ။အမှန်စင်စစ်မှာမူ စစ်မှန်သည့် တရားရှင်ပုဂ္ဂိုလ် ပြုလုပ်ကျင့်ကြံသည့်အတိုင်း ဝိနည်းစည်းကမ်းဆိုသည်မှာ လိုက်ဖြစ်ရသည်။အဓိပ္ပာယ်ဆိုလိုရင်းမှာ ငါ ညွှန်ကြားပြောပြသည့် ဝိနည်း စည်းကမ်းများကို တရားရှင်ပုဂ္ဂိုလ်သည် သူ့အလိုအလျောက်ပင် ကျင့်ကြံ ပြုလုပ်သည်။

ဥပမာအားဖြင့် ပြောရလျှင် လူသည် တစ်စုံတစ်ယောက်ကို ကြောက်လျှင် သူ့အလိုလိုပင် တုန်လှုပ်သည်။အဝေးသို့ ပြေးရန် ကြိုးစားသည်။ကြောက်တတ်သူကို ကြောက်ရန် ညွှန်ကြား ပြောပြ နေဖို့မလို။ ထိုနည်းအတိုင်းပင် ပင်ကိုက နူးညံ့ပြေပြစ်နေသူ တရားရှင်ပုဂ္ဂိုလ်သည် ဝိနည်းစည်းကမ်းကို မသိဘဲနှင့် မတ်တတ်ရပ်သည်။လက်အုပ် ချီသည်။ပြုစု လုပ်ကျွေးရန် ကမ်းလှမ်းသည်။ကောင်းမွန်သည့် နေရာထိုင်ခင်း စသည်ကို ပေးသည်။ ယင်းအချက်များကို ညွှန်ကြားပြောပြ မနေရပေ။ ညွှန်ကြားပြောပြရသည်မှာ ပင်ကိုက ပြေပြစ်အချိုးကျနေသူ တရားရှင် မဟုတ်သူများကိုသာ ဖြစ်သည်။

အမှန်စင်စစ်မှာ သူတော်စင် ရဟန်းကောင်းများအတွက် ဤဝိနည်းစည်းကမ်းများ မလိုပေ။သို့ရာတွင် ရဟန်းဆိုးများလည်း ရှိသေးသည် မဟုတ်လော။သို့ဖြစ်၍ စနစ်တကျ ရှိစေရန်အတွက် စည်းကမ်းကို လိုက်နာစေခြင်းသည်သာလျှင် သင့်လျော် ကောင်းမြတ်ပေသည်။

နောက်ဆုံးပိတ်တွင် စိတ်မပါဘဲနှင့် ငါသည် ဘိက္ခုနီ သံဃာ့အဖွဲ့အစည်းကို တည်ထောင်ရသည်။အာနန္ဒာသည် အကြိမ်ကြိမ် တောင်းပန်ပြီး ငါ့ထံမှ အမိန့်ကို အရယူခဲ့သည်။အာနန္ဒာသည် အမြင် တိုတောင်းလှသည်။ မိန်းမများလည်း ရဟန္တာအဆင့်သို့ ရောက်ရှိနိုင်သည် ဆိုသည့်အချက်ကို

www.burmeseclassic.com



ငါ လက်ခံသည်။ယင်းအချက်ကို အကြိမ်များစွာလည်း ငါ ပြောဖူးပြီ။သို့ရာတွင် ရဟန်း သံဃာ့အဖွဲ့အစည်း၏ ရည်ရွယ်ချက်မှာ စင်ကြယ်သောဘဝဖြင့် လူ့လောက၏ အဆိုးများကို ဖယ်ရှားပြီးလျှင် လူအပေါင်းတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရန် ဖြစ်လေသည်။ ရဟန္တာ အဆင့်ကိုမူ မိန်းမ ဖြစ်စေ၊ ယောကျာ်း ဖြစ်စေ အိမ်မှာ နေလျက်လည်း ရရှိနိုင်သည်။

သို့ရာတွင် လူ့လောကအတွက် ကိုယ်ကျိုးကို မငဲ့ကွက်သော၊ အကြောက်အရွံ့ ကင်းသော၊ဘုရင်နှင့် သူတောင်းစားကို အတူတူ သဘောထားသော အကျိုးပြု ပုဂ္ဂိုလ်များကို အိမ်၌ ရဖို့ရန် မလွယ်ပေ။သို့ဖြစ်၍ ငါသည် ဤတရားဓမ္မ စစ်တပ်ကို တည်ထောင်ခြင်း ဖြစ်သည်။ဤစစ်တပ်သည် မိန်းမဆိုလျှင်လည်း မိန်းမ စစ်တပ်သာလျှင် ဖြစ်သင့်သည်။ယောကျာ်းဆိုလျှင်လည်း ယောကျာ်းစစ်တပ်သာလျှင် ဖြစ်သင့်သည်။ယောကျာ်း စစ်တပ်၌ လွယ်ကူမှု၊အဆင်ပြေမှု အနည်းငယ် ပိုသည်။ငါကိုယ်တိုင်ကလည်း ယောကျာ်းဖြစ်၍ ယောကျာ်းစစ်တပ်ကိုသာလျှင် နိုင်နိုင်နင်းနင်း ဦးဆောင်နိုင်ပေသည်။သို့ဖြစ်သောကြောင့် ငါသည် ဤယောကျာ်းစစ်တပ်ကို တည်ထောင်ခြင်း ဖြစ်သည်။

မိန်းမစစ်တပ်နှင့် ယောကျာ်းစစ်တပ် တည်ထောင်လိုက်လျှင်ကား ဤသာသနာတွင်း၌လည်း ထိုရဟန်းများ စွန့်ခွာလာခဲ့ရာ ဖြစ်သည့် ဘဝဟောင်းက လောကမျိုး ဖြစ်လာပေလိမ့်မည်။အိမ်၌ လူတို့သည် လောကအား မကြောက်မရွံ့ မထိတ်မလန့်ဘဲနှင့် အကြင်လင်မယားအဖြစ် နေနိုင်ကြသည်။ သို့ရာတွင် ရဟန်းသံဃာ့ အဖွဲ့အစည်း၌မူ လင်မယားအတွက် နေရာ မရှိပေ။ သို့ဖြစ်၍ ယင်းတပ်မက်မှုတို့သည် အတွင်းငုပ်သွားပြီးလျှင် သံဃာ့အဖွဲ့အစည်းကို လှိုက်စားပေလိမ့်မည်။

ဟိုတစ်နေ့က ရဟန်းတစ်ပါးသည် ဘိက္ခုနီမ တစ်ဦး၏ နေရာအနားတွင် ရစ်သီရစ်သီ လုပ်နေသည်။တစ်ခါတစ်ရံတွင် ထိုနေရာတွင် ခုပ်လျက်



www.burmeseclassic.com

www.burmeseclassic.com



တံပူဝါးနေသည်။တစ်ခါတစ်ရံ ထိုနေရာသို့ ရေသွားခပ်သည်။ထိုကဲ့သို့ မပြုလုပ်ရန် ငါ တားမြစ်လိုက်သည်။ထိုအခါ ထိုရဟန်းသည် အခါအခွင့် ဟုတ်သည် မဟုတ်သည်ကို မတွက်ဘဲ ထိုဘိက္ခုနီမ၏ အကြောင်းကို ချီးကျူး နေသည်ကို ငါ တွေ့ရပြန်သည်။သူ သီလရှိသည်၊သူ အရည်အချင်းရှိသည်၊သူ ပညာရှိသည်၊ သူ စကားပြောကောင်းသည် စသည်ဖြင့် ဘိက္ခုနီမ အကြောင်း ကိုသာလျှင် တဖွဖွ ပြောနေသည်။ထိုဘိက္ခုနီမသည် သူ ပြောသည့်အတိုင်း မှန်ပါသည်။ထိုရဟန်းလို ပုဂ္ဂိုလ်မျိုး၏ သားကောင်အဖြစ်လည်း ရောက်မည် မဟုတ်ပေ။သို့ရာတွင် ယင်းသို့ ပြုလုပ်နေခြင်းအားဖြင့် မိန်းမနှင့် ယောကျ်ား ၏ တပ်မက်မှုမှာ အနည်းနှင့်အများ တိုးပွားနေလိမ့်မည်။

အချို့ ရဟန်းများသည် စကားဆွေးနွေးရန် ဟူသော အကြောင်းပြ ဖြင့် ဘိက္ခုနီတို့၏ အထံသို့ သွားကြသည်။အချို့က ဘိက္ခုနီများအား စလျက် ဘိက္ခုနီများ၏ စောင်းမြောင်း ဆဲဆိုခြင်းကို အရသာ တွေ့နေကြသည်။အချို့ ရဟန်းများကမူ ဝိနည်းစည်းကမ်းကို အကာအကွယ်ယူလျက် ဘိက္ခုနီမများ ထံ အရိုအသေပြုရန် ဟူသော အကြောင်းပြချက်ဖြင့် သွားကြသည်။အချို့ ရဟန်းတို့သည်ကား တော်သည့် ဘိက္ခုနီမ တစ်ဦးဦးထံ တရားအဆုံးအမ နာကြားရန်ဟု ဉာဏ်ဆင်လျက် သွားကြသည်။ငါသည် ယင်းအပြုအမူ အားလုံးကို တားမြစ်ပိတ်ပင် ထားလိုက်သည်။ရဟန်း တစ်ပါးပါးသည်ဘိက္ခု နီမများအား ရိုသေခြင်း မပြုလုပ်ရ၊ဘိက္ခုနီမများ၏ တရားအဆုံးအမကို မနာယူရ၊ဘိက္ခုနီမ တစ်ယောက်ယောက်သည် ရဟန်းကို မစောင်းမြောင်း မဆဲဆိုရ စသည်ဖြင့် စည်းကမ်းကို သတ်မှတ်ထားလိုက်သည်။သို့ရာတွင် ယင်း စည်းကမ်းချက်များကြောင့် သူတို့၏ ဖိုမ တပ်မက်မှုသည် လျော့ပါး သွားပါမည်လော။

ပရိယာယ်ဆင်ခြင်းသည် အရလွယ်ဆုံးသော အရာဝတ္ထု ဖြစ်သည်။ ငါက စည်းကမ်းဥပဒေ တစ်ရာကိုလုပ်လျှင် ပရိယာယ် တစ်ရာ့တစ်မျိုးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာပေလိမ့်မည်။ချုပ်တည်းမှု မရှိသည့် ရဟန်းများသည် ဝိနည်းစည်းကမ်းများ အတွင်း၌ အကျဉ်းခံ မနေနိုင်ကြပေ။ဘိက္ခုနီမများ ရှိသည့်အတွက် သံဃာ့အဖွဲ့အစည်းကြီး အလျင်အမြန် ကျဆုံးဖို့သာ ရှိသည်။သံဃာ့အဖွဲ့အစည်းသည် တဖြည်းဖြည်း အကျင့်ဆိုး ညဉ့်ဆိုးများ၏ အိမ်ရာ ဖြစ်လာပေလိမ့်မည်။သံဃာ့ အဖွဲ့အစည်း၏ ဦးရေသည် နှစ်ဆ တက်လာမည် ဖြစ်သော်လည်း သံဃာ့အဖွဲ့အစည်း၏ အသက်မှာမူ တစ်ဝက်သာလျှင် ခံပေလိမ့်မည်။ ဤကဲ့သို့ပင် ငါ ထင်သည်။အကောင်းအတွက် အာနန္ဒာ ကြိုးစားခဲ့သော အရာမှာ အဆပေါင်း များစွာသော အဆိုးများ၏ အကြောင်းဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

# တရားကဲခတ်နည်း

တရားဓမ္မ၏ အလုပ်မှာ သတ္တဝါတို့အား ချမ်းသာမှု ငြိမ်းချမ်းမှုပေးရန် ဖြစ်လေသည်။အကြင် ပုဂ္ဂိုလ်သည် ဤလမ်းမပေါ်၌ များစွာ လျှောက်သွား၏။ အကြင် ပုဂ္ဂိုလ်သည် ဤလမ်းစဉ်အတွက် စွန့်လွှတ်ခြင်းများစွာ ပြုလုပ်၏။ ထိုပုဂ္ဂိုလ်သည် စစ်မှန်သော တရားဓမ္မရှင် ဖြစ်လေသည်။ သို့ရာတွင် ကမ္ဘာလောကသည် ဘယ်လောက် မိုက်မဲလှသနည်းဆိုလျှင် တရားဓမ္မကို လိုက်နာကျင့်ကြံဖို့ဝေးစွ၊တရားဓမ္မ၏ အကဲကိုပင် စနစ်တကျ မဖြတ်တတ်ကြပေ။ တရားဓမ္မအား သေချာကျနစွာ စမ်းသပ်စစ်ဆေးခြင်းကိုပင် မပြုလုပ်တတ်ကြပေ။

အချို့ပုဂ္ဂိုလ်များက တစ်စုံတစ်ဦး၏ ဆေးပညာကိုကြည့်၍ တရားဓမ္မအကဲကို ဖြတ်ကြသည်။အချို့ပုဂ္ဂိုလ်များက တစ်စုံတစ်ဦး၏ နက္ခတ်ဗေဒင်ပညာကို ကြည့်၍ တရားဓမ္မအကဲကို ဖြတ်ကြသည်။ အချို့ပုဂ္ဂိုလ်များကမူ တစ်စုံတစ်ဦး၏ ဘားကျွမ်းပညာကို ကြည့်၍ တရားဓမ္မကို အကဲဖြတ်ကြသည်။ဘယ်လောက် မိုက်မဲကြလေသနည်း။ယင်း အတတ်ပညာများ မရှိဘဲနှင့်လည်း စိတ်နှလုံး ဖြူစင်သန့်ရှင်းမှုနှင့် လူ့အကျိုး ဆောင်ရွက်မှု ဖြစ်နိုင်ပေသည်။ ယင်းအတတ်ပညာများ ရှိသော်လည်း စိတ်နှလုံး ဖြူစင်သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



မှု၊လူ့အကျိုး ဆောင်ရွက်မှု ရှိချင်မှ ရှိမည်။သို့ရာတွင် လူတို့သည် ယင်းကဲ့သို့သော အကြောင်းအရာများဖြင့် တရားဓမ္မကို စမ်းသပ်စစ်ဆေးကြည့်ကြသည်။ တရားဓမ္မကို အကဲဖြတ်ကြသည်။

ထိုနေ့က ရာဇဂြိုဟ်မြို့မှ သူဌေးသည် ယင်းကဲ့သို့ မိုက်ရူးသည့် အလုပ်ကို လုပ်ခဲ့သည်။စန္ဒကူးသပိတ်တစ်လုံးကို ပြုလုပ်ပြီးလျှင် ဝါးလုံးရှည်ကို ထောက်လျက် ဝါးလုံးထိပ်ပေါ်တွင် ထိုသပိတ်ကို ဆွဲထားသည်။ ထို့နောက် ထိုနေရာသို့ ရောက်လာသမျှသော ရဟန်းများအား 'အကယ်၍ သင်တို့ ရဟန္တာဖြစ်လျှင် ဝါးလုံးပေါ်တက်ပြီး သပိတ်ကို ယူကြလော့'ဟုပြောလေသည်။ရဟန္တာဖြစ် မဖြစ် စမ်းသပ်နည်းမှာ ဝါးလုံးပေါ် တက်နိုင်သည့် ဘားကျွမ်း အတတ်ပညာလို ဖြစ်နေသည်။ဘားကျွမ်းသမား တစ်ယောက်သည် ဝါးလုံးထိပ်ပေါ်တက်၍ သပိတ်ကို ယူနိုင်လျှင် ထိုဘားကျွမ်းသမားသည် ရဟန္တာ ဖြစ်မည်လော။အကယ်၍ ရဟန္တာများသည် ဝါးလုံးထိပ်ပေါ် တက်သည့် အတတ်ကို မတတ်လျှင် ရဟန္တာ မဟုတ်ရဘူးလော။ဤလူမိုက်လူအ များသည် ဤမျှလောက်ပင် နားမလည်ကြဘူးလော။ဤသူဌေးလည်း မိုက်မဲလှသည်။ကမ္ဘာလောကလည်း မိုက်မဲလှသည်။ငါ၏ တပည့်များစွာလည်း မိုက်မဲလှသည်။ငါ၏ တပည့်များစွာထဲက ပိဏ္ဍောလ ဘာရဒွါဇသည် ထိုသူဌေး၏ အထံသို့ သွား၍ ကျွမ်းဘားသမားကဲ့သို့ ဝါးလုံးထိပ်ပေါ် တက်၍ သပိတ်ကို ယူလေသည်။တရား ဓမ္မ သိက္ခာ များစွာ တက်သွားပြီဟု သူ ယူဆလေသည်။သူ့နောက်မှ ကြီးစွာသော လူအုပ်ကြီး လိုက်လာသည်။ငါ တကယ် ရဟန္တာဖြစ်ပြီဟု ပိဏ္ဍောလက အထင်ရှိလေသည်။

အကယ်၍ ပိဏ္ဍောလ ကဲ့သို့သော မိုက်မဲလှသည့် တပည့်များသည် တရားဓမ္မကို ဤနည်းမျိုးဖြင့် အမွှမ်းတင်ကြမည်ဆိုလျှင် တရားဓမ္မနှင့် တကယ် အစစ်အမှန် စွန့်လွှတ်သူ ပုဂ္ဂိုလ်များနှင့် လောကအကျိုးပြု ပုဂ္ဂိုလ်များ အတွက် နေရာ ရှိတော့မည် မဟုတ်ပေ။တရားဓမ္မ အဖွဲ့အစည်းသည် ဘား



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းသမားများ အစွမ်းပြရာ နေရာ ဖြစ်လာပေတော့မည်။သို့ဖြစ်၍ ရဟန်းသံဃာများကို စုရုံးစေပြီးလျှင် အားလုံး၏ ရှေ့မှောက်၌ ငါသည် ပိဏ္ဍောလအား မာန်မဲ ကြိမ်းမောင်းပြီး စန္ဒကူး သပိတ်ကို အစိတ်စိတ် အပိုင်းပိုင်း ခွဲပစ်နိုင်းလိုက်လေသည်။

မိမိ၏ တရားဓမ္မ အဖွဲ့အစည်းထဲ၌ တင်းကျပ်သည့် စည်းကမ်းဥပဒေများကို သတ်မှတ် ပြဋ္ဌာန်းပြီးလျှင် မိမိ၏ တရားဓမ္မ အဖွဲ့အစည်းကို သန့်ရှင်းစင်ကြယ်အောင် ထားနိုင်လိမ့်မည်ဟု ငါ ထင်ခဲ့သည်။သို့ရာတွင် ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် လုပ်ငန်း မတွင်ခဲ့ပေ။ယမန်နေ့က ဗိမ္ဗိသာရသည် ငါ၏အထံသို့ ရောက်လာပြီး လျှောက်ထားသည်။

'အရှင်ဘုရား၊ကိုယ့်တပည့်တပန်းတွေကို တန်ခိုး မပြရဘူးဟု တားမြစ် ပိတ်ပင်ပါသလော၊အဲဒီလို တားမြစ်ပိတ်ပင်လျှင်တော့ တရားဓမ္မ ဖြန့်ဖြူးသည့် နေရာမှာ အနှောင့်အယှက် ကြီးစွာ ဖြစ်ပေလိမ့်မည်'

ငါ။ ။တန်ခိုးပြာဋိဟာ ပြခြင်းဖြင့် လူ၏ မိုက်မဲခြင်း အကြောင်းကိုပဲ သိရသည်။ တရားဓမ္မ၏ အကြောင်းကို မသိရပေ။

ဗိမ္ဗိသာရ။ ။အရှင်ဘုရား မိန့်တော်မူသည်မှာ မှန်ပါသည်။ သို့သော်လည်း ကမ္ဘာလောက အနေနှင့် ဤအမှန် သဘောတရားကို မသိနားမလည် မချင်းတော့ ကမ္ဘာလောကကို အဲဒီ လမ်းမကပဲ ဆွဲခေါ်ရပေလိမ့်မည်။ အကယ်၍ ကမ္ဘာလောကသည် တန်ခိုးပြာဋိဟာ ပြမှ တရားမှန်ကို သိမည်ဆိုလျှင် အဲဒီ နည်းလမ်းဖြင့်ပင် သူ့ကို တရားမှန် သိစေသင့်ပါသည်။

ငါ။ ။ဘုရင်မင်းကြီး၊တန်ခိုးပြာဋိဟာ ကိုယ်တိုင်က အလွန်တရားမမှန်ကန်သည့်အရာ ဖြစ်သည့်အတွက် ယင်းတန်ခိုးပြာဋိဟာ ဝင်ရောက်လာလျှင် တခြား အမှန်တရားများအတွက် နေရာရှိတော့မည် မဟုတ်။ယင်းကဲ့သို့သော တန်ခိုးပြာဋိဟာကို ဦးညွှတ် အရိုအသေပြုပြီး ငါတို့သည် အမှန်တရားကို ဦးညွှတ် အရိုအသေ ပြုသူများပါကလားဟု မိမိကိုယ်မိမိ အထင်



www.burmeseclassic.com

www.burmeseclassic.com



ရှိသူများသည် မိမိကိုယ်တိုင်လည်း အလိမ်အညာ ခံနေကြရသည်။ ထို့ပြင် ကမ္ဘာလောကကိုလည်း လိမ်ညာ နေကြသူများ ဖြစ်သည်။ တန်ခိုးပြာဋိဟာ ဆိုသည်မှာ အတတ်တစ်ခု ဖြစ်သည်။ လှည့်စားခြင်း ဖြစ်သည်။ မျက်လှည့် ဖြစ်သည်။ တန်ခိုးပြာဋိဟာကို ဘယ်မျက်လှည့်ဆရာမဆို ပြနိုင်သည်။ သို့သော်လည်း မျက်လှည့်ဆရာသည် ရဟန္တာ မဟုတ်ပေ။ ရဟန္တာ ဖြစ်ရန် အတွက် စိတ်နှလုံး ဖြူစင်သန့်ရှင်းဖို့ လိုသည်။ မျက်လှည့် စသည့် တန်ခိုး ပြာဋိဟာများ မလိုပေ။

ဗိမ္ဗိသာရ။ ။အရှင်ဘုရား မိန့်တော်မူသည်မှာ မှန်ပါသည်။ သို့သော်လည်း အရှင်ဘုရား၏ တပည့်များ တန်ခိုးပြာဋိဟာကို မပြဘဲ တခြား ပုဂ္ဂိုလ်များက တန်ခိုးပြာဋိဟာကို ပြလျှင် လူအပေါင်းတို့သည် သူတို့၏ မျက်လှည့် စက်ကွင်းထဲမှာ ဖမ်းမိသွားကြပြီး အရှင်ဘုရား၏ တရားမှန်က မျက်နှာလွှဲသွားကြလိမ့်မည်။

ငါ။ ။လူအပေါင်းတို့ တရားမှန်က မျက်နှာလွှဲ သွားကြလိမ့်မည် ဆိုလျှင် လူအနည်းငယ်မျှသာ တရားမှန်ကို ရရှိကြလိမ့်မည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သို့သော်လည်း လူအပေါင်းတို့ အမှန်တရားထဲ ဝင်ရောက်ပြီး အမှန်တရားကို မမှန်တရား ဖြစ်အောင် ပြုလုပ်လိုက်ကြမည် ဆိုလျှင် အမှန် တရားကို အနည်းငယ်မျှသော လူလည်း ရရှိနိုင်တော့မည် မဟုတ်။ ကျန်လူ အပေါင်းလည်း ရရှိနိုင်တော့မည် မဟုတ်။ ရစရာ အရာဝတ္ထု မရှိသည့်နောက် ရတယ် မရဘူး ဆိုတာ ဘယ်ကလာ ရှိတော့မည်နည်း။

ဗိမ္ဗိသာရ။ ။ လူအပေါင်းတို့အား ဤတန်ခိုးပြာဋိဟာများကို အထင်ကြီးမှု မရှိစေရန် အရှင်ဘုရား တန်ခိုးပြာဋိဟာ တစ်စုံတစ်ရာကို ပြသင့်သည် ထင်ပါသည်။ လူအပေါင်းတို့ အညာအလိမ်းသမားများ၏ စက်ကွင်းထဲမှာ မိမသွားကြစေရန် အရှင်ဘုရား ကိုယ်တိုင် တန်ခိုးပြာဋိဟာ

www.burmeseclassic.com



ငါ။ ။ကောင်းပြီ၊သင်မင်းကြီး ပရိသတ်ကို စုရုံးလော့။ငါဘုရား ယမိုက်(ယမက)တန်ခိုးပြာဋိဟာ ပြမည်ဆိုသည့်အကြောင်းကိုကြေညာလော့။

လူအပေါင်းတို့ စုဝေး ရောက်ရှိလာကြသောခါ ထိုသူအများအား ငါက မေးလိုက်သည်။

'သင်တို့ တခြားပုဂ္ဂိုလ်များ၏ တန်ခိုးပြာဋိဟာကို တွေ့မြင်ဖူးကြပါသလော'

တစ်ယောက်က ဖြေသည်။

'အရှင်ဘုရား တစ်ခါတုန်းက ရဟန္တာတစ်ပါး ဒီအရပ်ကို ရောက်လာပါသည်၊ထိုရဟန္တာသည် မီးအတွင်းက ရေထွက်ပေါ်လာသည့် ဆီမီးကို ထွန်းညှိခဲ့ပါသည်၊ထိုကဲ့သို့ မီးနှင့်ရေ ပေါင်းဆုံခြင်းကို တွေ့ရသည့်အတွက် တပည့်တော်တို့ အံ့ဩခြင်း ဖြစ်ခဲ့ရပါသည်'

ငါ။ ။သင်တို့ ထိုအချက်ကြောင့် သူ့ကို ရဟန္တာဟု ထင်မှတ်ကြသလော။

သူ။ ။ထင်မှတ်ပါသည် ဘုရား။

ငါ။ ။မိုးသားတိမ်လိပ်တွေကြားထဲက လျှပ်စီးလက်ခြင်းသည် ဆီမီးထဲက ရေထွက်ခြင်းထက် သာလွန်သည့် တန်ခိုးပြာဋိဟာ မဟုတ်ဘူးလော။

သူ။ ။ယင်းအချက်မှာ ကောင်းကင်ဘုံက ဘုရားသခင်၏ တန်ခိုးပြာဋိဟာ ဖြစ်ပါသည်။ကောင်းကင်ဘုံက ဘုရားသခင်၏ တန်ခိုးပြာဋိဟာမျိုးကို မိမိလက်ဖြင့် လုပ်ပြနိုင်သည့် လူသည် တန်ခိုးဣဒ္ဓိပါဒ်ရှင် တစ်ဦးဦးတော့ ဖြစ်ရမည်။

ငါ။ ။သင်၏ဖနီးသည် ရေနွေးကို မကျိုတတ်ဘူးလော။

သူ။ ။ကျိုတတ်ပါသည်။

ငါ။ ။ထိုရေနွေးကို သင့်လက်ထဲ လောင်းလိုက်လျှင် သင့်လက် ပူလောင် မသွားပေဘူးလော။

www.burmeseclassic.com

www.burmeseclassic.com



သူ။ ။ပုလောင် သွားပါသည်။

ငါ။ ။ထို ရေနွေးကိုပင် အကယ်၍ မီးပေါ်မှာ လောင်းချလိုက်လျှင် မီး ငြိမ်းမသွားပေဘူးလော။

သူ။ ။ငြိမ်းသွားပါသည်။

ငါ။ ။ကဲ ဘယ်လောက် ကြီးကျယ်သည့် တန်ခိုးပြာဋိဟာနည်း။ အရာဝတ္ထု တစ်ခုတည်းက လောင်အောင်လည်း တတ်နိုင်သည်၊ ငြိမ်းအောင်လည်း တတ်နိုင်သည်။ထိုတန်ခိုးပြာဋိဟာကို သင်၏ ဖနီးက လုပ်ပြနိုင်သည်။ ထိုအကြောင်းကြောင့် သင် ကိုယ့်ဖနီးကို ရဟန္တာဟု အမှတ်ပြုမည်လော။

အားလုံးက ရယ်ကြသည်။

ငါ။ ။ဘာကြောင့် ရယ်ကြသနည်း။သင့် ဖနီးလည်း ကောင်းကင်ဘုံ ဘုရားသခင်၏တန်ခိုးပြာဋိဟာမျိုးကို မိမိလက်ဖြင့် လုပ်ပြတတ်ပေသည်။ သင်၏ စည်းကမ်းသတ်မှတ်ချက်အရ သူ ဘာကြောင့် ရဟန္တာမဖြစ်သနည်း။

သူ။ ။ရေနွေးကို ကျိုတတ်ကာမျှဖြင့် ရဟန္တာ ဖြစ်နိုင်ပါမည်လော။ရေနွေးကျိုခြင်းမှာ သာမန် အကြောင်းအရာမျှသာ ဖြစ်ပါသည်။

ငါ။ ။ယင်းသို့ဖြစ်လျှင် မီးထဲက ရေထွက်အောင် လုပ်ပြသည့် ပုဂ္ဂိုလ်လည်း ဘယ်လိုလုပ် ရဟန္တာ ဖြစ်နိုင်ပါမည်နည်း။သင် ရေတံခွန်စီးထွက်နေခြင်းကို တွေ့ဖူးသည် မဟုတ်လော။အကယ်၍ ရေတံခွန်လို ပြွန်ငယ်ငယ်၏ ပတ်ပတ်လည်မှာ ဆီမီး ထွန်းညှိပြီး ဆီ အများအပြား ထည့်ထားလျှင် မီးအလယ်မှာ ရှိသည့် ပြွန်ထဲမှလည်း ရေလာနေပေလိမ့်မည်။အဲဒါဘာ အံ့ဩစရာ ရှိသနည်း။

သူ။ ။တပည့်တော်များ မသိ နားမလည်ပါ။သို့အတွက်ကြောင့် အံ့ဩခြင်း ဖြစ်ရပါသည်။

ငါ။ ။သင်တို့ ကမ္ဘာလောက တစ်ခုလုံးက အကြောင်းအရာများကို မသိ နားမလည်နိုင်ဘူး ဆိုသည်မှာ မှန်ပါသည်။သို့သော်လည်း ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ တစ်ခုထက်တစ်ခု သာလွန်နေသည့် အံ့ဩစရာများ အပြည့်ရှိနေသည် ဆိုတာလောက်တော့ သင်တို့ သိရှိ နားလည်နိုင်သည်။ဘယ်လိုအလုပ်ကိစ္စမျိုးမှ သဘာဝ၏ စည်းကမ်းကို ချိုးဖောက်ပြီး မဖြစ်နိုင်ပေ။ အကယ်၍ တစ်စုံတစ်ယောက်က တန်ခိုးပြာဋိဟာကို ပြတယ် ဆိုလို့ရှိလျှင် ထိုပုဂ္ဂိုလ်ကို ကျွမ်းကျင်သည့် မျက်လှည့်ဆရာလို့ပဲ ခေါ်ရလိမ့်မည်။ရဟန္တာဟု ခေါ်ရမှာ မဟုတ်ပေ။ရုပ်နှင့် ပတ်သက်သည့် တန်ခိုးပြာဋိဟာကို ပြခြင်းအားဖြင့် ဘယ်သူမှ ရဟန္တာ မဖြစ်နိုင်ပေ။ရဟန္တာ၏ တန်ခိုးပြာဋိဟာ ဆိုသည်မှာ စိတ်နှင့်ပတ်သက်သည့် တန်ခိုးပြာဋိဟာသာလျှင် ဖြစ်ပေသည်။

သူ။ ။စိတ်နှင့်ပတ်သက်သည့် တန်ခိုးပြာဋိဟာ ဆိုသည်မှာ ဘယ်လိုအရာ ဖြစ်ပါသနည်း။

ငါ။ ။ရေနှင့်မီး အတူထားခြင်းကို တန်ခိုးပြာဋိဟာဟု သင်ပြောဆိုသကဲ့သို့ ထိုနည်းအတိုင်း ရန်သူနှင့်မိတ်ဆွေ နှစ်မျိုးကို အတူထားနိုင်ခြင်း၊ တစ်သဘောတည်း ထားနိုင်ခြင်းသည်လည်း တန်ခိုးပြာဋိဟာ ဖြစ်သည်။ သင့်ကို မကောင်းပြုသည့်လူနှင့် သင့်ကို အကောင်းပြုသည့်လူ နှစ်မျိုးပေါ်မှာ သင် တစ်သဘောတည်း ထားနိုင်မည်လော။

သူ။ ။မထားနိုင်ပါ။

ငါ။ ။မီးထဲက ရေကို ထုတ်ပြသည့် လူသည် ထိုသဘောမျိုးကို ထားနိုင်ပါမည်လော။

သူ။ ။မထားနိုင်ပါ။သူ့ကို လူတစ်ယောက်က သင် အတွင်းမှာ ရေဆောင်ထားသည်။ထို့ကြောင့်သာ ရေကို ထုတ်နိုင်ခြင်း ဖြစ်သည်ဟု ပြောတော့ အဲဒီလူကို သူ စိတ်ဆိုးသွားပြီး 'သွား ဒီလူ အလကား ဒိဋ္ဌိ'လို့ ဆိုပြီး နှင်ပစ်လိုက်သည်။အရှင်ဘုရား ပြောသလို တူညီမျှတသည့် စိတ်သဘောမျိုးကို မထားနိုင်ပါ။

ငါ။ ။ကဲ မီးနှင့်ရေကို တစ်နေရာတည်းမှာ ထားခြင်းသည် လွယ်



www.burmeseclassic.com

www.burmeseclassic.com



ကူသော်လည်း ရန်သူနှင့်မိတ်ဆွေကို စိတ်ထဲမှာ အတူထားဖို့၊ ညီတူညီမျှ ဆက်ဆံဖို့ မလွယ်ဘူးဆိုတာ သင်တို့ သိရှိနားလည် သွားပြီ။ရန်သူနှင့် မိတ်ဆွေအပေါ်၌ တစ်သဘောတည်း ထားခြင်းသာလျှင် ယမိုက်(အစုံ) ပြာဋိဟာ ဖြစ်သည်။ထိုယမိုက် ပြာဋိဟာကို ပြနိုင်သည့် ပုဂ္ဂိုလ်သည်သာလျှင် ရဟန္တာဖြစ်သည်။သင်တို့သည် မျက်လှည့်ဆရာတို့ကို မကိုးကွယ် မဆည်းကပ်မိဖို့ အရေးကြီးသည်။အကြင် ပုဂ္ဂိုလ်သည် အားလုံးအပေါ်၌ တစ်သဘောတည်း ထား၏၊။ရန်သူ မိတ်ဆွေ၊နိမ့်သူ မြင့်သူ၊ဆင်းရဲ ချမ်းသာ စသော အားလုံး၏ ကောင်းစားရေးကို အလိုရှိ၏။ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည်သာလျှင် ရဟန္တာစစ် ရဟန္တာမှန် ဖြစ်ကြသည်။ထိုကဲ့သို့သော ပုဂ္ဂိုလ်များကိုသာလျှင် သင်တို့ ကိုးကွယ်ဆည်းကပ် သင့်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ရန်လိုသော ရဟန်း နှင့် လိမ္မာသော တကာ

ကမ္ဘာလောကၵ္ဘ အပြစ်ဒဏ်ပေးခြင်းသည် ထာဝစဉ် လိုအပ်နေလိမ့်မည်ဟု ထင်သည်။ ဤသံဃာ့အဖွဲ့အစည်းထဲ ရောက်လာပြီး ငါ၏ အဆုံးအမ ဥပဒေသတို့ကို အစဉ်မပြတ် ကြားနာရသော်လည်း များစွာသော ရဟန်းတို့မှာ ဒေါသနှင့် မာန်မာန ကြီးလွန်းလှသဖြင့် ဝိနည်း ကျင့်ဝတ် ဆိုသည်တို့ကို မေ့ လျက် ငါ၏ ရှေ့မှောက်၌ပင် နှုတ်လှန်ထိုးကြသည်။အချို့ရဟန်းများမှာ အကယ်၍ သူတို့အား မကောင်းမှု တစ်ခုခုမှ တားမြစ်ပိတ်ပင်လျှင် သူတို့သည် ယင်းမကောင်းမှုကို မတားမြစ် မပိတ်ပင်မီကပင် မကောင်းမှုဟု သိရှိသော်လည်း ယင်း မကောင်းမှုကိုသာလျှင် ထောက်ခံအားပေးကြသည်။ သူတို့သည် မသိနားမလည်သော်လည်း 'သိပါပြီ၊နားလည်ပါပြီ' ဟု ပြောလျက် ထိုအချက်ကို လွှဲဖယ် ပစ်ကြလေသည်။ထိုနောက် အမှားပြုပြီးသောအခါ၌ 'တပည့်တော်တို့ သိမှ မသိဘဲ' ဟု ပြောကြသည်။ရှင်းလင်းပြောပြ ဆိုဆုံးမသည့် အခါ၌မူ နားမထောင်ဘဲ 'သိပါပြီ၊နားလည်ပါပြီ' ဟုပြောလျက် ရှောင်ဖယ် ထွက်သွားချင်ကြသည်။

ရှင်းလင်းပြောပြ ဆိုဆုံးမခြင်း ခံရမှုကို ဂုဏ်ငယ်သည်ဟု ထင်မှတ်ကြသည်။ရှင်းလင်းပြောပြ ဆိုဆုံးမမှု ရပ်လိုက်သည့် အခါ၌မူ စိတ်ထင်ထိုင်း



www.burmeseclassic.com

www.burmeseclassic.com



အမှားကို ပြုလုပ်၍ 'တပည့်တော်တို့ သိမှ မသိဘဲ' ဟု ပြောကြသည်။ တစ်ခါတစ်ရံတွင် စကားလုံးဖြင့် ရိုသေမှုကို ပြကြသော်လည်း အသံဖြင့်မှု ကြီးစွာသော မရိုသေမှုကို ပြုကြသည်။

စိတ်ထဲရှိသမျှကို ပွင့်လင်းစွာ ဖွင့်မပြကြပေ။တစ်စုံတစ်ယောက်၏ ရှေ့မှောက်၌ မိမိ၏ စိတ်ထဲရှိသမျှကို ပွင့်လင်းစွာ ဖွင့်မပြနိုင်သူတစ်ဦးက တစ်စုံတစ်ဦးအား ပြုပြင်စေလိုသည်မှာ မဖြစ်နိုင်ပေ။ထိုသူသည် မြင့်မြတ်စင်ကြယ်သည့်စိတ် ရှိသူလည်း မဖြစ်နိုင်ပေ။ယုံကြည် စိတ်ချထိုက်သူလည်း မဖြစ်နိုင်ပေ။ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည် ဘယ်လောက်ပင် စကားကြွယ်သော်လည်း အပြီးသတ်တွင် လူ့လောက၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရတတ်လေသည်။

ယနေ့ ကောသမ္ဗီမှ ဒေါသကြီးသော ရဟန်းများ ရောက်လာကြသည်။ထိုနေ့က ငါက သူတို့အား ရှင်းလင်း ပြောပြ ဆိုဆုံးမသော်လည်း သူတို့သည် နားမထောင်ကြ။ဘာမဟုတ်သည့် အကြောင်းကလေးတစ်ခုဖြင့် သူတို့သည် သံဃာ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို ထိခိုက် နစ်နာအောင် ပြုလုပ်ကြသည်။

ရဟန်းတစ်ပါးသည် ကိုယ်လက် သုတ်သင်ရန် သွားသည့်အခါ ရေခွက်ထဲ၌ ရေကျန်ကို ချန်ထားပြီး ပြန်လာခဲ့သည်။အခြား ရဟန်းတစ်ပါးက ယင်းကဲ့သို့ ရေချန်ထားခြင်းမှာ မသင့်လျော်ဟု ပြောပြသည်။ အကြောင်းအရာမှာ ဘာမျှ ဖြစ်လောက်သည့်အရာ မဟုတ်။ရိုးရိုးကလေးပင် ဖြစ်သည်။ ယင်း မှားယွင်းချက်ကို ဝန်ခံလိုက်ရုံသာလျှင် ဖြစ်သည်။သို့ရာတွင် ထိုကဲ့သို့ မဟုတ်ပေ။ထိုအချက်ကို ရေးကြီးခွင်ကျယ်လုပ်၍ အငြင်းပွားလေတော့သည်။ကမ္ဘာလောကသည် တစ်ဒင်္ဂ တစ်ခဏမျှသာ ခံသည်။ဤကမ္ဘာလော ကတွင် သန့်ရှင်းစင်ကြယ်သည့်အရာ ဆိုသည်မှာ မည်သည့်အရာ ဖြစ်သည်၊ မသန့်ရှင်း မစင်ကြယ်သည့်အရာ ဆိုသည်မှာ မည်သည့်အရာ ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ကရားယောနေလေတော့သည်။လူ့ဘဝ၌ အသိဉာဏ်နှင့် အတွေး အခေါ်သည် ပေါင်းစပ်ရ၏ဟု ယင်း 'အလွန်'ဝါဒီ၊ တစ်ဖက်စွန်း ဝါဒီများ သည် မသိ နားမလည်ကြပေ။ယင်း မသိ နားမလည်မှု၏ အကျိုးတရား အဖြစ်ဖြင့် ထိုရဟန်းများ၏ အတွင်း၌ အုပ်စုဖွဲ့မိ သွားကြပြီးလျှင် အုပ်စုနှစ်ခု အချင်းချင်း ခိုက်ရန်ဒေါသ များစွာ ဖြစ်ကြကုန်တော့သည်။

ငါ၏ အထံသို့ သတင်းရောက်လာသောအခါ ငါသည် ရှင်းလင်း ပြောပြ ဆိုဆုံးမရန် သွားခဲ့လေသည်။သို့ရာတွင် သူတို့က ပြောပြသည်။

'အရှင်ဘုရားသည် တရားရှင်ဖြစ်လျှင် အေးအေးဆေးဆေးသာ နေ တော်မူပါ၊တပည့်တော်များ အကြားတွင် ဝင်မလာပါနှင့်၊တပည့်တော်တို့ ကိုယ့်ဟာကိုယ် ဖြေရှင်းပါမည်'

သူတို့၏ ယင်းကဲ့သို့သော မာန်မာန တက်ကြွနေမှုကို တွေ့ရ၍ ငါသည် တအံ့တသြ ဖြစ်မိသည်။သို့သော်လည်း ကမ္ဘာလောက၏ အခြေ အနေကို စဉ်းစားဆင်ခြင်၍ ငါသည် ကိုယ့်စိတ်ကို ကိုယ် ဖြေရလေသည်။

သူတို့ကို ရှင်းလင်းပြောပြ ဆိုဆုံးမခြင်းသည် အချည်းနှီး အလ ဟဿပင် ဖြစ်သည်။များစွာသော သတ္တဝါတို့သည် အထိခိုက် အနစ်နာ ခံရပြီးမှသာလျှင် အမှန်သို့ ရောက်ရှိလာတတ်သည်။ထိုအဆင့်သို့ မရောက်ခင် ၎င်းတို့အား ရှင်းလင်း ပြောပြသော်လည်း သဘောမပေါက်ကြပေ။ သဘော ပေါက်သည့် အခြေအနေသို့ ရောက်မလာမချင်း ရှင်းလင်းပြောပြ ဆိုဆုံးမနေ ၍ အရာမထင် အချည်းနှီး အလဟဿပင် ဖြစ်သည်။ထို့ပြင်သာမက ထိုကဲ့ သို့သော ပုဂ္ဂိုလ်များအား ရှင်းလင်းပြောပြ ဆိုဆုံးမခြင်းအားဖြင့် သူတို့၏ ကျွဲပါးစောင်းတီး သဘောသည် ပို၍ပင် တိုးပွားလာတတ်သည်။သို့ဖြစ်၍ ငါသည် ထိုရဟန်းများအား ရှင်းလင်းပြောပြ ဆိုဆုံးမခြင်း မပြုလုပ်တော့ ပေ။ထို့ပြင်သာမက ငါသည် သူတို့ကို ရန်ပွဲတန်းလန်းနှင့် ထားပစ်ခဲ့လျက် ကောသမ္ဗီမှ ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါ ထွက်လာသည့်အခါ ကောသမ္ဗီမှ ဥပါသကာများသည် များစွာ စိတ်ထိခိုက်သွားကြသည်။သူတို့သည် ရဟန်းများ၏ အထံသို့ အသွားအလာ ဖြတ်ပစ်လိုက်ကြသည်။ရဟန်းများနှင့် တွေ့ဆုံခြင်း၊ရဟန်းများအား ဆွမ်း ကွမ်း ပေးကမ်း လှူဒါန်းခြင်းများကိုလည်း မပြုလုပ်ကြတော့ပေ။ထိုအခါကျမှ ရဟန်းများ သတိတရား ရရှိလာကြသည်။မိမိ၏ အပြစ်ကို ဖြေဖျောက်ရန် အတွက် သူတို့သည် ကောသမ္ဗီမှ သာဝတ္ထိအထိ ငါ၏ အထံသို့ ပြေးလာကြ လေသည်။

ငါ တွေးတော စဉ်းစားမိသည်။လူ့ဘောင်ကို စွန့်ခွာလာခဲ့ကြသည့် ဤရဟန်းများ အတွက်ပင်လျှင် လမ်းမှန်ရောက်အောင် ဤမျှလောက် တင်း ကျပ်မှု လိုနေလျှင် သာမန်ပုဂ္ဂိုလ်များ အတွက်မူ အဘယ် ဆိုဖွယ်ရာ ရှိတော့ မည်နည်း။ထို့ကြောင့် ညွှန်ကြားပြသ ဆိုဆုံးမခြင်းနှင့် အပြစ်ဒဏ်ပေးခြင်း နှစ်မျိုးလုံး လိုအပ်၏ဟု ပြောရခြင်း ဖြစ်လေသည်။

သို့ရာတွင် အပြစ်ဒဏ်ပေးခြင်းသည် တိရစ္ဆာန်ဘဝ၏ အမှတ် လက္ခဏာ ဖြစ်သည်။လူနှင့် တိရစ္ဆာန်၏ အဓိက ထူးခြားချက်မှာ လူသည် အဆိုးကို ကိုယ်တိုင်သော်လည်း သိရှိနားလည်လေသည်။သို့မဟုတ် အရိပ်ပြရုံ မျှဖြင့်လည်း သိရှိနားလည်လေသည်။ထိုနောက် ယင်းအဆိုးကို ဖယ်ရှားပစ် လေသည်။တိရစ္ဆာန်မှာမူ အဆိုးကို မသိနားမလည်။သို့သော် အဆိုးကို မဖယ် ရှားဘဲ နေ၍ မဖြစ်သဖြင့် ဖယ်ရှားပစ်ရလေသည်။ကောသမ္ဗီမှ ရဟန်းများ၏ နောင်တမှာ ထိုသဘောအတိုင်း ဖြစ်လေသည်။

ယခုအခါတွင် သူတို့သည် နောင်တများစွာ ရနေသော်လည်း ယင်း နောင်တရမှု၏ အကျိုးတရားမှန်ကို ရရှိကြတော့မည် မဟုတ်ပေ။ ယခင် အခါကမူ အနည်းငယ်သော နောင်တရမှုဖြင့်ပင် အကျိုးများစွာ ရရှိနိုင်ကြပေ သည်။ငါ၏ ချစ်ခင်ကြင်နာမှုနှင့် ပြည်သူလူထု၏ အကြည်ညို ပွားမှုများကို ရရှိနိုင်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှလုံးကို မစောင့်စည်း မထိန်းချုပ်နိုင်မှုသည် နောင်ဘဝတွင်သာ မဟုတ်ဘဲ ယခုဘဝ၌လည်း အကျိုးတရားကို ပေး၏ ဟူသော အချက်မှာ ယုံမှားသံသယ ဖြစ်ဖွယ်ရာ မရှိတော့ပေ။

ယင်း အဖြစ်အပျက်ကြောင့် အကြောင်းအရာတစ်ခု သိရှိရသည်မှာ လည်း အကယ်၍ ဒါယကာများက အသိဉာဏ်ပညာ ရှိနေကြပါလျှင် ရဟန်း သံဃာများ အတွင်း၌ ဖောက်ဖောက်ပြန်ပြန် ဖြစ်လာဖို့ရာ မလွယ်ကူပေ။ ဒါယကာများ အနေဖြင့် ကောသမ္ဗီမှ ဒါယကာများကဲ့သို့ အသိဉာဏ်ပညာနှင့် ပြည့်စုံနေသရွေ့ ငါ၏ သံဃာ့အဖွဲ့အစည်းသည် မှန်ကန်ကောင်းမွန်သော သံဃာ့အဖွဲ့အစည်းသာလျှင် ဖြစ်နေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## သေနေသော လင်မယား

ယနေ့ လင်မယားအချို့ ငါ့ထံ ရောက်လာကြသည်။သူတို့သည် ငါ့အား ရှိခိုး ဦးတင်လျက် တစ်စုံတစ်ခု လျှောက်ထား ပြောပြဖို့ရန် ဟန်ပြင်ကြသည်။ ထိုအခါ ငါက မေးလိုက်သည်။'သင်တို့ ဘယ်အမျိုးအနွယ်ထဲက လင်မယား ဖြစ်ကြသနည်း'

ရင်းတို့အနက် အချို့က 'တပည့်တော်တို့ ဗြာဟ္မဏမျိုးနွယ် ဖြစ်ကြပါသည်'ဟု ပြောပြကြသည်။အချို့က 'တပည့်တော်တို့ ခတ္တိယမျိုးနွယ် ဖြစ်ကြပါသည်'ဟု ပြောပြကြသည်။အချို့က'တပည့်တော် ဝေဿအမျိုးနွယ် ဖြစ်ကြပါသည်'ဟု ပြောပြကြသည်။အချို့က'တပည့်တော်တို့ သုဒ္ဒ အမျိုးအနွယ် ဖြစ်ကြပါသည်'ဟု ပြောပြကြသည်။

ငါက ပြောပြသည်။

'ယင်း အမျိုးဇာတ် ကွဲပြား ခြားနားမှုများမှာ လူ၏ ကွဲပြားခြားနားမှု မဟုတ်၊အသက်မွေးဝမ်းကျောင်းမှု၏ ကွဲပြားခြားနားမှုများ ဖြစ်သည်၊ယင်း ကွဲပြားခြားနားမှုများဖြင့် တစ်စုံတစ်ယောက်၏ ကောင်းခြင်း ဆိုးခြင်း၊ သို့မဟုတ် တော်ခြင်း မတော်ခြင်းကို မသိရပေ၊လင်မယားနှင့် ပတ်သက်ပြီး"သေနေသော လင်မယား"ဟူသည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သနည်း၊လင်သေနေသော လင်မယားဟူသည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး

www.burmeseclassic.com



ဖြစ်သနည်း၊မယားသေနေသော လင်မယားဟူသည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်သနည်း၊ရှင်နေသော လင်မယားဟူသည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်သနည်း ဟူသော အချက်ကို သတိထားထိုက်ပေသည်'

သူတို့။ ။ယင်း ကွဲပြားခြားနားမှုများ၏ အနက်အဓိပ္ပာယ်မှာ ဘယ်လိုပါနည်း။

ငါ။ ။လင်နှင့်မယား နှစ်ဦးစလုံး အကျင့်စာရိတ္တ ဖောက်ပြန်လျှင်၊ ထိန်းချုပ်မှု ကင်းလျှင်၊ရန်တကျက်ကျက် ဖြစ်ချင်နေလျှင်၊ပျင်းရိလျှင် ထိုလင်မယားမျိုးသည် သေနေသော လင်မယား မည်ပေသည်။လင်မယား နှစ်ဦး ရှိသည့်အနက်က လင်က အကျင့်စာရိတ္တ ဖောက်ပြန်မှု စသည်ရှိပြီး မယားက အကျင့်စာရိတ္တ ကောင်းမွန်လျှင်၊ တည်ငြိမ် ဣန္ဒြေရလျှင်၊ လုံ့လဥဿာဟရှိလျှင် ထိုမယားမျိုးသည် လင်သေနေသော လင်မယား မည်ပေသည်။ အကြောင်းမှုကား ယင်းလင်မယားမျိုး၌ လင်မှာ အသက်သေနေပြီး မယားက အသက်ရှင်နေသည်နှင့် တူသောကြောင့် ဖြစ်ပေသည်။လင်မယား နှစ်ဦး ရှိသည့် အနက်က မယားက အကျင့်စာရိတ္တ ပျက်ပြားမှု စသည်ရှိပြီး လင်က အကျင့်စာရိတ္တ ကောင်းမွန်နေလျှင် ထိုလင်မယားသည် မယား သေနေသော လင်မယား မည်ပေသည်။လင်နှင့်မယား နှစ်ဦးစလုံး အကျင့်စာရိတ္တ ကောင်းမွန်လျှင်၊လုံ့လဥဿာဟရှိလျှင် ထိုလင်မယားမျိုးသည် ရှင်နေသော လင်မယား မည်ပေသည်။

သူတို့။ ။အရှင်ဘုရား၊ထိုသို့ဖြစ်လျှင် တပည့်တော်တို့သည် သေနေသော လင်မယားများ ဖြစ်ကြပါသည်။တပည့်တော်တို့ ရှင်နေသော လင်မယားများ ဖြစ်အောင် ဆုမွန်ပေးတော်မူပါ။

ငါ။ ။ဆုမွန်ကိုမူ ငါပေးသည်။သို့သော်လည်း ဆုမွန် ပေးရုံဖြင့် အသေသည် အရှင် ဖြစ်နိုင်ပါမည်လော။ရှင်ခြင်းမှာမူ မိမိအကျိုးနှင့် သူတစ်ပါးအကျိုး ပေါင်းစပ် ရောနှောခြင်းအားဖြင့် ဖြစ်လာနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဘယ်သူ ကြီးသနည်း

ဤမြို့သို့ လာရောက်ရန် ပင့်ဖိတ်သော ဗြာဟ္မဏ၏ မျက်နှာကိုမျှပင် မတွေ့ရပေ။ဆွမ်း ကွမ်း အခက်အခဲ ရှိနေသည်ဖြစ်၍ ရဟန်းသံဃာတို့၏ အခြေအနေမှာ အတော်ပင် ဆိုးနေသည်။ဤမြို့၌ ရဟန်းများအား မည်သူကမျှ ဆွမ်း မပေးလှူကြ။ရဟန်းများသည် မြင်းဇောင်းသို့ သွားပြီး မြင်းစားပဲများကို ယူလာကြပြီးလျှင် ကြိတ်ဆုံတွင် ကြိတ်၍ စားကြသည်။ ငါ့အတွက်လည်း အာနန္ဒာသည် မြင်းစားပဲ အနည်းငယ်ကို ကြိတ်၍ ပေးလေသည်။ ငါသည် တင်းတိမ်ရောင့်ရဲသည်။ထိုရဟန်းများလည်း မတင်းတိမ် မရောင့်ရဲကြဟူသည်ကား မဟုတ်ပေ။

ယင်းဒုက္ခသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖြစ်လာရခြင်း ဖြစ်သော်ငြားလည်း ယင်းဒုက္ခ၏ အကျိုးကျေးဇူးမှာ အကောင်း ဖြစ်နေသည်။ ရဟန်းများအတွက် တကယ့်တကယ် စစ်ဆေးစမ်းသပ်မှု ဖြစ်နေသည်။ ဤကဲ့သို့သော အခွင့်အခါမျိုး၌ သံဃာ့အဖွဲ့အစည်းထဲတွင် ဆက်လက်တည်မြဲနေသည့် ရဟန်းများသည်သာလျှင် မိမိအတွက် လည်းကောင်း၊ ကမ္ဘာလောကအတွက် လည်းကောင်း ကောင်းကျိုးကို ပြုလုပ်ဆောင်ရွက်နိုင်ပေလိမ့်မည်။ဒုက္ခသည်သာလျှင် လူ့မှန်ကန်မှု၏ မှတ်ကျောက် ဖြစ်လေသည်။နောင်သောအခါတွင်မူ ထိုရဟန်းများအတွက် ဘုရင်မင်းတို့ထက်ပင် ပို၍ ဆွမ်း ကွမ်း အာဟာရ ရသည့် အချိန်ကာလမျိုး ရောက်ရှိချင်ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာပေလိမ့်မည်။ထိုအချိန်မျိုး၌မူ ထိုရဟန်းများသည် အသုံးမဝင်သော ယောကျ်ားများ ဖြစ်သွားကြပေလိမ့်မည်။ယနေ့ မြင်းစားပဲကို ကြိတ်၍ စားနေကြရသော ရဟန်းများသည်သာလျှင် သံဃာ့အဖွဲ့အစည်း၏ အမြစ်ရင်းကို နက်ရှိုင်းလှသော နေရာသို့အထိ ရောက်အောင် ပြုလုပ်နေကြခြင်း ဖြစ်လေသည်။ ထိုရဟန်းများ၏ ဂုဏ်ရောင်သည် ပျက်စီး ကွယ်ပျောက်တော့မည် မဟုတ်ပေ။

ကျေနပ်အားရဖွယ် ကောင်းသည်မှာ ယင်းဒုက္ခကြောင့် ရဟန်းများသည် စိတ်ပျက်အားလျော့ခြင်း မဖြစ်ကြ။အကယ်၍ ဆင်းရဲဒုက္ခကြောင့် စိတ်ပျက်အားလျော့ခြင်း ဖြစ်လျှင် သူတို့သည် ရဟန်း ဘယ် မည်တော့ မည်နည်း။ လူ့အကျိုးဆောင် ဘယ် မည်တော့မည်နည်း။ ယင်းမှတ်ကျောက်ကို လူ့အကျိုးဆောင် ပုဂ္ဂိုလ်တိုင်း ဖြတ်သန်းကျော်လွှား သွားရပေသည်။ ကမ္ဘာလောကသည် အမှန်တရားကို တော်တော်နှင့် နားလည် သဘောမပေါက်ပေ။ယေဘုယျအားဖြင့်မူ ကမ္ဘာလောကသည် စစ်မှန်သော လူ့အကျိုးဆောင်ပုဂ္ဂိုလ်ကို သေပြီးသည့် နောက်ပိုင်းကျမှသာလျှင် ကောင်းမွန်စွာ နားလည် သဘောပေါက်လေသည်။ ကမ္ဘာလောက၏ တရားသေ အတိုင်းအထွာတစ်ခု ရှိသော်လည်း တော်လှန်ရေးသမားကမူ ထိုအတိုင်းအထွာကို ပြောင်းလဲပစ်ရန် ကြိုးစားသည်။ အစ ပထမ၌ ကမ္ဘာလောကသည် ယင်းကြိုးစားမှုကို အောင်မြင် ထမြောက်လိမ့်မည်ဟု မတွေးပေ။အချိန် ကြာသွားသည့် အခါ၌မူ ကမ္ဘာလောကသည် တော်လှန်ရေးသမား၏ အတိုင်းအထွာကို လက်ခံလျက် ထိုတော်လှန်ရေးသမားအား အသက်ရှင်သေးသည် ဖြစ်စေ၊ ကွယ်လွန် သေဆုံးသွားသည်ဖြစ်စေ ပူဇော်လေတော့သည်။ငါ၏ သံဃာ့အဖွဲ့အစည်း၏ အခြေအနေသည်လည်း ဤနည်းအတိုင်း ဖြစ်သည်။ ယခု ငါ၏ သံဃာ့အဖွဲ့အစည်းသည် ကမ္ဘာလောက၏ အတိုင်းအထွာ၌ အောင်မြင် ထမြောက်သည်ဟု အထင် မခံရသေးပေ။အကြင်ပုဂ္ဂိုလ်တို့သည် ယခုအချိန်၌



www.burmeseclassic.com

www.burmeseclassic.com



ကြဲ့ကြဲ့ခံနေကြ၏။ထိုပုဂ္ဂိုလ်တို့၏ ကြိုးပမ်းမှု အရသာလျှင် အနာဂတ် ကမ္ဘာလောကသည် အမြိုက်သီးကို စားသုံးရပေလိမ့်မည်။

*

ယမန်နေ့က စိတ်သောကသည် ယနေ့ အေးငြိမ်းသွားပြီ။ထိုဝေရဋ္ဌက ဗြာဟ္မဏသည် ယနေ့ ရောက်လာသည်။ ရောက်လာသည်နှင့် တစ်ပြိုင်နက် သူက အပြစ်ပြောလေသည်။

'ဤမြို့တွင် ရှိကြသော အသက်အရွယ်ကြီးသည့် ပညာတတ် ဗြာဟ္မဏများ အရှင်ဘုရားထံ ရောက်လာသည့်အခါ သူတို့ကို အရှင်ဘုရား ဘာကြောင့် အရိုအသေ မပြုသနည်း။ဘာကြောင့် ထ မပေးသနည်း'

သူ၏ ဝေဖန်ချက်ကို ကြားသိရသောအခါ ငါ စဉ်းစားမိသည်။သည့်အတွက်ကြောင့် ဝေရဋ္ဌ ငါ၏ ရဟန်းသံဃာများအား ဆန့်ကျင်ကြခြင်း ဖြစ်ပေလိမ့်မည်။သည့်အတွက်ကြောင့်သာလျှင် ငါ၏ ရဟန်းသံဃာများ ဆွမ်း ကွမ်း မရရှိကြခြင်း ဖြစ်ပေလိမ့်မည်။ဗြာဟ္မဏတို့၏ ဂုဏ်သိက္ခာကို ထိခိုက်သည်ဟု ယူဆပြီး သူပင် လူအပေါင်းကို ငါ၏ သံဃာ့အဖွဲ့အစည်း ပေါ်မှာ လျစ်လျူရှုကြရန် လှုံ့ဆော်ထားခြင်း ဖြစ်ပေလိမ့်မည်။

စိတ်တွင်းက အတွေးကို ထိန်းချုပ်ထားလိုက်ပြီးလျှင် ငါသည် ထို ဗြာဟ္မဏအား မေးလိုက်လေသည်။

'သင် ငါ့အား ဘာကြောင့် အရိုအသေ အပြုခိုင်းသနည်း'

'ဗြာဟ္မဏများက အရှင်ဘုရားထက် ကြီးကြသည့် အတွက်ကြောင့် ဖြစ်ပါသည်'

'ဘယ်လို အရာမှာ ကြီးပါသနည်း'

'အခြား အချက်များနှင့် ပတ်သက်ပြီး ကြီးသည် ဖြစ်စေ၊ ငယ်သည် ဖြစ်စေ အသက်အရွယ်အားဖြင့်မူ ဗြာဟ္မဏများက အရှင်ဘုရားထက် ကြီးကြပါသည်'



www.burmeseclassic.com

www.burmeseclassic.com



'နားထောင်၊ကြက်မတစ်ကောင်မှာ ကြက်ဥတွေ အများကြီး ရှိကြသည်။ထိုကြက်ဥများအနက် ဥတစ်ဥက ပထမ ကွဲအက်ပြီး ကြက် အကောင်ကလေး အပြင် ထွက်လာလျှင် ထိုကြက်ကလေးကို အခြား ကြက်ဥများမှ ကြက်ကလေးထက် ကြီးသည်ဟု မှတ်ရမည်လော။ သို့မဟုတ် ငယ်သည်ဟု မှတ်ရမည်လော'

'ကြီးသည်ဟု မှတ်ရပါလိမ့်မည်'

'ကောင်းပြီ၊ အဝိဇ္ဇာ အနှောင်အဖွဲ့ထဲမှာ ဖမ်းမိနေကြသည့် ပုဂ္ဂိုလ်များထက် အဝိဇ္ဇာ ဥခွံကို ခွဲပြီး အပြင် ထွက်လာသည့် ပုဂ္ဂိုလ်က ကြီးသည် မဟုတ်လော။ ဗြာဟ္မဏ၊ ငါ သူတို့ကို ဘာကြောင့် အရိုအသေ မပြုသနည်း ဆိုသည့် အချက်ကို သင် အခု သဘောပေါက်ပြီ မဟုတ်လော'

'သဘောပေါက်ပါပြီ အရှင်ဘုရား။ တပည့်တော်ကို ခွင့်လွှတ်တော်မူပါ။ရဟန်း သံဃာများနှင့်တကွ အရှင်ဘုရားကို တပည့်တော်ထံ ပင့်ဖိတ်ပါသည်။ လက်ခံတော်မူပါ'

ငါသည် သူ၏ ပင့်ဖိတ်ခေါ်ချက်ကို လက်ခံလိုက်သည်။ဗြာဟ္မဏ ထွက်သွားလေသည်။ကမ္ဘာလောကၔ ယနေ့ အချို့နေရာတွင် ဥစ္စာဓနကို ပူဇော်နေကြသည်။အချို့နေရာ၌ အမျိုးဇာတ်ကို ပူဇော်နေကြသည်။ အချို့နေရာ၌ အခွင့်အာဏာနှင့် တိရစ္ဆာန်ဆန်သည့် ခွန်အားကို ပူဇော်နေကြသည်။ အမှန်တရားနှင့် ထိန်းချုပ် စောင့်စည်းခြင်းကိုမူ မပူဇော်ကြပေ။ကမ္ဘာလောကသည် မာန်မာန ရှိနေသည်ဖြစ်၍ လည်းကောင်း၊ အဝိဇ္ဇာ ဖုံးလွှမ်းနေသည်ဖြစ်၍ လည်းကောင်း အမှန်တရားနှင့် ထိန်းချုပ် စောင့်စည်းမှုအား ဥစ္စာဓန သို့မဟုတ် အာဏာ၏ ရှေ့တွင် ဦးညွတ်စေချင် နေကြသည်။သို့သော်လည်း ငါကား ထိုကဲ့ သို့ မပြုလုပ်စေချင်ပေ။ထိုအကြောင်းကြောင့် ကမ္ဘာလောကက ငါ့ကို မာန်မာန ကြီးသည်ဟု အထင်ရှိနေသည်။ကမ္ဘာလောက၏ ယဉ်ရိုင်းအ,မှုအတွက် ငါ သနားကရုဏာ ဖြစ်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြရဘိသကဲ့သို့ ယင်းအပြစ်များကို ကျူးလွန်သည့် ဗြာဟ္မဏများသည် အပါယ်ငရဲသို့ မကျရောက်ကြဘူးလို့ သင် ထင်သလော။

သူ။ ။ ထိုသို့လည်း မဟုတ်ပါ။မကောင်းမှုကို ကျူးလွန်သည့် ဗြာဟ္မဏများလည်း အခြား အမျိုးဇာတ်များကဲ့သို့ပင် အပါယ်ငရဲကို ကျရောက်ပါလိမ့်မည်။ယင်းအမြင်မျိုးဖြင့် ကြည့်လျှင်မူ ဗြာဟ္မဏများမှာ ထူးခြားချက် မရှိပါ။သို့သော်လည်း ဗြာဟ္မဏများသည် တရားဓမ္မအရာမှာ သာလွန်သူများ ဖြစ်ကြသည် ဆိုသည်မှာမူ မှန်ကန်ပါသည်။

ငါ။ ။ဒီလိုဆိုလျှင် ကောင်းပြီ။သတ်ဖြတ်ခြင်း၊ခိုးခြင်း၊ လိမ်ခြင်း၊ ဗလက္ကာရပြုခြင်း စသည်တို့ကို ဗြာဟ္မဏတို့သာလျှင် ပယ်စွန့်သလော။ အခြား အမျိုးဇာတ်များကတော့ မပယ်စွန့်ကြဘူးလော။

သူ။ ။ ထိုသို့လည်း မဟုတ်ပါ။ ပယ်စွန့်ခြင်းကိုမူ အားလုံးပင် လုပ်ကြပါသည်။သို့သော်လည်း ဗြာဟ္မဏ အနွယ်မှာ ရှိသော မျိုးနွယ် စဉ်ဆက်က စတင်လာခဲ့သည့် ထူးခြားချက်မှာမူ အခြား အမျိုးဇာတ်တွေမှာ မရှိပါ။

ငါ။ ။ကောင်းပြီ။ မြင်းနှင့်မြည်း ပေါင်းဖက်လျှင် လား မွေးဖွား လာသကဲ့သို့ ဗြာဟ္မဏနှင့် ဗြာဟ္မဏ မဟုတ်သူတစ်ဦးတို့ ပေါင်းဖက်လျှင် တခြား အမျိုးဇာတ် တစ်ဦးဦး မွေးဖွားလာပါသလော။

သူ။ ။ထိုသို့လည်း မဟုတ်ပါ။ ထိုကဲ့သို့သော ထူးခြားချက်မျိုး ရှိလိမ့်မည် မဟုတ်ပါ။သို့သော်လည်း ရိုးရာစဉ်လာများနှင့် ပတ်သက်၍မူ ထူးခြားချက် ရှိပါသည်။

ငါ။ ။ကောင်းပြီ။ဗြာဟ္မဏတစ်ဦးသည် ယဇ်ကြိုးချည်ခြင်း စသော ရိုးရာစဉ်လာမျိုးကိုမူ ပြုလုပ်သည်။ သို့သော်လည်း သူသည် အကျင့် စာရိတ္တ မကောင်း။မကောင်းမှုကို ကျူးလွန်ပြုလုပ်သည်။ တခြားတစ်ယောက် ကမူ ယဇ်ကြိုးချည်ခြင်း စသည့် ရိုးရာစဉ်လာကိုမူ မပြုလုပ်။သို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

## ဘယ်သူ မြတ်သနည်း

ယနေ့ သာဝတ္ထိသို့ ရောက်လာကြသော ဗြာဟ္မဏ ငါးရာတို့သည် အဿလာယနအား မိမိတို့၏ ကိုယ်စားလှယ်အဖြစ် ခန့်လျက် ငါ့ထံ ဝါဒ ငြင်းခုံရန်အတွက် လွှတ်လိုက်ကြသည်။ငါ၏အမျိုးဇာတ်လေးပါး စင်ကြယ်မှု သဘောထားကို သူတို့က ကန့်ကွက်ကြသည်။အဿလာယနက ငါ့အား ပြောလေသည်။

'ဗြာဟ္မဏတို့သည်သာလျှင် အမြတ်ဆုံး ဖြစ်သည်။ဗြာဟ္မဏတို့သည် အခြား အမျိုးဇာတ်တွေနှင့် မတူ။တစ်သီးတခြား ဖြစ်ကြသည်။မည်သည့် အမျိုးဇာတ်မျှ ဗြာဟ္မဏများနှင့် မနှိုင်းယှဉ်အပ်ပါ'

ငါ။ ။ဗြာဟ္မဏတို့၏ မိန်းမများသည်လည်း အခြားမိန်းမများကဲ့သို့ပင် ရာသီပန်း ပွင့်ကြသည်။ကလေး မွေးဖွားကြသည်။ယင်းသို့ ဖြစ်ပါလျက် ဗြာဟ္မဏများက ပိုပြီး ဘယ်လိုများ ထူးခြားချက် ရှိလို့နည်း။

သူ။ ။အရှင်ဘုရား ပြောသည်မှာ မှန်ပါသည်။သို့ရာတွင် ဗြာဟ္မဏများလောက် မည်သည့် အမျိုးဇာတ်မှ နတ်ပြည်၊ နတ်လောကနှင့် မနီးစပ်ကြပါ။

ငါ။ ။ဒီလိုဆိုလျှင် ခိုးခြင်း၊ လိမ်ခြင်း၊ ဗလက္ကာရပြုခြင်း စသည့် အပြစ်တို့ကို ကျူးလွန်သည့် အခြားအမျိုးဇာတ်များ အပါယ်ငရဲကို ကျရောက်



www.burmeseclassic.com

www.burmeseclassic.com



အကျင့်စာရိတ္တ ကောင်းမွန်သည်။ကုသိုလ်ကောင်းမှုကို ပြုသည်။ ထိုပုဂ္ဂိုလ် နှစ်ဦးအနက် အဘယ်ပုဂ္ဂိုလ်ကို မြင့်မြတ်သည်ဟု သင် ယူဆမည်နည်း။

သူ။ ။အကျင့်စာရိတ္တ ကောင်းမွန်ပြီး ကုသိုလ်ကောင်းမှုကို ပြုသည့် ပုဂ္ဂိုလ်ကိုသာလျှင် မြင့်မြတ်သူဟု ယူဆရပါလိမ့်မည်။

ငါ။ ။ကဲ... စဉ်းစားကြည့်စမ်းပါ။ငါ၏ အမျိုးဇာတ်လေးပါး စင်ကြယ်မှု သဘောထားနှင့် သင်၏ ပြောပြချက်များ ဘယ်လို ခြားနားတော့ သနည်း။အကျင့်စာရိတ္တအားဖြင့်သာလျှင် လူ၏ စင်ကြယ်မှု၊ မစင်ကြယ်မှု ဆိုသည်ကို သိရှိရသည်။ ကိုယ့်မိခင် မည်သူနှင့် ဆက်သွယ်မှုရှိသည် ဆိုသည် ကို လည်းကောင်း၊ကိုယ့်အဘွား စသည် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ထဲက ဘယ်သူဟာ ဘယ်တုန်းကမှ တခြားလူနဲ့ မဆက်သွယ်ဟု လည်းကောင်း မည်သူ သိရှိနိုင်သနည်း။

သူ။ ။မည်သူမှ မသိရှိနိုင်ပါ။

ငါ။ ။သို့ဖြစ်လျှင် ဆွေစဉ်မျိုးဆက်မာန် ဘာဖြစ်လို့ တက်နေရ သနည်း။အကျင့်စာရိတ္တ စင်ကြယ်မှုသည်သာလျှင် တကယ့် စင်ကြယ်မှု မည်ပေသည်။

သူ။ ။တပည့်တော် လက်ခံပါပြီဘုရား။အရှင်ဘုရား တပည့်တော် ကို ဥပသကာ တစ်ယောက်ဟု သဘောထားတော်မူပါ။

အဿလာယန ထွက်သွားလေသည်။ အဿလာယနတွင် စင်ကြယ် ရိုးသားသော သိလိုသည့် စိတ်ဆန္ဒ ရှိပေသည်။သို့ဖြစ်သောကြောင့်သာ သူ အမှန်တရားကို နားလည် သဘောပေါက်သွားခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခေါင်းကို ပူဇော်ပါ

ယနေ့ ငါ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံ ရောက်သွားသောအခါ သူကြွယ်တစ်ယောက် စိုစွတ်သောအဝတ်ကို ဝတ်လျက် အရှေ့၊အနောက်၊ တောင်၊မြောက်၊ အထက်၊ အောက် အရပ်မျက်နှာများကို ရှိခိုးနေသည်ကို တွေ့ရသည်။အရပ်မျက်နှာကို ဘာကြောင့် ရှိခိုးပူဇော်ရသည် ဆိုသည်ကို သူ ကိုယ်တိုင်လည်း မသိရှာပေ။မိဘ ဘိုးဘွားများ ပြုလုပ်သည့် ဓလေ့ထုံးစံဟူသော အမှတ်ဖြင့်သာ ရှိခိုးပူဇော်နေခြင်း ဖြစ်လေသည်။

ယင်းကဲ့သို့ အဓိပ္ပာယ်ကင်းမဲ့သည့် အပြုအမူမျိုးသည် လူ၏ စွမ်းရည်သတ္တိကို အချည်းနှီး အညွန့်တုံးစေသည်။ထို့ပြင် ယင်းကဲ့သို့သော အဓိပ္ပာယ်ကင်းမဲ့သည့် အပြုအမူမျိုးများကြောင့် တရားဓမ္မနှင့် ပတ်သက်၍လည်း အသုံးမဝင်သည့် တင်းတိမ်ရောင့်ရဲမှုမျိုး ဖြစ်ပေါ်လာတတ်လေသည်။ တရားဓမ္မ ဘာမျှ ဖြစ်မလာဘဲနှင့် ငါ တရားဓမ္မကို ပြုလုပ်လိုက်သည်ဟု လူတို့ထင်မှတ်လေ့ ရှိကြသည်။ထို့ထက်မူ ဘာမျှ မလုပ်ခြင်းက ကောင်းသေးသည်။ယင်းသို့ ဘာမျှ မလုပ်သေးလျှင် အနည်းဆုံး ငါ တရားဓမ္မကို မလုပ်ရသေးဟူ၍မူ အမှတ်ရ နေပေလိမ့်မည်။တရားဓမ္မအတွက် ဟူသော အကြောင်းပြချက်ဖြင့် အဓိပ္ပာယ် ကင်းမဲ့သည့် အပြုအမူမျိုးကို လုပ်လျှင် ဘာ အကျိုးကျေးဇူးမျှ ရှိမည် မဟုတ်သည့်အပြင် မကောင်းမှုအတွက်ပင် အထောက်အပံ့ဖြစ်လာနိုင်ပေသည်။

သို့ရာတွင် အကယ်၍ လူများအား ဒီအလုပ် လုပ်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘာမျှ ကျေးဇူး မများဘူး၊ဒီအလုပ် မလုပ်နှင့်ဟု ပြောပြလျှင် ထို ကောင်းမွန်ဖြောင့်မတ်သည့် စကားကိုလည်း သူတို့ နားလည် သဘောပေါက်ကြလိမ့်မည် မဟုတ်ပေ။နားလည် သဘောပေါက်ကြသည်ထားဦး၊နှစ်သက် ကျေနပ်ကြလိမ့်မည် မဟုတ်ပေ။သို့ဖြစ်၍ ငါသည် ထိုပုဂ္ဂိုလ်အား ရှင်းလင်းပြောပြဆိုဆုံးမရန်အတွက် တခြားနည်း တစ်နည်းကို ရွေးလိုက်ရပေသည်။

ငါ သူ့ကို မေးလိုက်သည်။

'အသင် အရပ်မျက်နှာ ခြောက်ပါးကို ဘာကြောင့် ရှိခိုးပူဇော်သနည်း'

သူ။ ။အဲဒီ အချက်ကိုတော့ တပည့်တော် မသိပါ။

ငါ။ ။မသိဘဲနှင့် ပူဇော်ကန်တော့ရင် မည်သို့ အကျိုးကျေးဇူး များမည်နည်း။

သူ။ ။အရပ်မျက်နှာများကို ဘာကြောင့် ပူဇော်ကန်တော့ရသည် ဆိုသည်ကို အရှင်ဘုရားပဲ မိန့်တော်မူပါ ဘုရား။

ငါ။ ။ကောင်းပြီ။ပထမ အရပ်မျက်နှာများ၏ အနက်အဓိပ္ပာယ်ကို နားလည်အောင် လုပ်ပါ။သင် ရှိခိုးပူဇော်သည့် အရပ်မျက်နှာများမှာ အမှန်စင်စစ်အားဖြင့် အရပ်မျက်နှာများ မဟုတ်ကြ။ရှိခိုး ပူဇော်ရသည့် အရပ်မျက်နှာများက တခြား ဖြစ်ပါသည်။

သူ။ ။အဲဒီ အရပ်မျက်နှာများက ဘယ်လို အရာများ ဖြစ်ကြပါသနည်း။

ငါ။ ။မိခင်နှင့် ဖခင်တို့သည် အရှေ့အရပ်မျက်နှာ ဖြစ်ကြသည်။ ဆရာသမားများက တောင်အရပ်မျက်နှာ ဖြစ်ကြသည်။ သား မယားများမှာ အနောက် အရပ်မျက်နှာ ဖြစ်ကြသည်။မိတ်ဆွေ သင်္ဂဟ စသည်များက မြောက်အရပ်မျက်နှာ ဖြစ်ကြသည်။အစေခံ သူခစားများက အောက်အရပ်မျက်နှာ ဖြစ်သည်။သမဏ ဗြာဟ္မဏများသည် အထက် အရပ်မျက်နှာ ဖြစ်သည်။ယင်း အရပ်မျက်နှာ ခြောက်ပါးကို ရှိခိုးပူဇော်အပ်ပေသည်။

www.burmeseclassic.com



သူ။ ။မိခင်တို့ကို ပူဇော်ရသည် ဆိုသည်မှာ သင့်လျော် ကောင်းမြတ်လှပါသည်။ သို့သော် အစေခံ သူခစားများကိုမူ ဘယ်လိုလုပ် ပူဇော်လို့ဖြစ်ပါမည်နည်း။ ။အစေခံ သူခစား များကသာ တပည့်တော်ကို ပူဇော်ကြပါသည်။

ငါ။ ။ပူဇော်သည် ဆိုခြင်း၏ အဓိပ္ပာယ်မှာ လက်အုပ်ချီခြင်း သက်သက်သာလျှင် မဟုတ်။ သင့်လျော် လျောက်ပတ်သည့် ချစ်ခင်ကြင်နာခြင်း စသည်ဖြင့် သူတို့ကို ကြည့်ရှုခြင်း၊စောင့်ရှောက်ခြင်း စသည်များလည်း ပူဇော်ခြင်းပင် မည်လေသည်။အစေခံ သူခစားများထံမှ သင် ပူဇော်မှု ရယူနိုင်ပါသည်။သို့သော်လည်း သူတို့၏ ပူဇော်မှုကို တုံ့ပြန်ရလိမ့်မည်။ သူတို့ကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ထားပါ။ယင်းသို့ ပြုလုပ်ခြင်းသည် သူတို့ကို ပူဇော်ခြင်းပင် မည်ပေသည်။ယင်းသို့အားဖြင့် ထိုအရပ်မျက်နှာ ခြောက်ပါးကို ပူဇော်မှု ပြုလုပ်လျှင် တရားကို စောင့်ရှောက်ခြင်းလည်း မည်ပေသည်။

ထိုသူကြွယ်သည် ငါ၏ ပြောပြချက်ကို များစွာ နှစ်သက် သဘောကျသွားသည်။သူသည် သူ၏ အရပ်မျက်နှာ ပူဇော်ခြင်းကို စွန့်လွှတ်လိုက်ပြီးလျှင် ငါ ညွှန်ကြား ပြောပြသော အရပ်မျက်နှာ ပူဇော်ခြင်းကို လက်ခံနာယူသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကြောင်သူတော်တွေ ခေတ်စားနေသည်

ယနေ့ ငါသည် အရပ်ထဲသို့ ဆွမ်းခံသွားစဉ် ဆွမ်းခံချိန် မကျသေး၍ ဥဒါယိ ပရိဗိုဇ်၏ အထံသို့ သွားလေသည်။သူသည် အခြားပုဂ္ဂိုလ်များနှင့် ထိုင်၍ စကားစမြည် ဆွေးနွေးပြောကြား နေလေသည်။ငါ ရောက်သွားသည်နှင့် တစ်ပြိုင်နက် သူသည် 'ဘန္တေ'ဟု ခေါ်၍ ခရီးဦးကြို ပြုလေသည်။ငါက မေးလိုက်သည်။

'ဘာစကားတွေ ပြောနေကြသနည်း ဥဒါယိ'

ဥဒါယိ။ ။ဘယ်ပုဂ္ဂိုလ်၏ တပည့်တပန်းသည် မိမိဆရာကို ပိုပြီး အလေးအမြတ် ပြုကြသနည်း ဆိုသည့် အကြောင်းကို ဆွေးနွေး ပြောကြား နေကြပါသည်။တပည့်တော်တို့၏ စကားထဲမှာ အရှင်ဘုရား၏ အမည်နာမလည်း ပါပါသည်။အရှင်ဘုရား၏ တပည့် တပန်းများသည် အရှင်ဘုရားကို အလွန်တရာ အလေးအမြတ် ပြုကြသည် ဆိုသည့် အကြောင်းကို တပည့်တော်က ပြောပြပါသည်။

ငါ။ ။ထိုအချက်ကို သင် ဘယ်လိုလုပ်ပြီး သိသနည်း။

ဥဒါယိ။ ။အရှင်ဘုရား၊ တစ်နေ့တုန်းက အရှင်ဘုရား တရားဟော နေစဉ် တပည့်တစ်ဦးက ချောင်းဆိုးပါသည်။ထိုအခါမှာ အခြား တပည့် တစ်ဦးက ထိုတပည့်ကို ချောင်းမဆိုးနှင့်၊ငြိမ်ငြိမ် နားထောင်စမ်း ပါရှင်၊ ဘုရားရှင် တရားဟောနေသည်ဟု ပြောပါသည်။ထိုနည်းအတိုင်း အရှင်



www.burmeseclassic.com

www.burmeseclassic.com



ဘုရား တရားဟောနေလျှင် မည်သည့် တပည့်ဖြစ်ဖြစ် ဟိုဟိုသည်သည် မကြည့်တော့ဘဲ တိတ်ဆိတ် ငြိမ်သက်စွာဖြင့် စိတ် တည်ငြိမ်စွာ ထားပြီး အရှင်ဘုရား၏ တရားကို နာကြားပါသည်။ဘယ်အထိ တွေ့ရသနည်း ဆိုလျှင် အရှင်ဘုရား၏ တပည့် တစ်ဦးဦးသည် သံဃာ့ဘောင်ကို စွန့်ခွာပြီး လူ့ဘောင် ရောက်သွားသည့်တိုင်အောင် အရှင်ဘုရားကို ချီးမွမ်းပြီး ကိုယ့်ကိုယ်ကို သံဃာ့ဘောင်မှာ မနေနိုင်သည် ဖြစ်၍ ရှုတ်ချ ကဲ့ရဲ့ပါသည်။ထို အချက်များကို ထောက်ထားပြီး အရှင်ဘုရား၏ တပည့်များသည် အရှင်ဘုရားကို အလွန်တရာ အလေးအမြတ်ပြုကြောင်း တပည့်တော် သိရပါသည်။ အရှင်ဘုရားကို အလွန်တရာ အလေးအမြတ် ပြုကြသောကြောင့် အရှင်ဘုရား၏ တပည့်များသည် အရှင်ဘုရားထံမှ သင်ကြားတတ်မြောက်ပြီး ပညာဉာဏ်နှင့် ပြည့်စုံသူ၊ စိတ်နှလုံးကို ထိန်းချုပ် ကွပ်ကဲသူများ ဖြစ်သွားကြခြင်း ဖြစ်ပါသည်။အရှင်ဘုရားကို အလေးအမြတ် ပြုခြင်းကြောင့် အရှင်ဘုရား၏ တပည့်များသည် များစွာ အမြတ် ထွက်ကြပါသည်။

ငါ။ ။ဥဒါယီ၊ ယင်းသို့ အလေးအမြတ် အပြုခံရခြင်း၏ အကြောင်းကို သင် သိပါသလော။

ဥဒါယီ။ ။ယင်းသို့ အလေးအမြတ်ပြု ခံရခြင်း၏ အကြောင်း ငါးရပ်ကို တပည့်တော် သိပါသည်။အရှင်ဘုရား အစားအစာ နည်းနည်းစားခြင်းသည် ပထမအကြောင်း ဖြစ်ပါသည်။အရှင်ဘုရား ရိုးရိုးသားသား ဝတ်ခြင်းသည် ဒုတိယအကြောင်း ဖြစ်ပါသည်။အရှင်ဘုရား အစားအစာ ရိုးရိုးစားခြင်းသည် တတိယအကြောင်း ဖြစ်ပါသည်။အရှင်ဘုရား ရိုးရိုး အိပ်ရာနေရာမှာ အိပ်ခြင်းသည် စတုတ္ထအကြောင်း ဖြစ်ပါသည်။အရှင်ဘုရား ဆိတ်ငြိမ်ရာ၌ နေထိုင်ခြင်းသည် ပဉ္စမအကြောင်း ဖြစ်ပါသည်။

ငါ။ ။ယင်း ဂုဏ် အရည်အချင်းတို့ကြောင့် တစ်စုံတစ်ယောက်သော သူသည် ကြီးကျယ်မြင့်မြတ်သူ ဖြစ်မလာနိုင်ပေ။ ကြောင်းသူတော်များ၌



www.burmeseclassic.com

www.burmeseclassic.com



ယင်း ဂုဏ် အရည်အချင်းများ ပိုပြီးတော့တောင် ရှိကြသေးသည်။ငါ၏ တပည့်ပေါင်း များစွာသည် ငါ့ထက်ပင် မကောင်းသည့် အဝတ်ကို ဝတ်ကြသေးသည်။ကြမ်းတမ်းသည့် အစားအစာများကို စားကြသေးသည်။သစ်ပင်အောက် မြေကြီးပေါ်မှာ အိပ်ကြသည်။ဂူထဲတွင် တစ်ကိုယ်တည်း နေထိုင်ကြသည်။သူတို့သည် ဝေဖန်မှု ပြုလုပ်ရန်အတွက် သက်သက်သာလျှင် သံဃာ့အဖွဲ့အစည်းထဲသို့ ဝင်ရောက်လာကြခြင်း ဖြစ်လေသည်။ယင်း အချက်အလက်များနှင့် ပတ်သက်၍မူ ငါ၏ တပည့်များသည် ငါ့ထက် သာလွန်ကြသေးသည်။သို့ဖြစ်၍ ယင်း အကြောင်းများကြောင့် သူတို့ ငါ့ကို ဘယ်မှာ အလေးအမြတ် ပြုကြမည်နည်း။ပူဇော်ကြမည်နည်း။ယင်း အကြောင်းများကြောင့် တစ်စုံတစ်ယောက်သော သူသည် အလေးအမြတ် ပြုထိုက်သူ၊ ပူဇော်ထိုက်သူ မဖြစ်နိုင်ပေ။ ကမ္ဘာလောကသည် ယင်းအကြောင်းအချက်များကို ကြည့်ပြီး လူတို့အား အလေးအမြတ် ပြုထိုက်သူ၊ ပူဇော်ထိုက်သူဟု ထင်မှတ် ယူဆကြသည်။သို့ဖြစ်သောကြောင့်သာ ကမ္ဘာလောကမှာ ကြောင်သူတော်များ အရေအတွက် များပြီး တကယ့်တကယ် စစ်မှန်သည့် သူတော်ကောင်းများ၊ လူ့အကျိုးဆောင် ပုဂ္ဂိုလ်များ ရှားပါးနေခြင်း ဖြစ်လေသည်။ လူအပေါင်းတို့မှာ ယင်း အယူအဆမျိုး နည်းသွားလျှင် နည်းသွားသည့်အလျောက် ကမ္ဘာလောကတွင် သူတော်သူမြတ် အစစ်အမှန်များ များပြားထွန်းကား လာပေလိမ့်မည်။

ဥဒါယီ။ ။အရှင်ဘုရား၊ အကယ်၍ ယင်း အကြောင်းများကြောင့် ပုဂ္ဂိုလ်တစ်ဦးသည် အလေးအမြတ် ပြုထိုက်သူ၊ပူဇော်ထိုက်သူ မဖြစ်ဘူးဆိုလျှင် အရှင်ဘုရား အလေးအမြတ် ပြုထိုက်သူ၊ ပူဇော်ထိုက်သူ ဖြစ်နေခြင်းမှာ အဘယ်သို့သော အကြောင်းများကြောင့် ပါနည်း။

ငါ။ ။ဥဒါယီ၊ငါ၏ တပည့်တပန်းများ ငါ့ကို အလေးအမြတ် ပြုအပ်သူ၊ပူဇော်အပ်သူဟု ထင်မှတ်ကြခြင်း၏ အကြောင်းမှာ ငါးပါး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ပထမ အကြောင်းမှာ ငါသည် သီလရှိသည်။ ကိုယ်နှုတ် နှလုံးကို ထိန်းချုပ်သူ ဖြစ်သည်။ကမ္ဘာလောက၏ အကျိုးနှင့် လျော်ညီစွာ ပြုလုပ်သည်။ ကမ္ဘာလောက အကျိုးကို မဖျက်ဆီးပေ။ဒုတိယ အကြောင်းမှာ ငါ ပြောဆို သမျှမှာ အတွေ့အကြုံအရ ပြောဆိုခြင်းသာ ဖြစ်သည်။ဟိုက သည်က အကြားနှင့် ကိုယ်တွေ့မရှိဘဲ ဘယ်စကားကိုမျှ မပြောဆိုပေ။တတိယ အကြောင်းမှာ အကြောင်းအရာ ဟူသမျှ၏ အကျိုးတရားနှင့် အနာဂတ်ကို ဂရုထားခြင်း ဖြစ်လေသည်။သို့ဖြစ်၍ ငါ့စကားကို ချေဖျက်၍ မရပေ။စတုတ္ထ အကြောင်းမှာ ငါသည် တပည့်တပန်းများ၏ အပေါ်၌ အကျိုးမရှိသည့် ဝန်ထုပ် ဝန်ပိုးကို တင်မထားပေ။ငါသည် ဒုက္ခ၏ ပုံပန်းသဏ္ဌာန်၊ ဒုက္ခ၏ အကြောင်း၊ ဒုက္ခ၏ ချုပ်ငြိမ်းခြင်း၊ဒုက္ခ၏ ချုပ်ငြိမ်းခြင်း နည်းလမ်းများကို ပြောပြပြီး ချမ်းသာသုခနှင့် ပြည့်ဝသည့် စံပြ ဘဝမျိုး ဖြစ်အောင် နည်းလမ်း ညွှန်ပြလေသည်။ပဉ္စမအကြောင်းမှာ ငါသည် တပည့်တပန်းများ၏ ရှေ့ မှောက်တွင် တပည့်တပန်း အနေဖြင့် လွတ်လင့်တကူ ရှေ့သို့ တိုးသွားပြီး အသိတရား ရသွားစေနိုင်သည့် လုပ်ငန်းစဉ်မျိုးကို ချပြလေသည်။ယင်း အကြောင်းများကြောင့် ငါ၏ တပည့်များက ငါ့အား အလေးအမြတ် ပြုထိုက် သူ၊ပူဇော်ထိုက်သူဟု ထင်မှတ် ယူဆကြခြင်း ဖြစ်လေသည်။စားခြင်း၊သောက် ခြင်း အကြောင်းများကြောင့် မဟုတ်ပေ။ကိုယ် နှုတ် နှလုံးကို ထိန်းချုပ် ထားသူသည် စားခြင်း၊သောက်ခြင်းကို ဂရု မပြုတော့ပေ။ အကောင်း ဖြစ်ဖြစ်၊ အဆိုး ဖြစ်ဖြစ် ရသမျှနှင့်ပင် ရောင့်ရဲ တင်းတိမ် ပေတော့သည်။ သူ့အတွက် ဟန်ဆောင်ခြင်းသဘော မရှိတော့ပေ။သို့ဖြစ်၍ ငါလည်း ဟန်ဆောင်ခြင်း သဘောမျိုးကို ဂရုမထားတော့ပေ။ယင်း အကြောင်းများကြောင့် ငါ၏ တပည့်များသည် ငါ့အား အလေးအမြတ် ပြုထိုက်သူ၊ပူဇော်ထိုက်သူဟု သဘောထားကြခြင်း ဖြစ်လေသည်။

ဥဒါယီသည် ငါ၏ ပြောပြချက်များကို နှစ်သက် သဘောကျသွား လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## သူနိုး စားရိုး ကမ်း

အမြော်အမြင် မရှိသည့် လူ၏ လက်ထဲ၌ ဘယ်လို တရားမွေမျှ တည်မြဲ မနေပေ။အမြော်အမြင် မရှိသည့် လူသည် ကောင်းပေ့ ဆိုသည့် အရာကိုသော် လည်း တလွဲ အသုံးချပစ် တတ်လေသည်။

ထိုနေ့က ငါသည် စက္ကူစသော ဏ္ဍန္တြေများနှင့် ကိုယ်ကာယ၏ ကျေးကျွန်အဖြစ်မှ လွတ်ကင်းရန် အလို့ငှာ အသုဘ ဘာဝနာကို ညွှန်ကြား ခဲ့လေသည်။လူအပေါင်းတို့ ကိုယ်ကာယဆိုင်ရာ ကာမဂုဏ် အာရုံ ခံစားမှု တို့၌ တွယ်တာ ကပ်ငြိနေကြပြီး တာဝန်ဝတ္တရားတို့ကို မေ့လျော့ မနေကြ စေရန်အတွက် ကိုယ်ကာယကို စက်ဆုတ်ရွံရှာဖွယ်ဟူ၍ ဟောပြခဲ့လေ သည်။ထိုရည်ရွယ်ချက်ဖြင့်ပင်လျှင် ကိုယ်ကာယ၏ အနှစ်သာရမဲ့ပုံနှင့် စက် ဆုတ်ရွံရှာဖွယ် ဖြစ်ပုံကိုလည်း ပြောပြခဲ့လေသည်။

တရားအဆုံးအမကို ညွှန်ကြားဟောပြပြီး ငါသည် ဆယ့်ငါးရက် ကြာမျှ တစ်ကိုယ်တည်း ဆိတ်ငြိမ်ရာသို့ သွားရောက် နေထိုင်ခဲ့သည်။ထို နေရာမှ ပြန်လာသောအခါ ရဟန်းများ၏ဦးရေ အလွန် နည်းပါးသွားသည် ကို တွေ့ရသည်။အကျိုး အကြောင်းကို မေးမြန်းစုံစမ်း ကြည့်သောအခါ ငါ အတော်ပင် တုန်လှုပ်သွားမိလေသည်။

ရဟန်းများသည် ကိုယ်ခန္ဓာကို စက်ဆုပ်ဖွယ်ဟု အမှတ်ထားပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတုံးသွားအောင် ပြုလုပ်ကြလေသည်။အချို့မှာ မိမိကိုယ်ကိုမိမိ သတ်သေကြသည်။ မိမိကိုယ်ကို သတ်မသေဝံ့သူများမှာ အခြားရဟန်းများအား အသတ်ခိုင်းကြသည်။ရဟန်းတစ်ပါးမှာမူ ရဟန်းများအား သတ်ဖြတ်ပေးခြင်းကို တရားဓမ္မဟု မှတ်ထင်ယူဆလျက် မိမိ၏ တာဝန်ဝတ္တရားအဖြစ် သတ်မှတ်ပြုလုပ် ထားလိုက်သည်။ဓားကို ကိုင်ပြီးလျှင် ရဟန်းများ၏ အထံသို့ သွားလျက် ဘယ်ရဟန်းကို သတ်ရမည်နည်းဟု မေးမြန်းလေသည်။ အသက်သေလိုသည့် ရဟန်းအား ဦးခေါင်းကို ဖြတ်ပေးလေသည်။ ယင်းသို့အားဖြင့် ထိုရဟန်းသည် ဆယ့်ငါးရက် အတောအတွင်း၌ ရဟန်းပေါင်းရာပေါင်းများစွာကို သတ်ဖြတ်ပေးလိုက်လေသည်။တရားဓမ္မ ဟူသောအကြောင်းပြချက်ဖြင့် ဤရဟန်းမိုက်များ ကျူးလွန်လိုက်သော မကောင်းမှုမျိုးကို အခြား လူယုတ်မာကြီးများသော်မှ ကျူးလွန်နိုင်လိမ့်မည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

## သွေး နှင့် ရေ

မာန်မာန၏ အကြောင်းကြောင့် လူတို့သည် မည်မျှလောက် မိမိတို့၏ ပျက်စီးရာ ပျက်စီးကြောင်းကို ပြုလုပ်နေသည် ဆိုသည်ကို ပြောမတတ်အောင် ရှိနေသည်။မာန်မာန၏ အကြောင်းကြောင့် တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ရန်ပြု နေကြသည်။

ယနေ့ သကျမျိုးနွယ်များနှင့် ကောလိယ မျိုးနွယ်များသည် တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်နေကြသည်။မြစ်ရေကို အကြောင်းပြု၍ ဖြစ်သော ရန်ပွဲဖြစ်လေသည်။နှစ်ဦးလုံးပင် မိမိတို့၏ လယ်အတွင်းသို့ ရေသွင်းလိုကြသည်။ ထိုမြစ်ရေကို အကြောင်းပြု၍ သူတို့သည် တစ်ဦးနှင့်တစ်ဦး သွေးချောင်းစီးအောင် ပြုလုပ်ကြသည်။သွေး၏ တန်ဖိုးသည် ရေထက်ပင် နည်းရာ ကျနေသည်။

ငါ သူတို့ထံ သွား၍ မေးလိုက်သည်။

'အကယ်၍ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ရေတစ်အိုး လာပေးပြီး ရေအစား သင်တို့ကို သွေးတောင်းလျှင် သင်တို့ သွေး ဘယ်လောက်ပေးမည်နည်း'

နှစ်ဦးလုံးက ပြောကြသည်။

'ရေနှင့်တော့ ဘယ်သူမှ သွေးတစ်စက် လဲမှာ မဟုတ်ပါ'

ငါက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ယင်းသို့ဖြစ်လျှင် သင်တို့ ရေအတွက် လူ ရာပေါင်းများစွာတို့ကို ဘာဖြစ်လို့ သွေးချောင်းစီးအောင် လုပ်နေကြသနည်း'

နှစ်ဖက်သော အုပ်စုမှာ ရှက်သွားကြပြီးလျှင် ရန်ပွဲကို ရပ်စဲပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# သူ့နာပြုသော ဗုဒ္ဓ

ကမ္ဘာလောက၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရန် အပြော လွယ်ကူသော်လည်း တကယ့်တကယ် အလုပ်မှာမူ ခဲယဉ်းလှပေသည်။ရဟန်းများသည် အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွာလျက် ကမ္ဘာလောက၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရန် ရောက်လာကြသည်။သို့ရာတွင် သံဃာ အဖွဲ့အစည်း ထဲ၌ ကမ္ဘာလောက ငယ်ကလေးတစ်ခု လုပ်၍ နေကြသည်။ အပြင်အပ၌ ဘယ်သူ သေသေ၊ဘယ်သူ ရှင်ရှင် သူတို့ ဂရုမစိုက်ကြပေ။ယနေ့ ငါ၏ သံဃာ့အဖွဲ့အစည်းထဲ၌ ရဟန်း ထောင်းပေါင်းများစွာ ရှိကြသည်။ သူတို့၏ ကမ္ဘာလောကငယ်ကလေးပေါင်းလည်း ရာပေါင်းများစွာ ရှိလေသည်။ ကိုယ့်ကမ္ဘာလောက၊ ကိုယ့်အုပ်စု၏ အပြင်ဘက်က ပုဂ္ဂိုလ်သည် ကိုယ်နှင့် မဆိုင်သလို ဖြစ်နေကြသည်။ယင်းသို့ ဖြစ်ခြင်းမှာ ဘယ်လောက် ယုတ်ညံ့ သေးသိမ်သည့်အရာ ဖြစ်ပေသနည်း။ထိုပုဂ္ဂိုလ်များသည် အကယ်၍ ယင်းကဲ့သို့ ကျဉ်းမြောင်းနေကြလျှင် ကမ္ဘာလောကအတွက် ဘာ အသုံးကျတော့မည်နည်း။ထိုပုဂ္ဂိုလ်များ၏ ကောင်းခြင်းသည် အကြီးကျယ်ဆုံးသော ဆိုးခြင်း ဖြစ်ပြီးလျှင် ကမ္ဘာလောကအတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေပေလိမ့်မည်။

ယနေ့ ငါသည် အာနန္ဒာနှင့်အတူ ကျောင်းတိုက်ထဲတွင် လှည့်လည်

ရှုသြွ္ထဘော့ထိုး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။လှည့်လည်ကြည့်ရင်းနှင့် နေရာ တစ်နေရာသို့ ရောက်သွားသည်။ ထို နေရာ၌ ရဟန်းတစ်ပါးသည် လဲပြီး ညည်းညူနေရှာသည်။ထိုရဟန်းသည် ဝမ်းသွားနေသည်။မည်သည့် ရဟန်းမျှ သူ့ကို ကြည့်ရှုမည့်သူ မရှိပေ။ သူ၏ ကိုယ်ကာယမှာ ညစ်ပတ်ပေကျံ နေသည်။သူ၏ ဖြစ်ပုံကို တွေ့ရသည် ဖြစ်၍ ငါသည် စိတ်အကြီးအကျယ် ထိခိုက်သွားသည်။ရဟန်းများ၏ တစ်ကိုယ် ကောင်း ဆန်ပုံကိုလည်း စိတ်မကောင်း ဖြစ်မိသည်။ငါသည် အာနန္ဒာအား ရေ အယူခိုင်းပြီးလျှင် ထိုရဟန်းအား ရေချိုးပေးသည်။ထို့နောက် သန့်ပြန့် သည့် သင်္ကန်းကို လဲပေးပြီးလျှင် ခုတင်ပေါ်၌ နေရာချထား ပေးလိုက် သည်။ထို့နောက် ရဟန်းများအား စုရုံးစေပြီးလျှင် ဆို ဆုံးမ ရလေသည်။

'ရဟန်းတို့၊ သင်တို့မှာ မိခင်လည်း မရှိပေ။ဖခင်လည်း မရှိပေ။ ဆွေမျိုး မိတ်သင်္ဂဟ ညီအစ်ကို မောင်နှမများလည်း မရှိပေ။အကယ်၍ သင်တို့ တစ်ဦးနှင့်တစ်ဦး မပြုစု မစောင့်ရှောက်ကြလျှင် ဘယ်သူလာပြီး ပြုစု စောင့်ရှောက်မည်နည်း၊စဉ်းစားကြည့်စမ်းပါလော့။သင်တို့သည် ကမ္ဘာ လောက၏ အကျိုးကို သယ်ပိုး ဆောင်ရွက်မည်ဆိုပြီး အိမ်ရာတည်ထောင် လူ့ဘောင်က ထွက်လာခဲ့ကြသည်။ အကယ်၍ ကိုယ့်ရဟန်းချင်း၏ အကျိုး ကိုမှ မသယ်ပိုး မဆောင်ရွက်လျှင် ဘယ်သူ၏ အကျိုးကို သယ်ပိုးဆောင်ရွက် ဦးမည်နည်း။မှတ်ထား ကြပါလော့၊ယင်းကဲ့သို့ တစ်ကိုယ်ကောင်း ဆန်နေ လျှင်မူ သင်တို့သည် ရဟန်း သမဏ အဖြစ်နှင့် မထိုက်တန်တော့ပေ'

www.burmeseclassic.com

www.burmeseclassic.com

## သားထက် သမီး အရေးကြီးသည်

ယနေ့ ငါ၏ အထံ၌ ပသေနဒီ ကောသလမင်းကြီး ရောက်နေသည်။ တရားဒေသနာ ဟောပြ ပြောဆို ပြီးသောအခါ မင်းမှုထမ်းတစ်ဦး ရောက်လာပြီး ဘုရင်မင်းကြီးအား' မလ္လိကာ မိဖုရားကြီး သမီးရတနာ ဖွားမြင်ကြောင်း လျှောက်ထား သံတော်ဦး တင်လိုက်သည်။မလ္လိကာသည် ပသေနဒီ ကောသလမင်းကြီး၏ မိဖုရား ဖြစ်သည်။သမီးကညာ မီးရှူးသန့်စင် ဖွားမြင်သည် ဟူသော သတင်းကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ပသေနဒီ ကောသလ မင်းကြီးသည် မျက်နှာ ပျက်သွားသည်။ ရှက်စိတ်ကြောင့် ဦးခေါင်း ငုံ့သွားသည်။ သူ စိတ် မချမ်းမသာ ဖြစ်နေပုံကို တွေ့ရသည့်အခါ ငါက သူ့ကို ပြောပြရသည်။

'မင်းကြီး၊ သမီးကညာ ဖွားမြင်သည့်အတွက် ဘာကြောင့် ယခု လောက် စိတ်ပျက်ဝမ်းနည်း သွားရသနည်း။အချို့သော ယောကျ်ားများသည် မိန်းမများထက် မြင့်မြတ်ကြသကဲ့သို့ အချို့သော မိန်းမများသည်လည်း ယောကျ်ားများထက် မြင့်မြတ်ကြပေသည်။ ယောကျ်ားရော မိန်းမပါ နှစ်ဦး စလုံးပင် လိုအပ်ပေသည်။ အကယ်၍ အိမ်တိုင်း အိမ်တိုင်း၌ လူတွေ ဆန္ဒ ရှိသည့်အတိုင်း သားကိုချည်း မွေးနေကြမည် ဆိုလျှင် လူ့အဆက် တစ်ဆက် နှစ်ဆက် အတွင်းမှာပင် လူတစ်ယောက်မျှ ကျန်တော့မည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



လူသား အမျိုးဇာတ်ကို ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် သား မွေးဖွားဖို့ လိုအပ်ခြင်းထက် သမီး မွေးဖို့ လိုအပ်ခြင်းက မယုတ်လျော့ပေ။သမီး မွေးဖို့ လိုအပ်ခြင်းကတောင် ပိုသေးသည်။သမီးကို မွေးမြူ စောင့်ရှောက်ခြင်းက သားကို မွေးမြူ စောင့်ရှောက်ခြင်းထက် ပိုပြီး ကမ္ဘာလောကကို အကျိုးပြုရာ ရောက်ပေသည်။ယင်းသို့ အကျိုးပြုခွင့် ရသည်ဖြစ်၍ သင်မင်းကြီးသည် စိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်း၊ရှက်ခြင်း၊ မဖြစ်သင့်ပေ’

www.burmeseclassic.com

www.burmeseclassic.com

## မရှိမ ပဋိပဒါ

ယနေ့ ဘုရင် ဥဒယန၏ သားတော် ဗောဓိမင်းသားသည် သူ၏ နန်းဆောင် အသစ်သို့ ငါ့အား ပင့်ဖိတ်လေသည်။ဆွမ်းစားပြီးသောအခါ သူက မေး လျှောက်လေသည်။

'အရှင်ဘုရား၊ သုခကို သုခဖြင့် မရနိုင်ဘူး မဟုတ်လော၊သုခကို ဒုက္ခဖြင့်သာ ရနိုင်သည် မဟုတ်လော'

ငါက ပြန်ပြောပြသည်။

'ဘုရင့်သားတော်၊ အစ ပထမတုန်းက ငါလည်း ယင်းကဲ့သို့ပင် ထင်မြင် ယူဆခဲ့သည်။သို့ဖြစ်၍ ငါသည် လှပသည့် ကြင်ယာနှင့် မင်းစည်းစိမ် စသည်ကို စွန့်လွှတ်ခဲ့သည်။ အာဠာရ ကာလာမ၏ အထံသို့ သွားပြီးလျှင် အကျင့်တရားကို ကျင့်ကြံအားထုတ်ခဲ့သည်။ထို့နောက် ဥဒ္ဒကထံ သွားခဲ့ လေသည်။သူ့ထံတွင်လည်း ငါ တရားအကျင့်ကို ကျင့်ကြံအားထုတ်ခဲ့သည်။ သူတို့ထံတွင် ငါ သုခကို မရရှိခဲ့။ထိုအခါ ငါသည် ထပ်ပြီး ဒုက္ခကို ခံခဲ့လေ သည်။အပူထဲတွင် လည်းကောင်း၊ အအေးထဲတွင် လည်းကောင်း၊ အသက် ရှူခြင်းကို ရပ်ပြီး ကြီးစွာသော ဒုက္ခကို ခံခဲ့လေသည်။အစာမစားဘဲ နေခဲ့ သည်။ထို့ကြောင့် ငါသည် ချည့်နဲ့ ပိန်ချုံးသွားပြီးလျှင် ထလိုက်သည်နှင့် တစ်ပြိုင်နက် ထိုးကျသွားသည်။ကိုယ်ကာယလည်း မည်းနက် ညစ်နွမ်းသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ထိုမျှလောက် ဒုက္ခ ခံခဲ့သော်လည်း သုခကို မရရှိခဲ့။ ထိုအခါ အဆင်ခြင် အစဉ်းစားဉာဏ် မရှိဘဲ မလိုအပ်သည့် ဒုက္ခမျိုးကို ခံစားခြင်းဖြင့် သုခကို မရရှိနိုင်။သုခအတွက် ချုပ်တည်းမှုသာ လိုအပ်သည်။ဒုက္ခခံဖို့ မလိုဟု ငါ နားလည် သဘောပေါက်ခဲ့လေသည်။ ကောင်းသော အကျင့်၏ လမ်းမဲ့ အကယ်၍ ဒုက္ခ ပေါ်ပေါက်လာလျှင် ထိုဒုက္ခမျိုးကို ရင်ဆိုင်သင့်သော်လည်း အကျိုးမရှိသည့် ဒုက္ခမျိုးကို ခံခြင်းအားဖြင့် ကောင်းကျိုး မဖြစ်ထွန်းနိုင်ပေ'

ငါ၏ တရားစကားကို နာကြားရ၍ ဘုရင့်သားတော်သည် ကျေနပ် နှစ်သိမ့်သွားပြီးလျှင် ဥပသကာ ဖြစ်သွားလေသည်။

လူများသည် အဘယ့်ကြောင့် 'အလွန်' ဝါဒီများ ဖြစ်နေကြသည် မသိ။ဘယ်လောက် တစ်ဖက်စွန်းသို့ ရောက်နေကြသည် မသိ။တစ်ခါတစ်ရံ တွင် သူတို့သည် သုခအတွက် ဒုက္ခနောက် လိုက်နေကြသည်။သင့်လျော် လျောက်ပတ်သည့် သုခကိုလည်း မကောင်းမှုဟု အထင်မှတ် မှားနေကြ သည်။တစ်ခါတစ်ရံတွင် လိုအပ်သည့် ဒုက္ခကိုလည်း မခံချင်ကြပေ။ဆင်ခြင် စဉ်းစား၍ အလုပ် မလုပ်လိုကြပေ။အဆင်ခြင် အစဉ်းစား ကင်းမဲ့သည့်ဒုက္ခ မျိုးဖြင့် သုခ ရမည် ဆိုလျှင် တိရစ္ဆာန်အားလုံးသည် သုခနှင့် ပြည့်စုံသူများ ဖြစ်နေကြလိမ့်မည်။ယနေ့တွင်မူ ဤအတိုင်း ဖြစ်နေကြသည်။လူ အများ သည် သုခအတွက် ဒုက္ခကို မြင်တွေ့လိုကြသည်။သို့ဖြစ်၍ များစွာသော လူတို့သည် ရသေ့ ရဟန်းအသွင် ဆောင်ပြီးလျှင် မလိုအပ်သည့်ဒုက္ခများကို ခံနေကြသည်။ အဆင်ခြင် အစဉ်းစား ကင်းမဲ့ခြင်းကြောင့် အတွင်းသုခကိုမူ သူတို့ ရရှိလိမ့်မည် မဟုတ်ပေ။အပြင်သုခကိုမူ မည်သည့် အခြေအနေ၌မဆို မကောင်းမှုဟု ထင်မှတ် ယူဆကြသည်။ယင်းသို့အားဖြင့် တရားမဲ့မှုကို အကြောင်းပြု၍ ဒုက္ခချည်းကိုသာလျှင် မြင်တွေ့နေရသည်။ ယင်း မကောင်း မှုကို ဖယ်ရှားပစ်ရန် အလို့ငှာ ငါသည် မဇ္ဈိမ ပဋိပဒါ ဖြစ်သည့် အလယ် အလတ် လမ်းစဉ်ကို တီထွင်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒေဝဒတ်၏ နမူနာ

ဓမ္မတစ်ခုခုကို စတင် ပျိုးထောင်သူ ခေါင်းဆောင်၏ အခက်အခဲကို သူ့ခေတ်က လူများသည် မသိရှိ နားမလည်ကြပေ။ဓမ္မ အဖွဲ့အစည်းတစ်ခုကို စတင်တည်ထောင်ခြင်း၌ လည်းကောင်း၊ထို ဓမ္မ အဖွဲ့အစည်းကို အုပ်ချုပ်ခြင်း၌ လည်းကောင်း အတွေ့အကြုံ၊ ပင်ကိုအသိဉာဏ်၊အပိုင်းအခြား မရှိသည့် ချုပ်တည်းမှု၊စိတ်ပျက် အားလျော့ခြင်း အပေါ်၌ အနိုင်ယူသည့် စွမ်းရည်သတ္တိ၊ ဘက်မလိုက်မှု၊ သမာသမတ်ရှိမှု၊ ကိုယ်ကျိုး မငဲ့မှုများ ဘယ်လောက် ရှိရသည်ဆိုသည်ကို သိရှိနားလည်သူ အလွန်တရာမှ နည်းပါးလှပေသည်။

နှစ်ပေါင်း များစွာ ကျင့်ကြံ အားထုတ်ပြီးသည့်နောက် အောင်မြင်မှုတစ်ခုခုကို ရရှိသည့် အခါ၌ ထိုအောင်မြင်မှုနောက်သို့ လိုက်နေကြသည့်လူအချို့သည် ထိုအောင်မြင်မှုကိုသာလျှင် မြင်ကြသည်။ထိုအောင်မြင်မှု၏အမြစ်အရင်း၌ ဖုံးကွယ်နေသည့် ထူးခြားသော လုပ်ရည်ကိုင်ရည်များကိုမူ အာရုံ မပြုကြပေ။ သူတို့သည် ထိုအောင်မြင်မှု၏ ရခဲသည့်အဖြစ်ကို နားလည်သဘောပေါက်မှု မရှိကြသည်ဖြစ်၍ ထိုအောင်မြင်မှုကို ပုံတူကူးချရန်အတွက်သော်လည်းကောင်း ကြိုးစားအားထုတ်ကြသည်။သို့တည်းမဟုတ် ထိုအောင်မြင်မှုကိုပင် လုယူလိုသည့် စိတ်ဆန္ဒ ပေါ်ပေါက်လာကြသည်။ ယင်းသို့အားဖြင့် သူများနှာခေါင်းဖြင့် အသက်ရှူချင်ကြသည့် ထိုသူတို့သည် ဒုက္ခမိုးစားပြ



www.burmeseclassic.com

www.burmeseclassic.com



ဘဝ ရောက်ကြပြီးလျှင် မိမိ၏ ကျဆုံးမှုကို ပြုလုပ်ကြသည့်အပြင် အခြားရာပေါင်းများစွာသော လူတို့အားလည်း နစ်နာဆုံးရှုံး စေကြလေသည်။

သူတို့သည် ဓမ္မတစ်ခုကို စတင် ပျိုးထောင်သူ ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဆရာအရှင် အဖြစ်ကိုလည်းကောင်း ယူချင်သည့် စိတ်ဆန္ဒရှိကြသော်လည်း မိမိတို့၏ သေးငယ်သည့် သူတော်ကောင်း ဘဝကလေးမျှပင် လက်လွတ်ဆုံးရှုံး မသွားအောင် မစွမ်းနိုင်ကြပေ။သူတော်ကောင်းအဖွဲ့အစည်းကြီးကိုလည်း ထိခိုက် နစ်နာအောင် ပြုလုပ်ကြလေသည်။

သူတော်ကောင်း အဖွဲ့အစည်းထဲ ရောက်ရှိလာပြီး သူတော်ကောင်းဘဝ ပျက်ပြားသွားလျှင်၊လူသားတို့၏ ကောင်းကျိုးအတွက် မဟုတ်ဘဲ မာန်မာနကို ပူဇော်ပသဖို့ရန်အတွက် လုံ့လပြုနေလျှင် ထိုပုဂ္ဂိုလ်သည် ကမ္ဘာလောက၏ ကြောက်မက်ဖွယ် အကောင်းဆုံးသော သတ္တဝါ ဖြစ်သွားပေလိမ့်မည်။

ဒေဝဒတ်သည် ယင်းကဲ့သို့သော ကြောက်မက်ဖွယ်ကောင်းသည့် သတ္တဝါများထဲက တစ်ဦး ဖြစ်လေသည်။နာမည် ကြီးလိုလွန်းလှသဖြင့် သူ၏ အသိဉာဏ်သည်ပျက်စီးချွတ်ယွင်းသွားလေပြီ။သာမန်ရိုးရိုး အကြောင်းအရာမျှကိုပင်လျှင် သူ့ နားလည် သဘောပေါက်ခြင်း မရှိပေ။တောင်း၍ရသော အရာဝတ္ထုနှင့် တောင်း၍ မရသည့် အရာဝတ္ထုကို ခွဲခြားပြီး မသိပေ။ အချို့သော အရာဝတ္ထုများမှာ တောင်းခြင်း၊ လိုလားခြင်း အားဖြင့် ရရှိဖို့ရန် ခဲယဉ်းလှသည်။စစ်မှန်သော အကျော်အစော၊အရိုအသေ၊အပူဇော်ခံရမှုစသည်များသည် ယင်းကဲ့သို့သော အရာဝတ္ထုမျိုး ဖြစ်သည်။ဒေဝဒတ်သည် ထိုအချက်ကို နားမလည်ပေ။

သူသည် ငါ ရရှိသည့် အရိုအသေ အပူဇော်မျိုးကို ဘယ်လိုလုပ် ရရှိပါမည်နည်း ဟူသော အိပ်မက်ကိုသာလျှင် နေ့စဉ်မပြတ် မက်နေပေသည်။ ငါသည် ကမ္ဘာလောကအား မည်သည့်အရာ ပေးခဲ့သနည်း။ငါ ဘယ်လောက် စွန့်လွှတ်မှု ပြုလုပ်ခဲ့သနည်း ဆိုသည့် အချက်ကိုမှု သူ သတိပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



မလေ့လာပေ။သားဆိုး သားမိုက်တစ်ယောက်ကဲ့သို့ သူသည် ဖခင် ရှာဖွေထားသည့် ပစ္စည်းဥစ္စာကို ချက်ချင်းလက်ငင်း သိမ်းပိုက် ယူငင်လိုသည့်ဆန္ဒ ပေါက်နေပေသည်။

ထိုနေ့က သူသည် ငါ့ကို ပြောသည်။

'အရှင်ဘုရား၊ အရှင်ဘုရားသည် အသက်အရွယ် ကြီးရင့်အိုမင်းပြီ ဖြစ်၍ အေးအေးဆေးဆေးသာ နေပါလော့။ တပည့်တော်ကိုသာ သံဃာ့အဖွဲ့ အစည်းကြီးကို အုပ်ချုပ်ဖို့ တာဝန်-လွှဲအပ်ပါလော့'

ငါက ပြန်ပြောလိုက်သည်။

'သံဃာ့အဖွဲ့အစည်းကြီးကို အုပ်ချုပ်ဖို့တာဝန် ဘယ်သူ့ကို လွှဲအပ်ရမည် ဆိုသည်ကို ငါကသာ စဉ်းစားရမှာ ဖြစ်သည်။သံဃာ့အဖွဲ့အစည်းကြီးကို အုပ်ချုပ်သူ ဖြစ်ထိုက်သည့် ပုဂ္ဂိုလ်မှာ သံဃာ့အဖွဲ့အစည်းကြီးကို အုပ်ချုပ်သူအဖြစ်ကို ကိုယ့်ပါးစပ်ဖြင့် ဖွင့်ပြီး တောင်းဆိုခြင်း မပြုသည့် တည်ကြည်မှုမျိုးတော့ မုချ ရှိရပေလိမ့်မည်'

ငါ၏ စကားကို ကြားရ၍ ဒေဝဒတ်သည် ဒေါသလည်း ထွက်၊ ရှက်လည်း ရှက်ပြီး ငြိမ်သွားလေသည်။အတန်ငယ် ငြိမ်ပြီးနောက် ပြောပြန်လေသည်။

'အရှင်ဘုရား၊ တပည့်တော် သံဃာ့အဖွဲ့အစည်းအပေါ်မှာ ဘယ်လောက် ဂရုစိုက်သည်၊လူတိုင်း လူတိုင်း အပေါ်မှာ ဘယ်လောက် ဂရုစိုက်သည် ဆိုသည်ကို အရှင်ဘုရား သတိပြုခြင်း မရှိပါ'

ငါ။ ။ငါ သတိပြုသည်။ သို့ဖြစ်၍သာ သံဃာ့အဖွဲ့အစည်းကို အုပ်ချုပ်မှု တာဝန်ကို သင့်အား လွှဲအပ်မပေးခြင်း ဖြစ်သည်။သင်၏ အဓိက အလုပ်မှာ ရဟန်းတစ်ဦးဦး ငါ၏ ယုံကြည်စိတ်ချရသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်မသွားစေရန်နှင့် ရဟန်းပုဂ္ဂိုလ် တစ်ဦးဦး၏ အရည်အချင်းနှင့် သဒ္ဓါတရားကို ငါ မသိစေရန် ဖြစ်လေသည်။သံဃာ၏အကျိုး လိုလားသူ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မျိုးနှင့် သင်သည် ရဟန်းတိုင်းလိုလို၏ အတင်းကို ငါ့အား ပြောပြသည်။ တစ်ဖက်၌မူ သင်သည် ရဟန်းများအား ငါ့ကို အကြည်ညို ပျက်သွားအောင် လှုံ့ဆော်ဖန်တီး ပေးနေသည်။သို့ဖြစ်၍ သဒ္ဓါတရား ထက်သန်စွာဖြင့် ရဟန်းသံဃာ့ အဖွဲ့အစည်းထဲ ဝင်ရောက်လာကြသည့် ပုဂ္ဂိုလ်ပေါင်း များစွာသည် သင်၏ ကတုန်းကတိုက် လုပ်မှုကြောင့် သဒ္ဓါတရား ပျက်သွားပြီး လူ့ဘောင်သို့ ပြန်သွားကြသည်။ငါ ထင်ရှား ရှိနေပါလျက်နှင့်၊သင်၏ လက်ထဲတွင် ဩဇာအာဏာ တစ်စုံတစ်ရာ မရှိသေးပါလျက်နှင့် သင်သည် ယခုကဲ့သို့ သံဃာ့အဖွဲ့အစည်း ထိခိုက်နစ်နာအောင် ပြုလုပ်သည်။ ဘုရင်ပေါင်း များစွာကို သဒ္ဓါတရား မဲ့သွားအောင် ပြုလုပ်သည်။သင့်လက်ထဲ သံဃာ့အဖွဲ့အစည်းကြီး ဝကွက်အပ်လိုက်လျှင်မူ သံဃာ့အဖွဲ့အစည်းကြီး ပျက်စီးဆုံးပါးသွားဖို့ရာသာ ရှိတော့သည်။သင်၏ အကောက်ဉာဏ် ဟူသမျှကို ငါ အားလုံး သိရှိထားသည်။သင်ကိုယ်တိုင် မသိသည့် သင့်ဉာဏ်နီဉာဏ်နက်ကိုတောင် ငါက သိနားလည်သည်။သင်က ငါ့ကို လှည့်စားလိုက်သည်ဟု သင် အထင်ရှိနေပေလိမ့်မည်။အမှန်စင်စစ်မှာမူ သင်သာလျှင် အလှည့်စားခံရသူ ဖြစ်သည်။ အကယ်၍ သင်သည် ဤကဲ့သို့သော အကောက်ဉာဏ်မျိုး မရှိလျှင်၊ တကယ် ရိုးသားမှုသာ ရှိလျှင် သံဃာ့အဖွဲ့အစည်းကြီးကို သင် အုပ်ချုပ်ရဖို့ များစွာ နီးစပ်မှု ရှိပေသည်။သို့သော်လည်း သင်၏ ဣဿာတရား၊ သင်၏ သစ္စာဖောက်မှု၊ သင်၏ နာမည်ကြီးလိုမှုနှင့် ကျော်စောလိုမှုတို့က သင့်ကို ဖျက်ဆီးပစ်လိုက်လေပြီ။ယခုဆိုလျှင် ရဟန်းဖြစ်ရန် အတွက်ပင်လျှင် သင်သည် စိတ်နှလုံး စင်ကြယ်သန့်ရှင်းဖို့ များစွာ လိုပေသေးသည်။

ဘုရားရှင်သည် ငါ၏ စိတ်အတွင်းထဲက အကြောင်းကိုပင် နိုက်နိုက်ချွတ်ချွတ် သိသည်ဟု သဘောပေါက်သွားသောအခါ ဒေဝဒတ်သည် စိတ်လည်း ပျက်၊ဒေါသလည်း ထွက်လျက် ငါ၏ရန်သူ အကြီးအကျယ် ဖြစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အဇာတသတ်နှင့် သွားပေါင်းလိုက်သည်။ ငါ့အား လုပ်ကြံရန် အမျိုးမျိုး ကြံခဲ့သည်။သို့သော်လည်း သူ၏ အကြံများမှာ တစ်ခုမျှ အထ မမြောက်ခဲ့ပေ။နောက်ဆုံး၌ သူသည် ပုန်းကွယ်ပြီးလျှင် ငါ့အပေါ် ချိန်၍ တောင်ပေါ်မှ ကျောက်တုံးကို လိမ့်ချလိုက်လေသည်။ထိုကျောက်တုံး၏ ထိမှန်ခြင်းကို မခံရသော်လည်း ထိုကျောက်တုံးက တခြား ကျောက်တုံးတစ်ခုကို သွားထိပြီး ပဲ့ထွက်သွားသည့် ကျောက်ပြားအစ လာမှန်သဖြင့် ခြေထောက်တွင် သွေးခြည် ဥသွားလေသည်။နာမည်ကြီးလိုသည့် စိတ်ဆန္ဒကြောင့် လူသည် မည်မျှလောက် ယုတ်ညံ့သေးသိမ် သွားနိုင်သည် ဆိုသည့် အချက်ကို ဒေဝဒတ်က သက်သေခံနေပေသည်။ထိုနောက် ဒေဝဒတ် ကြံသည့် အကြံမှာ သာပြီး အံ့သြစရာ ကောင်းပေသည်။ထိုနေ့က စည်းဝေးသဘင် ပြုလုပ်နေစဉ်တွင် သူ ရောက်လာပြီး အားလုံး၏ ရှေ့မှောက်တွင် ငါ့အား ပြောလေသည်။

'အရှင်ဘုရား၊ ရဟန်းများသည် မည်သူ၏ ပင့်ဖိတ်ခြင်းကိုမျှ လက်မခံရ။ ရဟန်း အားလုံး တောတွင်း၌ နေထိုင်ရမည်။ အစုတ်အပြဲကိုသာလျှင် ဝတ်ရမည် ဆိုသည့် သိက္ခာပုဒ်များကို ပညတ်တော်မူပါ။ယင်းသို့ ပညတ်လိုက်ခြင်းအားဖြင့် ရဟန်းများသည် ရာဂ ကင်းကွာပြီး အကျင့်စာရိတ္တ ဖြူစင် သန့်ရှင်း လာပေလိမ့်မည်'

ဒေဝဒတ်သည် မာန်မာန လွှမ်းမိုးနေသည်ဖြစ်၍ သံဃာ့အဖွဲ့အစည်း၏ ဖြူစင်သန့်ရှင်းမှုနှင့် ပတ်သက်၍ ငါ့ထက်ပင် စိတ်စောနေသည်၊ ငါ့ထက်ပင် နားလည်မှုရှိသည် ဆိုသည့် အချက်ကို ပြချင်နေပေသည်။ မာရ် (နတ်) ယုတ်သည် လူတို့အား ဤနည်းအားဖြင့် ဖမ်းစားလေသည်။ ဒေဝဒတ်သည် မာရ်(နတ်)ယုတ်၏ စက်ကွင်း၌ မိနေသည်။စိတ်နှလုံး ချုပ်တည်းခြင်း ကင်းမဲ့မှုကို တောနှင့် အဝတ်စုတ် အဝတ်ပြဲတို့က မတားမြစ်နိုင် ဟူသည့် အချက်ကို ဒေဝဒတ် အမိုက်သည် မသိရှိ နားမလည်ပေ။

တောအတွင်း၌ နေထိုင်သော ရဟန်းများသည်လည်း လူ့လောက



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေနိုင်ပေသည်။ပင့်ဖိတ်မှုကို လက်မခံခြင်း အားဖြင့်လည်း လူများသာလျှင် စိတ်မကောင်း ဖြစ်နေကြဖို့ ရှိလေသည်။ သို့ရာတွင် ယင်းအချက်များကို ဒေဝဒတ်သည် ဘာ ဂရုစိုက်မည်နည်း။ သူ့အဖို့တွင်မူ တကယ် တရားရှိသည့်ဟန်၊ ဆရာသခင် တစ်ဦးအဖြစ်နှင့် ထိုက်တန်သည့် ဟန်ကိုသာလျှင် ပြဖို့ရာ ရှိနေသည်။ယင်းသို့မှ မဟုတ်လျှင် လည်း သံဃာ့အဖွဲ့အစည်းတစ်ခု ခွဲထောင်လျက် ဓမ္မတစ်ခုကို ပြုစုပျိုးထောင် သူ ဦးစီးခေါင်းဆောင်တစ်ဦးအဖြစ် ကြေညာရန် ရှိနေသည်။ သို့ဖြစ်၍ သူသည် ဝိဝါဒ ကွဲပြားမှု အကြောင်းပြချက်ကို ရှာဖွေခြင်း ဖြစ်လေသည်။

သူသည် သူပိုင် သံဃာ့အဖွဲ့အစည်းတစ်ခုကို တည်ထောင်ဖို့ရန် စီစဉ်နေသည်။ငါ ရှာဖွေထားသည့် ဥစ္စာနေကို လုယူ၍ ခနရှင်လုပ်ဖို့ ဟန် ပြင်နေသည်။ကိုယ့်ကိုယ်ကို ဓမ္မတစ်ခုကို ပြုစုပျိုးထောင်သူ ခေါင်းဆောင် အဖြစ် ကြေညာဖို့ ရှိနေသည်။သို့ရာတွင် ယင်းကဲ့သို့သော ဉာဏ်နီဉာဏ်နက် များဖြင့် တစ်စုံတစ်ဦးသည် ဓမ္မတစ်ခု၏ ဦးစီး ဦးဆောင် ဖြစ်နိုင်ပါမည် လော။ လူအပေါင်းကို မလိမ့်တပတ်လုပ်၍ လေးငါးရက်တာမျှမှ ဓမ္မ၏ ဦးစီးဦးဆောင် အခေါ်ခံချင် ခံရပေလိမ့်မည်။ သို့ရာတွင် နောက်ဆုံးပိတ်၌မူ အလိမ် ပေါ်ရမည်သာ ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်သည် လူအပေါင်းတို့၏ တံတွေးခွက်ထဲ၌ ပက်လက်မျောလျက် သာမန် ရဟန်း အဖြစ်မျှပင် ဟုတ် တော့မည် မဟုတ်ပေ။

ဒေဝဒတ်သည် ယင်းကဲ့သို့ပင် ကျဆုံးမှုကို ပြုလုပ်နေသည်။ ဝိဝါဒ ကွဲပြားမှု၊တရားဓမ္မကို လေးစားမှု ဟူသည့် အကာအကွယ်ဖြင့် သူသည် ငါးရာမျှလောက်သော ရဟန်းများကို စည်းရုံးနိုင်ခဲ့ပေသည်။သို့ရာတွင် နောက်ဆုံးပိတ်၌မူ အားလုံးပင် သူ့ထံမှ ခွဲခွာသွားကြသည်။ သူ တစ်ဦးတည်း သာလျှင် ကျန်ရှိခဲ့လေသည်။မာရ်(နတ်)ယုတ်က ဒေဝဒတ်အား သားကောင် အဖြစ် ဖန်တီးလိုက်ခြင်းမှာ ဝမ်းနည်းစရာ ကောင်းလှပေသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လူသည် ရိုးသားမှုကို စွန့်ပစ်ပြီးလျှင် ကိုယ်ကျိုးကြည့်လျက် ကမ္ဘာလောကအား လှည့်စားမည်ကြံလျှင် မိမိကိုယ်တိုင် တစ်နည်းတစ်ဖုံ အလှည့်စား ခံရတတ်ကြောင်းကို ဒေဝဒတ်က နမူနာ ပြနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## သဗ္ဗေ သင်္ခါရာ အနိစ္စာ

သာရိပုတ္တရာနှင့် မောဂ္ဂလန်တို့ ကွယ်လွန်ပြီးသည်နှင့် တစ်ပြိုင်နက် ရဟန်းသံဃာ့အဖွဲ့အစည်းကြီးသည် ဆိတ်သုဉ်းသွားသည်ဟု အောက်မေ့ရသည်။ငါ၏ ကိုယ်ကာယသည်လည်း ယခုအခါတွင် ပျက်စီးယိုယွင်းဖို့ ရှေးရှုနေပြီ။ ယနေ့ နက်ဖြန်ပင် ငါလည်း ခွဲခွာသွားရတော့မည်။

အာနန္ဒာကို ခေါ်ပြီးလျှင် ငါသည် ရဟန်းအားလုံး၏ ရှေ့မှောက်၌ ပြောပြသည်။

'ငါ ကွယ်လွန်သွားသည့်အခါ၌ ငါ၏ ဓမ္မနှင့် ဝိနယက သင်တို့ကို ဆရာအရှင် အလုပ် လုပ်လိမ့်မည်။ဓမ္မ ကျမ်းဂန်များသည်သာလျှင် သင်တို့၏ ဆရာအရှင် အဖြစ်နှင့် ရှိနေပေလိမ့်မည်'

ဤသို့လည်း ပြောပြလိုက်သည်။

'လိုအပ်သည့်အခါ၌ အသေးအဖွဲ ဝိနည်း သိက္ခာပုဒ်ကလေး များစွာကို စွန့်ပယ်ထားနိုင်သည်။ဝိနည်း သိက္ခာပုဒ်ဟူသည်မှာ ဒေသ ကာလ အားလျော်စွာ ပညတ်ခြင်း ဖြစ်သည်။ သာမန် အပေါယံ အပယိက ဖြစ်သည့် သိက္ခာပုဒ်များကို လူလူချင်း စိတ်ဝမ်းကွဲပြားလောက်အောင်၊ သံဃာ့အဖွဲ့အစည်းကြီး ပြိုကွဲပျက်စီးသွားလောက်အောင် အလေးအနက် မပြုသင့်ပေ

သံဃာ့အဖွဲ့အစည်းကြီးကို တည်ထောင်ဖွဲ့စည်းခြင်းအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ငါသည် အကောင်းကို ပြုလုပ်သလော၊ သို့မဟုတ် အဆိုးကို ပြုလုပ်သလော ဟူသည်ကို စဉ်းစားလိုက်သည့်အခါ၌ နှစ်ဖက်စလုံးတွင် ပြောစရာ အချက်အလက်များ ရှိနေသည်ကို တွေ့ရသည်။သို့ရာတွင် ထင်ရှားပြတ်သားစွာ သိရသည့် အချက်မှာ အကယ်၍ သံဃာ့အဖွဲ့အစည်းကြီးသော မတည်ထောင်မဖွဲ့စည်း ဖြစ်ခဲ့လျှင် ဆုံးရှုံးနစ်နာမှု ပိုပြီး ဖြစ်လိမ့်မည်။ငါ၏ အဆုံးအမတရားဥပဒေသ များဖြင့် ထာဝရ အကျိုးရှိမှုကို ပြုလုပ်ကြသူ အလွန်တရာမှ နည်းပါးပေလိမ့်မည်။လိုအပ်သည့် လူမှုရေးနှင့် တရားဓမ္မရေး တော်လှန်မှုမှာ ဖြစ်ပေါ် လာလိမ့်မည် မဟုတ်ပေ။ကျယ်ပြန့်သော အသွင်ကို ဆောင်ဖို့ရန် အတွက် လူမှုရေးနှင့် တရားဓမ္မရေး တော်လှန်မှု မျိုးစေ့ စိုက်ပျိုးမိမည် မဟုတ်ပေ။ ယနေ့အဖို့တွင်မူ တော်လှန်ပြောင်းလဲသော အယူအဆ တစ်ခုသည် ရာစု နှစ်ပေါင်းများစွာအထိ အလုပ်လုပ်ရန် ရပ်တည် မိသွားလေပြီ။

ယင်း အယူအဆ၌ အခါကာလ အားလျော်စွာ ဖောက်ပြန်ပြောင်းလဲမှုများ ပေါ်လာမည်မှာ မလွဲပေ။သို့ရာတွင် ယင်းသို့ ဖြစ်သည့်တိုင်အောင် ယင်း အယူအဆအားဖြင့် ကုဋေကုဋာသော လူတို့သည် အကျိုးရှိပေဦးလိမ့်မည်။အပြီးသတ်၌မူကား အားလုံးမှာ ပျက်စီးယိုယွင်း ရမည်သာ ဖြစ်သည်။ ဤလူ့ဘဝသည် အမြဲ တည်ရှိမနေဘဲ ပျက်စီးယိုယွင်း သွားသကဲ့သို့ ထိုနည်းအတူ သံဃာ့သည် လည်းကောင်း၊ဓမ္မသည် လည်းကောင်း ပျက်စီးယိုယွင်း သွားရမည်သာ ဖြစ်သည်။လူ့လောက လူ့အဖွဲ့အစည်းလည်း ပျက်စီးယိုယွင်း သွားမည်သာ ဖြစ်သည်။အားလုံး ပျက်စီးရမှာဖြစ်လျှင် ပျက်စီးမှုအတွက် ဘာ ကြောင့်ကြ ပူပန် နေစရာ လိုသနည်း။

အကယ်၍ ငါ သံဃာ့အဖွဲ့အစည်းကြီး တည်ထောင်ဖွဲ့စည်းသည့် အလုပ်ကို မလုပ်ခဲ့လျှင် ငါ၏ ဘဝသည် ယခုထက် ပို၍ အေးငြိမ်းမှု ရှိမည်မှာ အမှန်မုချ ဖြစ်သည်။သို့ရာတွင် ယင်းသို့ ဖြစ်ခြင်းကြောင့် ဘာ ကောင်းမှု ရှိမည်နည်း။သေးငယ်သော ကိုယ်ကျိုး ကိုယ့်အတွက်တာအတွက် လူ့လောက

www.burmeseclassic.com



၏ ကြီးကျယ်သော ကောင်းကျိုးကို ဥပေက္ခာပြုခြင်းသည် လူသားတို့၏ အလုပ် မဟုတ်ပေ။

ယနေ့ ငါသည် ကျေနပ်အားရခြင်းဖြင့် ခွဲခွာသွားတော့မည်။ ခွဲခွာသွားရမည်မှာ မည်သည့် အခြေအနေ၌ မဆို မလွဲမရှောင်သာသောအရာ ဖြစ်လေသည်။ သို့ရာတွင် တစ်စုံတစ်ရာကို ပြုလုပ်ပြီး ခွဲခွာသွားမည်။ ကမ္ဘာလောကအား အပေါ်သို့ မြှင့်တင်ပြီး ခွဲခွာသွားမည်။ ကမ္ဘာလောကအား အပေါ်သို့ တက်ရန်နှင့် ချမ်းသာသုခနှင့် ပြည့်စုံရန်အတွက် အရာဝတ္ထုများကို ပေးပြီးလျှင် ခွဲခွာသွားမည်။ယင်းထက်ပို၍ ဤဘဝ၏ ဤသေးသိမ်သော ကိုယ်ကာယ၏ အသုံးကျမှု ဖြစ်နိုင်ပါဦးမည်လော။ ။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓကျမ်းစာများကို
ကမ္ဘာအနှံ့ ပြန့်ပွားအောင်
မိမိ တိုင်းရင်းဘာသာစကားသို့ လည်းကောင်း၊တိုင်းခြား ဘာသာစကားသို့ လည်းကောင်း၊
ပြန်ဆို ကြိုးပမ်း အားထုတ်ခဲ့ကြသည့်

■ပါဠိကျမ်းဂန်ကို ပထမဆုံးပြန်ဆိုသူ ဂျော့တန်းနား(အင်္ဂလိပ်)
■'အာရှအလင်းရောင်'ကဗျာဆရာ ဆာ အက်ဒွင် အာနိုး(အင်္ဂလိပ်)
■ဗိုလ်မှူးကြီး အိုလ်ကော့(အမေရိကန်)
■ခရီးသည် ဗုဒ္ဓစာပေပညာရှင် အိဗန် ပါဗလော့ဗစ် မိနာယေ့ဗ်(ရုရှား)
■ပညာရှင် ဇနီးမောင်နှံ [သောမတ် ဝီလျံ ရစ်ဒေးဗစ်နှင့် မစ္စစ် ရစ်ဒေးဗစ်](အင်္ဂလိပ်)
■နှင်းတိုင်းပြည်နှင့် ပြင်သစ်အမျိုးသမီး အလက်ဇန္ဒရား ဒေးဗစ်နီး
■အံနာဂါရိက ဓမ္မပါလ(သီရိလင်္ကာ)
■ဂျာမန် ဗုဒ္ဓဘာသာခေါင်းဆောင် ဒေါက်တာပေါလ်ဒါလ်ကေး
■ရုရှားပညာရှင် ရှဲရ်ဗတ်စကီး
■အနာဂါရိက ဓမ္မပါလ၏လက်ရုံး အက်စ်-မူကာဂျီ(အိန္ဒိယ)
■ဂျပန်ပညာရှင် ဆူဇူကီး
■စိတ်ပုတီးနှင့် အင်္ဂလိပ်ဆရာဝန် ဒေါက်တာ အီး၊အာရ်၊ရော့စ်
■ဗောဓာနန္ဒ မဟာထေရ်(အိန္ဒိယ)
■ဂျာမန်ရဟန်းတော် ဘိက္ခုဉာဏ တိလောက
■ဒေဝ ပရိယ ဗလိဆိန်ဟ(သီရိလင်္ကာ)
■စုတ်တံ၊စိပ်ပုတီးနှင့် ရုရှားဆရာဝန် ဒေါက်တာ နီကိုလပ် ရိုရစ်
■ကဗျာနှင့် ဒဿနပညာရှင် ဂျစ်ဒူ ကရိရှန မူရတီ(အိန္ဒိယ)
■မြန်မာပညာရှင်ကြီး ဦးရွှေဇံအောင်
■ရော့ဘတ် အင်ဂါဆောလ်(အမေရိကန်)
■ဂျာမန်ဖွား၊အမေရိကန်နိုင်ငံသား ဒဿနပညာရှင် ပေါလ်ကာရု
■ဂျာမန်လူမျိုး၊ဗြိတိသျှနိုင်ငံသား ပညာရှင် မက်မူလာ.....စသည့်

နိုင်ငံတကာ စာပေပညာရှင်များ၏ ဘဝတျွှတ်။

# ပဏ္ဍိတ ကထာ

[ကမ္ဘာ့ ဗုဒ္ဓစာပေ ပညာရှင်များအကြောင်း တစေ့တစောင်း]
(ပါရဂူ ပြုစုသည်။)

www.burmeseclassic.com

www.burmeseclassic.com

**စိတ်ထား ဖြူစင်သန့်ရှင်းလျှင်**

**ကောင်းမှု၊ မကောင်းမှုကို ကွဲကွဲပြားပြား ခွဲခြားနိုင်၏၊**

**ကောင်းမှုကို ပွားများလုပ်ကိုင်ခြင်း၊**

**မကောင်းမှုမှ ရှောင်ရှားခြင်းတို့သည်**

**ဖြူစင်သန့်ရှင်းသော စိတ်၏ အကျိုးဆက် ရလဒ်များပင် ဖြစ်သည်။**

လူသားတို့၏ စိတ်ထား ပို၍ရင့်ကျက်မှု၊ သိမ်မွေ့မှု၊

ဖြူစင်စေမှု၊ မြင့်မြတ်ကောင်းမွန်စေမှုအတွက် ထွန်းအားတစ်ခု ဖြစ်စေရန်

လူ့ဘဝ အတွေ့အကြုံ အဖြစ်အပျက်များနှင့်

ထင်ဟပ် ရေးသားထားသည့်

စိတ်ပညာ ပါမောက္ခတစ်ဦး၏

# ဗုဒ္ဓနည်းကျ စိတ်ထားလေ့ကျင့်ပျိုးထောင်မှု

## ( ဒေါက်တာသိန်းလွင် )

ယနေ့ကား 'အင်တာနက်ခေတ်' ဖြစ်၏။

ကုန်လွန်ခဲ့ပြီးသော ရာစုနှစ် တစ်ခုထက် မနေ့တစ်နေ့က ကျော်ဖြတ်ခဲ့သည့်

ဆယ်စုနှစ် တစ်ခုက ပိုမိုလျင်မြန်သော အဟုန်ဖြင့် ပြောင်းလဲနေ၏။

**ဤသို့သော အခြေအနေတွင် ကလီရှေးနည်းများသည် အလုပ်မဖြစ်တော့။**

**ယနေ့အမေရိက၏ အောင်မြင်ရေး အတိုင်ပင်ခံပညာရှင်၊ ကုမ္ပဏီရှစ်ခု၏ဥက္ကဋ္ဌ**

M.R.Copmeyer ၏ 'ကျိန်းသေပေါက် အောင်မြင်နည်း' စာစဉ်များ ဖြစ်သည့်

၁။ အမြန်ဆုံး သူဌေးဖြစ်နည်း(How You Can Get Richer.....Quicker! )

၂။ အောင်မြင်ရေး အတွေးအမြင်ကြွယ်ဝချမ်းသာမှု ကျင့်စဉ်(Here's Help! )

၃။ လိုချင်တာကို ရအောင်လုပ်နည်း(How to Get Whatever You Want )

၄။ တည်ဆောက်ရမည့် အတွေးများ(Thoughts To Build On).... တို့ကို

**'ရာပြည့်စာအုပ်တိုက်' ၏ စုအထိုင်း သောသစ်ကျွန်းမှာ ပုံနှိပ်ပြီး စဉ်ဆက်မပြတ် ထုတ်ဝေပါတော့မည်။**

www.burmeseclassic.com

www.burmeseclassic.com

လူငယ်ဟူသည်.....

တက်ကြွ လှုပ်ရှား၏၊ ရုန်းကန် ထိုးဖောက်၏။

တီထွင် ကြံဆ၏၊ ရိုးသား ပွင့်လင်း၏။ စူးစူးနစ်နစ် လုံ့လပြု၏။

ဖန်တရာတေ ခေါက်ရိုးကျိုး လမ်းဟောင်းကို စွန့်၏။

အသစ်ကို တရှိက်မက်မက် ပွေ့ဖက်ရင်ခုန်၏။

ဤသို့ဖြင့်

အခါရောင်သိုင်းများ၊ ချွန်းမြဖြတောက်ပ ညည်ဝေမွှက်ထ စနစသော

စီးပွားရေးနယ်ပယ် အသီးသီးတွင်

ကိုယ်ထူကိုယ်ချွန် စွန့်ဦးတီထွင် အောင်မြင်သွားကြသည့်

မြန်မာလူငယ်များ၏ ဘဝဖြတ်သန်းမှု ရုပ်ပုံလွှာများ

အပြင်

-သူတို့၏ စီးပွားရေး အတွေးအခေါ်

-သူတို့၏ စီမံခန့်ခွဲမှု နည်းဗျူဟာ

-သူတို့၏ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်

-သူတို့၏ ဆုံးဖြတ်ချက်

-သူတို့၏ ဘဝဒဿန

-သူတို့၏ စီးပွားရေး ရင်ခုန်မှု သံစဉ်များကို

နှလုံးသားခံစားမှုနှင့် တွေ့ဆုံချယ်မှုန်းထားသည့်

**အုပ်စိုးခိုင်**

၏

# စီးပွားရေး မှော်အောင်သွားသူ စွန့်ဦးတီထွင် မြန်မာလူငယ်များ

[ ရန်ကုန်၊ မန္တလေး၊ ဝမ်းတွင်း၊ ကျိုက်မရော၊ ပြည်၊ အမရပူရ၊ မေမြို့ ...စသည့်

မြန်မာပြည်တလွှားမှ မျိုးဆက်သစ် မြန်မာလူငယ်တို့၏

ရုန်းကန် ထိုးဖောက်၊ လှုပ်ရှား ရှင်သန်၊ အောင်ပွဲခံ၊ ရင်ခုန်မှု သံစဉ်များ။ ]

ဓာတ်ပုံပေါင်းများစွာဖြင့် ရှုပြည့်မှုအတိုင်း ထင်သန်စမ်းစမ်း စီစဉ်ထားပြီ။

www.burmeseclassic.com

www.burmeseclassic.com

## ရာပြည့်စာအုပ်တိုက် မှ
## ထုတ်ဝေပြီးသော စာအုပ်များ

| စဉ် | အမည် | စာအုပ်အမည် | တန်ဖိုး |
|---|---|---|---|
| ၁။ | မောင်ပေါ်ထွန်း | ကမ္ဘာ့ အအောင်မြင်ဆုံး စီးပွားရေးသူရဲကောင်းများ (၁) | ၁၃၅ ကျပ် |
| ၂။ | ဒေါက်တာမတင်ဝင်း | မှတ်သားမိသော စကားများ | ၅၀ ။ |
| ၃။ | ဒေါက်တာကျော်စိန် | သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ | ၆၅ ။ |
| ၄။ | မောင်ပေါ်ထွန်း | ကမ္ဘာ့ အအောင်မြင်ဆုံး စီးပွားရေးသူရဲကောင်းများ(၂) | ၁၃၅ ။ |
| ၅။ | သက်လုံ | တောက်နှင့်အညီ နေထိုင်ရေး | ၅၀ ။ |
| ၆။ | မောင်ပေါ်ထွန်း | ဟားဗတ် စီးပွားရေးတက္ကသိုလ်မှာ မသင်ခဲ့ရသမျှ | ၆၀ ။ |
| ၇။ | ထက်အောင် | ကမ္ဘာ့ရှခင်း | ၁၂၀ ။ |
| ၈။ | ဖေမြင့် | ဘဝ၊ဒဿန၊ရသစာများ | ၈၀ ။ |
| ၉။ | ပါရဂူ | သိဒ္ဓတ္ထ | ၈၀ ။ |
| ၁၀။ | ဦးသန်းဆွေ | အောင်မြင်သော ထုတ်ကုန်လုပ်ငန်းရှင်ဖြစ်လိုသော် | ၁၀၀ ။ |
| ၁၁။ | မောင်သာနိုး | ခိုးစားတဲ့သစ်သီး | ၇၅ ။ |
| ၁၂။ | ဒေါက်တာကျော်စိန် | လူငယ်လမ်းညွှန် | ၆၀ ။ |
| ၁၃။ | ဒေါက်တာသိန်းလွင် | ဗုဒ္ဓလမ်းစဉ်နှင့် ဘဝအမြင် | ၆၀ ။ |
| ၁၄။ | သက်လုံ | ဘဝအောင်မြင်ရေး၊ ကျန်းမာပျော်ရွှင်မှုနှင့် စိတ်စွမ်းအင် | ၆၅ ။ |
| ၁၅။ | ဒဂုန် ဦးထွန်းမြင့် | ဗုဒ္ဓ၏ ဩဝါဒ အမြုတေ (၂) | ၈၀ ။ |
| ၁၆။ | မောင်ပေါ်ထွန်း | အဆင့်မြင့် အောင်မြင်သူတို့၏ အလေ့အထများ | ၇၀ ။ |

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၁၇။ မောင်ထင် | မိုပါဆွန်း ဝတ္ထုတိုများ | ၁၃၅ကျပ် |
| ၁၈။ ပါရဂူ | စိတ္တရလေခါ | ၁၀၀ ။ |
| ၁၉။ ဒေါက်တာမတင်ဝင်း | အလုပ်နဲ့ ဘဝကို တည်ဆောက်ခြင်း | ၇၀ ။ |
| ၂၀။ နတ်နွယ် | ကမ္ဘာ့ဝတ္ထု အညွှန်း | ၁၂၅ ။ |
| ၂၁။ မောင်ပေါ်ထွန်း | ရန်ကုန်သား ကျားဘမ်းသူဌေးကြီး၏ စီးပွားရေး စွန့်စားခန်းများ | ၁၅၀ ။ |
| ၂၂။ မြဝင်း(ဒဿန) | ကျေးဇူးရှင် ဆရာတော်ကြီးများ၏ အရွယ်နှင့်စပ်လျဉ်းသော အမြင်များ | ၅၀ ။ |
| ၂၃။ ပါရဂူ | နိဗ္ဗာန် | ၈၀ ။ |
| ၂၄။ ဒေါက်တာမတင်ဝင်း | လွတ်လပ်ပေါ့ပါးသော စိတ်ထား ရှိပါစေ | ၁၅၀ ။ |
| ၂၅။ ခင်နှင်းယု | လက်ရွေးစင် ဝတ္ထုတိုများ(၁၉၅၂-၁၉၉၆) | ၁၀၀ ။ |
| ၂၆။ ရွှေဥဒေါင်း | ပထမ ဆရာသိန်း | ၁၀၀ ။ |
| ၂၇။ ပါရဂူ | ဗုဒ္ဓ ဂုဏ ဝန္ဒနာ | ၅၀ ။ |
| ၂၈။ မောင်ပေါ်ထွန်း | အမြန်ဆုံးသူဌေးဖြစ်နည်း(၁) | ၇၅ ။ |
| ၂၉။ ဒဂုန် ဦးထွန်းမြင့် | ဓာတ်ကြီး ဆယ်ဘွဲ့ | ၁၇၅ ။ |

## ရာပြည့်စာအုပ်တိုက်မှ ဖြန့်ချိသော စာအုပ်များ

| | | |
|---|---|---|
| ၁။ အထက်တန်းပြ မြန်မာစာဆရာများ | အသုံးချ မြန်မာစာစီစာကုံးများ | ၅၀ ။ |
| ၂။ ဦးသန်းထွတ် (ပညာရေးတက္ကသိုလ်)နှင့် မောင်ခင်မင်(ဓနုဖြူ) | နှင်းဆီဝတ်မှုန် [စာစီစာကုံး သဘောတရားနှင့် လက်တွေ့ အရေးအသား] | ၅၀ ။ |
| ၃။ မြန်မာစာဆရာများ | ပညာ့ရိပ်မွန် စကားပုံ စာစီစာကုံးများ | ၅၀ ။ |
| ၄။ U Myint Swe [ MA. (London)] | English For Practice | ၂၀၀ ။ |

[ရာပြည့်စာအုပ်တိုက်မှ ထုတ်ဝေ ဖြန့်ချိသောစာအုပ်များကို အလိုရှိ၍ စာရေးမှာယူပါက အမျိုးအစား တစ်မျိုးကို (၃)အုပ်နှင့် ၎င်းအထက် ၁၀ရာနိုင်နှုန်း လျှော့၍ လည်းကောင်း၊ (၁)အုပ်မှ (၂)အုပ်ထိ မူရင်းတန်ဖိုးဖြင့် လည်းကောင်း V.P.P. ဖြင့် စရိတ်ငြိမ်း ပို့ပေးပါမည်။]

www.burmeseclassic.com

www.burmeseclassic.com

"အရောင်းသမားဟာ စီးပွားရေးလုပ်ငန်းမှာ မရှိမဖြစ်
အရေးပါတဲ့အကျိုးဆောင် ဖြစ်တယ်"

[ကမ္ဘာကျော် စတိုးဆိုင်ပေါင်းစုံ လုပ်ငန်းရှင်ကြီး ဖျန့်ဝါနမေကား]

နိုင်ငံများ၊ကုမ္ပဏီများ၊ကုန်တိုက်ကြီး၊ဟိုတယ်ကြီးများမှသည်
လမ်းဘေး ခေါင်းရွက်ဗျက်ထိုး ဈေးသည်အထိ
ရောင်းနေကြသည်။ ဝယ်နေကြသည်။

ကမ္ဘာကြီးသည် ရောင်းဝယ်ဖောက်ကားမှုဖြင့် အမြဲ ရှုပ်ရှက်ခတ်နေသည်။
အရောင်းသမားလက်ထဲ ကမ္ဘာကြီးကို ထိုးထည့်ထားရသည်။

ဂျာသိုဆိုလှိုင်

ကမ္ဘာ့စီးပွားရေးပညာရှင်၊ အရောင်းပါရဂူနှင့် ကမ္ဘာကျော်ကုမ္ပဏီဥက္ကဋ္ဌကြီးများ ပြုစုသော.....

၁။အောင်မြင်သော ဈေးဆိုင်တစ်ဆိုင် ထူထောင်နည်း
[How to Make a Small Shop Pay by Herbert N.Casson]

၂။ အိမ်တိုင်ရာရောက် ဈေးရောင်းနည်း(၂၀)
[Twenty Tips On Direct Selling by Herbert N.Casson]

၃။ စိတ်ချမ်းသာစွာ ဈေးရောင်းနည်း
[Selling Goods Happily by J. Daresbury Hatton]

၄။ သေချာပေါက် အရောင်းစွံနည်းများ
[The Sure Way to Successful Selling by Robert Ottaway] ...... တို့ကို စုစည်းပြန်ဆိုထားသော

# အမြတ်ရအောင် ဈေးရောင်းနည်း

## (ဇင်သန့်)

[သာမန်အရောင်းသမားဘဝမှ 'စံပြအရောင်းသမားကောင်း'ဖြစ်လာရေး
'လမ်းညွှန်လက်စွဲကောင်း'စာအုပ်၊ အရောင်းအဝယ်နှင့်
ဆက်စပ် ပတ်သက်သူတိုင်း မဖတ် မဖြစ်၊မရှိ မဖြစ်၊မဝယ် မဖြစ် စာအုပ်။
(၁၊ဒီဇင်ဘာ၊၁၉၉၆)တွင် ထွက်ပါမည်။]